ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဩဂုတ်လ ၁၆ ရက် တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် နတ်တော်လပြည့်ကျော် ၁၃ ရက်၊ စနေနေ့။ Saturday, 16 December 2017 ၉၁၄၀

လောကဓမ္မတာစံကြရာ

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၆)

နိုင်ငံတော်သမ္မတ ဦးထင်ကျော် အိုဆာကာတက္ကသိုလ်မှ ပါမောက္ခများ၊ မြန်မာစာဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ

ကျိုတို ဒီဇင်ဘာ ၁၅

ဂျပန်နိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် ကျည်ဆန်ရထားဖြင့် အိုဆာကာမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား တာဝန်ရှိသူများက အိုဆာကာဘူတာတွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့မှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် မော်တော်ယာဉ်များဖြင့် အိုဆာကာ တက္ကသိုလ်သို့ရောက်ရှိပြီး Executive Vice President ပါမောက္ခ Tetsuo OGAWA နှင့် Center For International Education and Exchange at Osaka University မှ ဒါရိုက်တာ ပါမောက္ခ Tomono ARIKAWA တို့ဦးဆောင်သည့် တက္ကသိုလ်မှ တာဝန်ရှိသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အိုဆာကာတက္ကသိုလ်မှ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးတို့ အိုဆာကာ တက္ကသိုလ်မှ ပါမောက္ခများ၊ မြန်မာစာဌာနမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖင်လန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၅

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်သံအမတ်ကြီး H.E. Mrs. Riikka Laatu အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံ၍ **(ဝဲပုံ)** နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး ကိစ္စရပ်များကို ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

သတင်းစဉ်

ကြေးမုံ

မယိုင်မလဲ ခိုင်မြဲသော ထာဝရ မိတ်ဆွေ

လူတစ်ဦးတစ်ယောက် အကူအညီ လိုအပ်နေသောအချိန်တွင် လိုအပ်သည်တို့ကို ထောက်ပံ့ဖြည့်ဆည်းပေးသူတို့အား “ထာဝရ မိတ်ဆွေ”ဟု ဆိုချင်ပါသည်။ ထိုမိတ်ဆွေတို့၏ ဖြူစင်သော မေတ္တာစေတနာမှာ အရောင်ဆိုးထားခြင်းမရှိသဖြင့် ယခုတစ်မျိုး၊ တော်ကြာတစ်မျိုး မဟုတ်သော မပြောင်းလဲသည့် မယိုင်မလဲခိုင်မြဲသော ထာဝရ မိတ်ဆွေဟု ပြောရမည်ဖြစ်သည်။

လူတို့ဟုဆိုရာ၌ အများပြည်သူတို့ကို ဆိုလိုပါသည်။ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများတွင် လိုအပ်ချက်များစွာရှိသည်။ နိုင်ငံသားအားလုံး၏ လိုအပ်ချက်များကို လွှမ်းခြုံဖြည့်ဆည်းပေးနိုင်ရန်မှာ လွယ်ကူလှသော အလုပ်မဟုတ်ပေ။ အစိုးရတစ်ရပ်တည်းက ပြီးပြည့်စုံအောင် ဖြည့်ဆည်းပေးနိုင်ရန်မှာ မလွယ်ကူလှသဖြင့် ဖြူစင်သော မေတ္တာစေတနာရှင် ထာဝရ မိတ်ဆွေတို့၏ အကူအညီများကို ယူကြရသည်။

ပြည်သူများ၏ လိုအပ်ချက် အမျိုးမျိုးရှိသည့်အနက် ပြည်သူများအသက်ရှည်ကျန်းမာရေးမှာ မြန်မာနိုင်ငံအတွက် အထူးလိုအပ်သောကဏ္ဍဖြစ်သည်။ ပြည်သူများကျန်းမာရေးအတွက် နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးနေသော်လည်း တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် လွှမ်းခြုံမှုမဖြစ်နိုင်ချေ။ ထို့ကြောင့် နိုင်ငံတော်၏ ကျန်းမာရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာငွေကြေး အကူအညီအထောက်အပံ့ ရရှိနိုင်ရန် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းခြင်း၊ ရေရှည်တည်တံ့သည့် ကျန်းမာရေး ငွေကြေးထောက်ပံ့မှု မဟာဗျူဟာတစ်ရပ် ဖော်ဆောင်ခြင်းတို့အား ဆောင်ရွက်နေသည်ကိုတွေ့ရသည်။

ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ပြည်တွင်း၊ ပြည်ပတွင်ရှိသည့် စိတ်တူ ကိုယ်တူ မိတ်ဖက်အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက် ကူညီထောက်ပံ့ပေးခြင်းသည် မင်္ဂလာတရားနှင့်ညီပါသည်။ မပြောင်းမလဲ ခိုင်မြဲသည့်စိတ်ထားဖြင့် ကူညီထောက်ပံ့ပေးသူဖြစ်၍ ထာဝရမိတ်ဆွေဖြစ်ထိုက်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတ ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပသည့် Universal Health Coverage Forum အဆင့်မြင့်အစည်းအဝေးသို့ တက်ရောက်စဉ်တွင် အဆိုပါ ထာဝရမိတ်ဆွေများနှင့် ဆုံတွေ့ရသည်မှာ မြန်မာပြည်သူလူထုအတွက် ဝမ်းမြောက်ဖွယ်ဖြစ်သည်။

UHC သည် ကျန်းမာရေးဝန်ဆောင်မှု၏ အကြောင်းအရာနှင့် အရေးကြီးသည့် ဝန်ဆောင်မှုပေးအပ်ရေးကို သတ်မှတ်ခြင်း၊ အမျိုးသားကျန်းမာရေး ငွေကြေးထောက်ပံ့မှု မဟာဗျူဟာတစ်ရပ် ဖော်ဆောင်ခြင်းနှင့် အဆင့်မြင့်ဝန်ဆောင်မှုပေးနိုင်ရန် ကျန်းမာရေးစနစ်၏ လုပ်ငန်းဆောင်တာများကို မြှင့်တင်ခြင်းနယ်ပယ်များ သတ်မှတ်ထားသည်။ မြန်မာနိုင်ငံအနေဖြင့် UHC အခြေခံမူဝါဒများနှင့်အညီ ပြည်သူလူထုကို ထိရောက်စွာ အကျိုးပြုမည့် ကျန်းမာရေးစနစ်တစ်ခုအတွက် ခိုင်မာသည့်အခြေခံ အုတ်မြစ်များကို ချမှတ်ခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံသည် ပြည်သူလူထု၏ ကျန်းမာရေးကိုရှေးရှု၍ ၂၀၃၀ ပြည့်နှစ်တွင် UHC ရည်မှန်းချက်များ အောင်မြင်စေရန် သန္နိဋ္ဌာန်ချမှတ်ပြီးဖြစ်သည်။ ရေရှည်ရည်မှန်းချက်မှာ လူမျိုး၊ ဘာသာ၊ လူမှုစီးပွားအဆင့်အတန်း မခွဲခြားဘဲ မြန်မာနိုင်ငံသားတိုင်း ငွေကြေးအခက်အခဲမရှိ အဆင့်မြင့်ကျန်းမာရေးဝန်ဆောင်မှုကို လက်လှမ်းမီနိုင်ရေး ဆောင်ရွက်ပေးရန်ဖြစ်သည်။ ယင်းသို့ဆောင်ရွက်ပေးနိုင်ရန် UHC အဖွဲ့ဝင် ထာဝရ မိတ်ဆွေများ၏ ကူညီထောက်ပံ့ပေးမှုသည် ကျန်းမာသန်စွမ်းသည့် လူ့အဖွဲ့အစည်းတစ်ခုအဖြစ် ဖန်တီးပေးခြင်းဖြစ်သည်။

မြန်မာနိုင်ငံရှိ ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုကို ကူညီဖြည့်ဆည်းပေးမည့် ဂျပန်အစိုးရ၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၊ ကမ္ဘာ့ဘဏ်အဖွဲ့၊ WHO ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများနှင့် UHC ၂၀၃၀ အဖွဲ့ဝင်နိုင်ငံများအား မြန်မာနိုင်ငံအနေဖြင့် မယိုင်မလဲ ခိုင်မြဲသော ထာဝရ မိတ်ဆွေများအဖြစ် အသိအမှတ်ပြုရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ဘာသာမရွေး၊ လူမျိုးမရွေး၊ အဆင့်အတန်းမရွေး ပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေး အဆင့်မြင့်တင်ရေးကို ဖော်ဆောင်ပေးမည့် မဟာဗျူဟာ အစီအစဉ်များကို ကြိုဆိုရမည်ဖြစ်သလို လိုအပ်နေသော၊ အားနည်းနေသောကွက်လပ်တစ်ခုကို ဖြည့်ဆည်းကူညီပေးမည့် ထာဝရ မိတ်ဆွေများအား မြန်မာနိုင်ငံမှ ကျေးဇူးတင်ရှိနေမည်ဖြစ်ပါကြောင်း။ ။

စီမံကိန်း မိတ်ဆက်အခမ်းအနားနှင့် အမျိုးသားအဆင့် ငလျင်အန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး စီမံချက်ရေးဆွဲရေးဆိုင်ရာ ကနဦး ညှိနှိုင်း ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၅

ငလျင်ဘေးအန္တရာယ် ရင်ဆိုင်တုံ့ပြန်နိုင်စွမ်း တည်ဆောက်ရေးစီမံကိန်း မိတ်ဆက် အခမ်းအနားနှင့် အမျိုးသားအဆင့် ငလျင်အန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး စီမံချက်ရေးဆွဲရေးဆိုင်ရာ ကနဦးညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီးက မျက်မှောက်ကာလတွင် ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများအား တစ်နေ့ထက်တစ်နေ့ ပိုမိုခံစားနေကြရသည်ကို အားလုံးသိပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ ၂၀၁၅၊ ၂၀၁၆ ခုနှစ်များတွင် သဘာဝဘေးအမျိုးမျိုးကို ခံစားခဲ့ရပြီး ထိခိုက်ဆုံးရှုံးမှုလည်းများခဲ့ကြောင်း၊ သဘာဝဘေးအန္တရာယ်များ၏ ခြိမ်းခြောက်မှုများ ရှိသကဲ့သို့ ပထဝီအနေအထားကြောင့် ဖြစ်ပေါ်လာသည့် မြေငလျင်အန္တရာယ်နှင့် ဆူနာမီ ဘေးအန္တရာယ်များကိုလည်း မေ့ထား၍မရကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့မြေငလျင်ကြောကြီးထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် အယ်လ်ပိုင်း ငလျင်ကြောကြီးပေါ်တွင် တည်ရှိနေပြီး မြန်မာနိုင်ငံ မြောက်ဖျားဒေသမှ တောင်ပိုင်း(မုတ္တမကွေ့)အထိ ရှည်လျားသောကြောင့် ထိုလမ်းကြောင်း တစ်လျှောက်ရှိ ဒေသအများစုသည် ငလျင်ကြောများ၊ ပြတ်ရွေ့ကြောများ အတွင်း ကျရောက်နေသည်။ ပညာရှင်များ၊ ဘူမိဆိုင်ရာပညာရှင်များ၏ လေ့လာဖော်ထုတ်မှုများအရ ထိုငလျင်ကြော တစ်လျှောက်သည် အမြဲတမ်းအန္တရာယ်ရှိနေပြီး ငလျင်နှင့် ဆက်စပ်ဖြစ်ပေါ်လာနိုင်သည့် ဆူနာမီ ဘေးအန္တရာယ်ကိုလည်း မြန်မာ ကမ်းရိုးတန်းဒေသနေ ပြည်သူများက အမြဲ သတိပြုနေရမည်ဖြစ်သည်။ မြေငလျင်နှင့်ပတ်သက်၍ မည်သည့်အချိန်တွင်ဖြစ်ပွားမည်၊ မည်မျှပြင်းအားရှိမည်၊ မည်မျှထိခိုက်ဆုံးရှုံးမည်ကို ခန့်မှန်းရန် များစွာ ခက်ခဲနေဆဲဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက ရပ်ပိုင်းဆိုင်ရာ ပျက်စီးဆုံးရှုံးမှုများအပြင် အခြား မြင်တွေ့ရန်ခက်ခဲသည့် ကျန်းမာရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ များစွာရှိနိုင်သည်ကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်သဖြင့် အတိတ်ကာလ အဖြစ်အပျက်များမှ သင်ခန်းစာများ၊ အတွေ့အကြုံများကို သာဓကယူစရာအဖြစ် ယနေ့ဆွေးနွေးပွဲတွင် တက်ရောက်လာကြသူများက မိမိတို့ကော်မတီအလိုက်၊ ဒေသအလိုက် ဆောင်ရွက်လျက်ရှိသော သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်သည့် လုပ်ငန်းဆောင်ရွက်ချက်များကို ထဲထဲဝင်ဝင် ဆွေးနွေးပေးကြရန်နှင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် European Civil Protection and Humanitarian Aid Operations(ECHO) မှ နည်းပညာရှင် Ms. Clementia Cantoni နှင့် United Nations Development Programme မှ ဒုတိယဒါရိုက်တာ မစ္စဒွန်ဒဲလ်ရီယို တို့က မိတ်ဆက်စကားပြောကြားခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ငလျင်ဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် အရေးပေါ်အခြေအနေတွင် လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို အဖွဲ့လိုက် ဆွေးနွေးကြပြီး ဆွေးနွေးခြင်းမှ ရရှိလာသည့် အချက်အလက်များကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

ရန်ကုန် ဒီဇင်ဘာ ၁၅

ရန်ကုန်(ရွှေဈေး)	၉၁၃၀၀၀	-	၉၁၃၀၀၀
မန္တလေး(ရွှေဈေး)	၉၁၃၀၀၀	-	၉၁၃၀၀၀

စက်သုံးဆီဈေးနှုန်း		**ရန်ကုန်**	**မန္တလေး**
(က) ဒီဇယ်	တစ်လီတာ	၇၇၀/၇၈၅ ကျပ်၊	၈၂၀/၈၂၅ ကျပ်
(ခ) အောက်တိန်း ၉၅	တစ်လီတာ	၈၂၀/၈၃၀ ကျပ်၊	၉၃၀ ကျပ်
(ဂ) အောက်တိန်း ၉၂	တစ်လီတာ	၇၇၅/၇၉၀ ကျပ်၊	၈၆၀ ကျပ်
(ဃ) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၇၉၀/၈၀၅ ကျပ်၊	၈၄၀/၈၅၀ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၇၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၆၅/၇၇၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၃၅/၇၄၀ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	=	၁၃၆၅. ၀
(ခ)	ဥရောပ	တစ်ယူရို	=	၁၆၀၈. ၇
(ဂ)	တရုတ်	တစ်ယွမ်	=	၂၀၆. ၅၂
(ဃ)	ထိုင်း	တစ်ဘတ်	=	၄၂. ၀၁၃
(င)	မလေးရှား	တစ်ရင်းဂစ်	=	၃၃၄. ၁၉
(စ)	အိန္ဒိယ	တစ်ရူပီး	=	၂၁. ၂၁၂
(ဆ)	ဂျပန်	တစ်ရာယန်း	=	၁၂၁၅. ၄
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၂၅. ၂၈
(ဈ)	သြစတြေးလျ	တစ်ဒေါ်လာ	=	၁၀၄၇. ၁
(ည)	စင်ကာပူ	တစ်ဒေါ်လာ	=	၁၀၁၃. ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း



ကြေးမုံ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလဲ့

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

အိုဆာကာတက္ကသိုလ်၌ ကျင်းပသည့် မြန်မာစာဌာနမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော် လမ်းညွှန်အမှာစကားပြောကြားစဉ်။

❖ **ရှေ့ဖုံးမှ**

ပါမောက္ခများသည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ဆက်လက်၍ အဆိုပါတက္ကသိုလ်၌ ကျင်းပသည့် အိုဆာကာတက္ကသိုလ် မြန်မာစာဌာနမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မြန်မာနိုင်ငံမှ ပညာတော်သင် ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် အိုဆာကာတက္ကသိုလ်မှ ပါမောက္ခတစ်ဦးတို့ အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြစဉ်။

တွေ့ဆုံပွဲတွင် အခမ်းအနားမှူးက မြန်မာစာဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများနှင့် မိတ်ဆက်ပေးပြီး မြန်မာစာဌာနမှ ကျောင်းသား ကျောင်းသူများကိုယ်စား ဂျပန်ကျောင်းသူနှစ်ဦးက ကျေးဇူးတင်ဂုဏ်ပြုစကား ပြောကြားကြသည်။

ယင်းနောက် မြန်မာစာဌာန ဒုတိယနှစ် ကျောင်းသား ကျောင်းသူလေးများက မြန်မာ့ရိုးရာသကြ်န်အက၊ တိုင်းရင်းသားအကများဖြင့် ကပြဖျော်ဖြေပြီး မြန်မာစာဌာန ကျောင်းသား ကျောင်းသူများကိုယ်စား မြန်မာစာအဓိက ဒုတိယနှစ် ကျောင်းသူနှစ်ဦးက နိုင်ငံတော်သမ္မတနှင့် ဇနီးတို့ထံ ဂုဏ်ပြုပန်းစည်းများ ပေးအပ်ကြသည်။

ချစ်ကြည်ရင်းနှီးမှုကြာရှည်

တွေ့ဆုံပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတက လမ်းညွှန်အမှာစကား ပြောကြားရာ၌ မြန်မာ-ဂျပန် နှစ်နိုင်ငံသည် လွန်ခဲ့သည့် နှစ်ပေါင်း ၆၀ ကျော်ကတည်းက သံတမန်ဆက်ဆံရေး စတင်ခဲ့ခြင်းဖြစ်သည့်အတွက် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုသည် အင်မတန်ကြာရှည်ခဲ့ပြီဖြစ်ကြောင်း၊ အိုဆာကာတက္ကသိုလ်တွင် ဂျပန်လူငယ်များသည် မြန်မာစာပေသာမက မြန်မာ့ရိုးရာယဉ်ကျေးမှု၊ မြန်မာဂီတနှင့် အနုပညာများကိုပါ မြတ်မြတ်နိုးနိုး တန်ဖိုးထားလေ့လာကြသည်ကို တွေ့ရှိရ၍ အထူးပင် ဝမ်းမြောက်မိပါကြောင်း။

စိတ်ဝင်စား

ဂျပန်နိုင်ငံတွင် မြန်မာစာပေကိုစိတ်ဝင်စား၍ လေ့လာသင်ယူသူများ ပိုမိုများပြားလာသည့်အတွက် မြန်မာစာပေသင်ကြားပေးသည့် ဆရာ ဆရာမများ မလုံလောက်သဖြင့် အခက်အခဲဖြစ်ပေါ်နေသည်ဟု ကြားသိရပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ဂျပန်စာပေကို စိတ်ဝင်စားသူသည် ဒုတိယ သို့မဟုတ် တတိယအများဆုံးဖြစ်သည်ဟု သိရပါကြောင်း။

မြန်မာစာပေကို လေ့လာသင်ယူနေသည့် ဂျပန်လူငယ်များနှင့် ဂျပန်စာပေကို လေ့လာသင်ယူနေသည့် မြန်မာလူငယ်များ နှစ်နိုင်ငံလုံးတွင် များစွာရှိပါကြောင်း၊ နှစ်နိုင်ငံမှ လူငယ်များ တစ်ဦးနှင့်တစ်ဦး တွေ့ဆုံရာမှ တစ်ဖက်နှင့်တစ်ဖက် နားလည်မှု ပိုမိုရရှိလာပြီး ကူးလူးဆက်ဆံမှု ပိုမိုများပြားလာမည်ဖြစ်ပြီး ယခင်ထက်ပိုပြီး ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲလာမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် အိုဆာကာတက္ကသိုလ်မှ ပါမောက္ခများ၊ မြန်မာစာဌာနမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

သွားရောက်လေ့လာ

ထို့နောက် မော်တော်ယာဉ်များဖြင့် ကျိုတိုမြို့သို့ ရောက်ရှိကြပြီး ကမ္ဘာ့ရှေးဟောင်း အမွေအနှစ်စာရင်းဝင် Kinkakuji Temple သို့ သွားရောက်လေ့လာကြရာ Temple တာဝန်ခံက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး Temple တာဝန်ခံအား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်သည်။

အဆိုပါ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင် Kinkakuji Temple သည် ၁၃၉၇ ခုနှစ်က တရုတ်နိုင်ငံနှင့် ကုန်သွယ်ဆက်ဆံခဲ့သည့်အတွက် တရုတ်နိုင်ငံက သံတမန်များ လာရောက်သည့်အခါ ဧည့်ဂေဟာအဖြစ် အသုံးပြုရန် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ၁၉၅၀ ပြည့်နှစ်တွင် မူလအဆောက်အအုံ မီးလောင်ဆုံးရှုံးခဲ့သည့်အတွက် ၁၉၅၅ ခုနှစ်တွင် ပြန်လည်တည်ဆောက်ခဲ့ပြီး ၁၉၈၇ ခုနှစ်တွင် ရွှေပြားများကို အားလုံးပြန်လည်လဲလှယ်ခဲ့ကြောင်း၊ ရွှေအလေးချိန် ၂၀ ကီလိုဂရမ် အသုံးပြုထားကာ Kinkakuji Temple နှင့် ပတ်ဝန်းကျင်သဘာဝအလှကို ဆက်လက်ထိန်းသိမ်းရန်တွက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ၁၉၉၄ ခုနှစ်၌ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်တွင် စာရင်းသွင်းအသိအမှတ်ပြုခြင်း ခံခဲ့ရကြောင်း သိရသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ခေတ္တတည်းခိုမည့် Kyoto State Guest House သို့ ရောက်ရှိကြသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် Wisteria Flower Room သို့ရောက်ရှိစဉ် Governor Mr.Keiji Yomada, Mayor of Kyoto Prefecture and member of Kyoto Chamber of Commerce

> **"မြန်မာစာပေကို လေ့လာသင်ယူနေသည့် ဂျပန်လူငယ်များနှင့် ဂျပန်စာပေကို လေ့လာသင်ယူနေသည့် မြန်မာလူငယ်များ နှစ်နိုင်ငံလုံးတွင် များစွာရှိပါကြောင်း၊ နှစ်နိုင်ငံမှ လူငယ်များ တစ်ဦးနှင့်တစ်ဦး တွေ့ဆုံရာမှ တစ်ဖက်နှင့် တစ်ဖက် နားလည်မှု ပိုမိုရရှိလာပြီး ကူးလူးဆက်ဆံမှု ပိုမိုများပြားလာမည်ဖြစ်ပြီး ယခင်ထက် ပိုပြီး ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲလာမည်ဟု ယုံကြည်မျှော်လင့်"**

and Industry Mr. Daisaky Kadokawa တို့က ကြိုဆိုနှုတ်ဆက်ကြပြီး Governor Mr.Keiji Yomada က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် Governor Mr.Keiji Yomada တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် The Kyoto State Guest House ၌ ကျိုတိုခရိုင် ကျိုတိုမြို့နှင့် ကျိုတိုကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ကြသည်။

သတင်းစဉ်

မြန်မာ ယူ-၂၃ အသင်းနှင့် ဗီယက်နမ် ယူ-၂၃ အသင်းတို့ ယနေ့ ယှဉ်ပြိုင်ကစားမည်

ရန်ကုန် ဒီဇင်ဘာ ၁၅

၂၀၁၇ ဗီယက်နမ် ယူ-၂၃ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုတတိယနေ့ကို ဒီဇင်ဘာ ၁၆ ရက်တွင် မြန်မာ ယူ-၂၃ အသင်းသည် အိမ်ရှင် ဗီယက်နမ် ယူ-၂၃ အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ တတိယနေ့အဖြစ် ဒီဇင်ဘာ ၁၆ ရက် ညနေ ၃ နာရီခွဲတွင် ဂျပန်ကလပ် ယိုကိုဟားမား ယူ-၂၃ အသင်းနှင့် ထိုင်း ယူ-၂၃ အသင်း၊ ညနေ ၆ နာရီတွင် မြန်မာ ယူ-၂၃ အသင်းနှင့် အိမ်ရှင် ဗီယက်နမ် ယူ-၂၃ အသင်းတို့ ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။

မြန်မာအသင်းသည် နှစ်ပွဲကစား လေးမှတ်ရထား၍ ဗိုလ်လုပွဲတက်ရောက်နိုင်ရန် မျှော်လင့်ချက်ရှိနေပြီး လက်ကျန်နှစ်ပွဲကို စောင့်ကြည့်ရမည်ဖြစ်သည်။

အုပ်စုဒုတိယနေ့အပြီးတွင် မြန်မာအသင်းက နှစ်ပွဲကစား လေးမှတ်၊ ဂျပန်ကလပ် ယိုကိုဟားမား ယူ-၂၃ အသင်းက တစ်ပွဲကစား သုံးမှတ်၊ ထိုင်း ယူ-၂၃ အသင်းက နှစ်ပွဲကစား သုံးမှတ်၊ ဗီယက်နမ် ယူ-၁၉ အသင်းက နှစ်ပွဲကစား တစ်မှတ်၊ ဗီယက်နမ် ယူ-၂၃ အသင်းက တစ်ပွဲကစား အမှတ်မရသေးပေ။ မြန်မာ ယူ-၂၃ အသင်းသည် တစ်ပွဲထက်တစ်ပွဲ ကစားပုံပိုကောင်းလာပြီး ဗီယက်နမ်ကို ထပ်မံအနိုင်ရခဲ့ပါက ဗိုလ်လုပွဲ တက်ရောက်နိုင်ရန် အခွင့်အရေးများသွားမည်ဖြစ်သည်။ ဗီယက်နမ် ယူ-၂၃ အသင်းသည် တစ်ပွဲသာကစားရသေးပြီး အဖွင့်ပွဲတွင် ထိုင်း ယူ-၂၃ အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ထားသည်။ ထို့ကြောင့် ဗီယက်နမ် ယူ-၂၃ အသင်းသည် မြန်မာအသင်းနှင့်ပွဲမှာ အရေးပါလာခဲ့ပြီး နိုင်ပွဲရမှသာ ဗိုလ်လုပွဲတက်ရောက်ခွင့်ရရန် မျှော်လင့်ချက်ရှိမည်ဖြစ်သည်။

ရဲရင့်ရှိုင်း

ဆီးရီးယား၌ ရေတပ်စခန်းအသုံးပြုခွင့်သဘောတူညီချက် ရုရှားအောက်လွှတ်တော်သို့ သမ္မတပူတင်တင်ပြ

မော်စကို ဒီဇင်ဘာ ၁၅

ရုရှားနိုင်ငံသမ္မတ ဗလာဒီမာပူတင်သည် ဆီးရီးယားနိုင်ငံ တာတပ်စ်ပင်လယ်ဆိပ်ကမ်း၌ ၄၉ နှစ်ထက်မနည်း ရေတပ်အခြေစိုက်စခန်းတစ်ခု ဖွင့်လှစ်ရေးသဘောတူညီချက်ကို ရရှိခဲ့ပြီးနောက် အောက်လွှတ်တော်သို့ တင်ပြလိုက်ကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါ သဘောတူညီချက်အရ ရေတပ်ဖွင့်လှစ်ခွင့် သက်တမ်းကုန်ဆုံးပြီးနောက် ၂၅ နှစ်လျှင် တစ်ကြိမ် နောက်ထပ်အလိုအလျောက် သက်တမ်းတိုးခွင့်ရရှိမည်ဖြစ်ကြောင်း၊ အောက်လွှတ်တော်၏ အင်တာနက်စာမျက်နှာတွင် ဒီဇင်ဘာ ၁၃ ရက်က ရေးသားဖော်ပြထားသည်။

အဆိုပါ သဘောတူညီချက်ကို ဇန်နဝါရီ ၁၈ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ရုရှားနှင့် ဆီးရီးယားနိုင်ငံတို့သည် တာတပ်စ်မြို့ရှိ မြေထဲပင်လယ် ရေတပ်ပြုပြင်ထိန်းသိမ်းရေး စခန်းကို တိုးချဲ့သွားရန်နှင့် အကြီးစားမွမ်းမံပြင်ဆင်ရန် သဘောတူညီခဲ့ကြကြောင်း၊ ရေတပ်အထောက်အကူပြုစခန်း အသုံးပြုခွင့်ကို ၁၉၇၇ ခုနှစ်ကတည်းက ရရှိခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ သဘောတူညီချက်အရ ဆီးရီးယားပင်လယ်ဆိပ်ကမ်း၌ ရုရှားနျူကလီးယားစွမ်းအင်သုံး တိုက်ခိုက်ရေး ရေယာဉ်များအပါအဝင် စစ်သင်္ဘော ၁၁ စင်း ဖြန့်ကြက်ခွင့်ပြုမည်ဖြစ်သည်။

အဆိုပါ သဘောတူညီချက်ကို ရုရှားအောက်လွှတ်တော်က ယခုလကုန်ပိုင်းတွင် အတည်ပြုသွားမည်ဟု မျှော်လင့်ရသည်။ ဆီးရီးယားနိုင်ငံ၌ အိုင်အက်စ်စစ်သွေးကြွများအပေါ် အောင်မြင်မှု ရရှိခဲ့ပြီးနောက် ရုရှားသမ္မတပူတင်က ၎င်း၏ တပ်ဖွဲ့ဝင်များကို ယင်းနိုင်ငံမှ ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၁ ရက်တွင် ပြောကြားခဲ့သည်။ သို့ရာတွင် စစ်မက်ဖြစ်ပွားနေသော ဆီးရီးယားနိုင်ငံရှိ တာတပ်စ်အခြေစိုက်စခန်းနှင့် မေမင်းလေတပ်စခန်းတို့ကို ဆက်လက်ဖွင့်ထားမည်ဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

ဆင်ဟွာ



အတိုက်အခံပါတီခေါင်းဆောင်အဖြစ်မှ ဆိုနီယာဂန္ဒီ အနားယူမည်ဟု ထုတ်ပြန်ကြေညာ

နယူးဒေလီ ဒီဇင်ဘာ ၁၅

အိန္ဒိယနိုင်ငံမှ အဓိက အတိုက်အခံပါတီဖြစ်သည့် ကွန်ဂရက်ပါတီ၏ ခေါင်းဆောင်ရာထူးမှ အနားယူမည်ဖြစ်ကြောင်း ဆိုနီယာဂန္ဒီက ဒီဇင်ဘာ ၁၅ ရက်တွင် ထုတ်ပြန်ကြေညာသည်။ ဂန္ဒီ၏ သားဖြစ်သူ ရာဟူးဂန္ဒီသည် ပါတီခေါင်းဆောင် ရာထူးကို ဒီဇင်ဘာ ၁၆ ရက်တွင် လွှဲပြောင်းရယူပြီးသည့်အခါ ပါတီခေါင်းဆောင်ရာထူးမှ အနားယူမည်ဟု ဆိုသည်။

အသက်(၇၁)နှစ်ရှိ အီတလီနိုင်ငံဖွား နိုင်ငံရေးသမား ဆိုနီယာဂန္ဒီက မိမိ၏ လတ်တလောအနေအထားမှာ ပါတီခေါင်းဆောင်အဖြစ်မှ အနားယူတော့မည့်အနေအထားဖြစ်ကြောင်း နယူးဒေလီတွင် မီဒီယာများသို့ ပြောကြားသည်။ အိန္ဒိယနိုင်ငံ၏ သက်တမ်းရင့်အတိုက်အခံပါတီကြီး၏ အနာဂတ်ဦးဆောင်မှုအခန်းကဏ္ဍကို ဆိုနီယာဂန္ဒီက ဆက်လက်ရယူဖွယ်ရှိသည်ဆိုသော ထင်ကြေးပေးမှုများ အဆုံးသတ်သွားပြီဖြစ်သည်။

ပါတီခေါင်းဆောင်ရာထူးကို စွန့်ခွာတော့မည့် ဆိုနီယာဂန္ဒီ၏သား အသက်(၄၇)နှစ်ရှိရာဟူးဂန္ဒီသည် လွန်ခဲ့သည့် သုံးနှစ်တာကာလအတွင်းကပင် ကွန်ဂရက်ပါတီ၏ ထိပ်တန်းခေါင်းဆောင်မှုနေရာ၌ တက်တက်ကြွကြွ ပါဝင်လှုပ်ရှားလာခဲ့သည်။ လက်ရှိကာလတွင် ပါတီခေါင်းဆောင်ရာထူးအား ၎င်းကို လွှဲအပ်ရန် အသင့်ရှိနေပြီဟုဆိုသည်။

ရာဟူးဂန္ဒီသည် ပါတီခေါင်းဆောင်ရာထူး၌ တာဝန်ထမ်းဆောင်ရန် လွန်ခဲ့သည့် ငါးရက်က ရွေးချယ်တင်မြှောက်ခံခဲ့ရပြီးနောက် မိခင်ကြီးထံမှ ရာထူးလွှဲပြောင်းရယူမှုကို ဒီဇင်ဘာ ၁၆ ရက်တွင် ပြုလုပ်မည်ဖြစ်သည်။

ကွယ်လွန်သူ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ရာဂျစ်ဂန္ဒီ၏ ဇနီး ဆိုနီယာဂန္ဒီသည် လွန်ခဲ့သည့် သုံးနှစ်တာကာလအတွင်း ကျန်းမာရေးချို့ယွင်းလာခဲ့ပြီး ကြိမ်ဖန်များစွာ ဆေးရုံတက်ကုသမှုများခံယူခဲ့ရသည်။

၂၀၁၁ ခုနှစ် အတွင်းကလည်း ဆိုနီယာဂန္ဒီသည် လူသိမခံသည့် ကျန်းမာရေးဆိုင်ရာ အခြေအနေတစ်ရပ်ဖြင့် အမေရိကန်ပြည်ထောင်စုသို့သွားရောက်ကာ ခွဲစိတ်ကုသမှုခံယူခဲ့ရသည်။

၁၉၄၇ ခုနှစ် ဗြိတိသျှကိုလိုနီအုပ်စိုးသူများထံမှ လွတ်လပ်ရေးရရှိခဲ့သည့် အိန္ဒိယနိုင်ငံ၏ သက်တမ်းတစ်လျှောက်တွင် နေရူး-ဂန္ဒီအုပ်ချုပ်ရေးမျိုးဆက်၏ သက်တမ်းရှည်အုပ်ချုပ်ရေးကာလ၏ အချိန်ကာလအများစုကို ဆိုနီယာဂန္ဒီက ကွန်ဂရက်ပါတီ၏ ခေါင်းဆောင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသည်။

ကွန်ဂရက်ပါတီ၏ ခေါင်းဆောင်မှုနေရာတွင် သက်တမ်း နှစ် ၃၀ ကြာ ထမ်းဆောင်ခဲ့သည့် ဆိုနီယာဂန္ဒီသည် ၂၀၁၄ ခုနှစ်အတွင်းက ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲတွင် လက်ရှိဝန်ကြီးချုပ် နာရန်ဒရာမိုဒီ ဦးဆောင်သည့် ဘီဂျေပီပါတီအား ရှုံးနိမ့်ခဲ့ရသည်။

ဆင်ဟွာ

အမေရိကန်နှင့် ဆော်ဒီက ထောက်ပံ့ပေးသော လက်နက်များ အိုင်အက်စ်လက်ဝယ်သို့ ရောက်ရှိသွားမှုများရှိ

ဘရပ်ဆဲလ်[ဘဂ္ဂဒက်] ဒီဇင်ဘာ ၁၅

အမေရိကန်ပြည်ထောင်စုနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့က ဆီးရီးယားအတိုက်အခံအုပ်စုများထံ ထောက်ပံ့ပေးခဲ့သော လက်နက်များသည် မကြာမကြာပင် အစ္စလာမ့်နိုင်ငံတော်ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်)၏ လက်ဝယ်သို့ ရောက်သွားလေ့ရှိကြောင်း လက်နက်လေ့လာစောင့်ကြည့်ရေး သုတေသနအဖွဲ့တစ်ဖွဲ့က ပြောကြားသည်။

အိုင်အက်စ်အဖွဲ့က အသုံးပြုသော လက်နက်များသည် အီရတ်နှင့် ဆီးရီးယားတပ်မတော်တို့ထံမှ လုယူခံခဲ့ရသော လက်နက်များဖြစ်ကြောင်း၊ သို့ရာတွင် အချို့သောလက်နက်များမှာမူ အမေရိကန်နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့က သမ္မတဘာရှားအယ်လ်အာဆတ်၏ အစိုးရအဖွဲ့ကို ပုန်ကန်ခြားနားနေသော ဆီးရီးယားအတိုက်အခံအုပ်စုများထံသို့ ရောက်ရှိသွားသော လက်နက်များဖြစ်နေသည်ကို တွေ့မြင်ရကြောင်း စစ်မြေပြင်များ၌ အသုံးပြုသည့်လက်နက်များကို လေ့လာဆန်းစစ်သည့်အဖွဲ့အစည်းတစ်ရပ်ဖြစ်သော ပဋိပက္ခလက်နက်တပ်ဆင်ခြင်းဆိုင်ရာ သုတေသနအဖွဲ့ (စီအေအာရ်)က ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။

ရိုက်တာ

မြောက်ကိုရီးယား နျူကလီးယားအရေး ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးကျင်းပမည်

ကုလသမဂ္ဂ ဒီဇင်ဘာ ၁၅

ကုလသမဂ္ဂ လုံခြုံရေးကောင်စီက မြောက်ကိုရီးယား နျူကလီးယားလက်နက်ဖွံ့ဖြိုးတိုးတက်မှုကို ရပ်တန့်ပစ်နိုင်သည့် နည်းလမ်းကောင်းများ ရှာဖွေရန်ရည်ရွယ်ပြီး ဝန်ကြီးများအစည်းအဝေးကို ဒီဇင်ဘာ ၁၆ ရက်တွင် နယူးယောက်မြို့၌ ကျင်းပမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါအစည်းအဝေးတွင် ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရို ကိုနိုက သဘာပတိအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။

ယင်းအစည်းအဝေးသို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်စ်တေလာဆန်လည်း တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံအနေဖြင့် ပြဲယမ်းအပေါ် စီးပွားရေးပိတ်ဆို့အရေးယူမည့် ကုလသမဂ္ဂလုံခြုံရေး ကောင်စီဖြေရှင်းချက်များကို ပြည့်ဝစွာ အကောင်အထည်ဖော်ရန်နှင့် ဖိအားအမြောက်အမြားပေးရန် ဆန္ဒရှိသည်။

အမေရိကန်နိုင်ငံကလည်း ပြဲယမ်းအပေါ် ဖိအားများပေးရန် နိုင်ငံတကာကို တိုက်တွန်းထားသည်။ ထို့ပြင် သမ္မတ ဒေါ်နယ်ထရန့်က မြောက်ကိုရီးယားအား ရေနံတင်ပို့မှုကို ရပ်တန့်ပစ်ရန် တရုတ်သမ္မတ ရှီကျင့်ဖျင်ကို တောင်းဆိုထားကြောင်း သိရသည်။

အစည်းအဝေးသို့ ကုလသမဂ္ဂအဖွဲ့ဆိုင်ရာ မြောက်ကိုရီးယားသံအမတ်ကြီး ဂျဆောင်းနမ် တက်ရောက်မည်ဖြစ်ကြောင်း ကုလသမဂ္ဂသတင်းအရင်းအမြစ်များက ဆိုသည်။ ဝါရှင်တန်အနေဖြင့် ပြဲယမ်းအပေါ် ချမှတ်ကျင့်သုံးလျက်ရှိသည့် ဆက်ဆံရေးမူဝါဒကို ပြောင်းလဲကျင့်သုံးမည်ဆိုပါက ပြဲယမ်းဘက်ကလည်း အမေရိကန်နှင့် ညှိနှိုင်းဆွေးနွေးမည်ဖြစ်ကြောင်း သံအမတ်ကြီး ဂျဆောင်းနမ်က ယခင်က အကြံပြုတင်ပြခဲ့ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

နှစ်(၇၀)ပြည့် တပ်မတော်(လေ)နှစ်ပတ်လည်နေ့နှင့် လေယာဉ်များ တပ်တော်ဝင်အခမ်းအနား ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၅

မိတ္ထီလာတပ်နယ်ရှိ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်၌ ယနေ့ နံနက်ပိုင်းတွင် ကျင်းပသည့် နှစ်(၇၀)ပြည့် တပ်မတော်(လေ)နှစ်ပတ်လည်နေ့နှင့် လေယာဉ်များ တပ်တော်ဝင်အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တပ်မတော်(လေ)ဝတ်စုံအား ဂုဏ်ပြုဝတ်ဆင်၍ တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်က လေယာဉ်များ တပ်တော်ဝင်အခမ်းအနားနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့မျက်မှောက်ခေတ်ကာလ ကမ္ဘာနှင့်တစ်ဝန်း ဖြစ်ပွားလျက်ရှိသည့် စစ်ပွဲများကို လေ့လာကြည့်ပါက ဘက်မညီစစ်ပွဲများအဖြစ် တွေ့မြင်ရမည်ဖြစ်ပြီး လေကြောင်းစွမ်းအားသည် များစွာအရေးပါလျက်ရှိကြောင်း၊ လေကြောင်းစွမ်းအားသာလွန်မှုကို အသုံးပြုပြီး စစ်ပွဲအောင်နိုင်ရေးအတွက် ပြိုင်ဘက်အပေါ် လွှမ်းမိုးချုပ်ကိုင်နိုင်သည့် မိမိတို့၏တပ်များ တိုက်စွမ်းရည် ပိုမိုတိုးတက်စေရန်အတွက် လေကြောင်းစစ်ဆင်ရေးကို အဓိကထား အသုံးပြုလာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သာလွန်သည့် လေကြောင်းစွမ်းအားဖြစ်လာစေရေးအတွက် မိမိတို့တပ်မတော်၏လေတပ်ကို ခေတ်မီလေတပ်မတော်အဖြစ် တည်ဆောက်ရမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ယင်းနောက် စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်မောင်မောင်ကျော်က လေယာဉ်များအား တပ်တော်ဝင်အဖြစ်ကြေညာသည်။ ၎င်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်က လေယာဉ်များ တပ်တော်ဝင်အထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်သည်။

ထို့နောက် လေယာဉ်၊ ရဟတ်ယာဉ်များ သရုပ်ပြအုပ်ဖွဲ့ပျံသန်းအလေးပြုခြင်းနှင့် ကျွမ်းထိုး သရုပ်ပြပျံသန်းခြင်းများ ပြသကြသည်။

ထို့နောက် ဇီဝိတဒါန ငှက်လွှတ်ခြင်းဆောင်ရွက်ကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက ငှက်အကောင်ရေ ၇၀ အား ဘေးမဲ့လွှတ်ပေးကြသည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်တော်ဝင်လေယာဉ်များအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး**(ယာပုံ)** လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ကျင်းပသည့် တပ်တော်ဝင်အခမ်းအနားတွင် Yak -130 အမျိုးအစား လေယာဉ်ခြောက်စင်း၊ Fokker - 70 အမျိုးအစား လေယာဉ်နှစ်စင်းနှင့်၊ ATR 42-320 အမျိုးအစား လေယာဉ်နှစ်စင်း စုစုပေါင်း ၁၀ စင်းကို တပ်တော်ဝင်ခဲ့ခြင်းဖြစ်သည်။

နှစ်(၇၀)ပြည့် တပ်မတော်(လေ)နှစ်ပတ်လည်နေ့

အထိမ်းအမှတ်ပြခန်းဖွင့်ပွဲအခမ်းအနားအား ယမန်နေ့ ညနေပိုင်းက မိတ္ထီလာတပ်နယ်ရှိ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က နှစ်(၇၀)ပြည့် တပ်မတော်(လေ)နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပြခန်းအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များ၊ အရာရှိ စစ်သည်မိသားစုများသည် အထိမ်းအမှတ်ပြခန်းများနှင့် လေတပ်စခန်းဌာနချုပ်အလိုက် အရောင်းပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ်နှင့် Yangon HOG E-Sport Center ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၅

မြန်မာနိုင်ငံတွင် ပထမဆုံးဖွဲ့စည်းသည့် မြန်မာအီလက်ထရောနစ်အားကစားအဖွဲ့ချုပ် (MYANMAR E-SPORT FEDERATION)နှင့် Yangon HOG E-Sport Center ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် မာလာမြိုင်ရိပ်သာလမ်းရှိ အမှတ်(၅၃၁/စီ)၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးခွန်ဦး၊ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်သူများအသင်းချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအသင်းချုပ်ဥက္ကဋ္ဌ ဦးမြပဟန်နှင့် တိုင်းဒေသကြီးဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသည့် နိုင်ငံခြားမှ E-Sport ပညာရှင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်သူများအသင်းချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က အမှာစကားပြောကြားရာတွင် ယနေ့ ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများ၊ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံများမှာ E(အီလက်ထရောနစ်)ကို အခြေခံသည့် E.Cabinet, E.Trade, E.Comerce, E.Libary, E.Business, E.Data Center, E.Payment, Mobile Phone စသည်ဖြင့် လုပ်ငန်းပေါင်းစုံတွင် ဆောင်ရွက်လာကြပြီး ဤသို့ဆောင်ရွက်ခြင်းဖြင့် Good Governance, Clean Government (ကောင်းမွန်သောအုပ်ချုပ်မှု၊ သန့်ရှင်းသောအစိုးရ)နှင့် Transparency Government (ပွင့်လင်းမြင်သာတဲ့အစိုးရ) စနစ်များကို ဖြစ်ပေါ်စေပြီး အဂတိကင်းရှင်းမှုကို များစွာဖြစ်ပေါ်စေပါကြောင်း။

ယနေ့တွင်လည်း E-Sport အီလက်ထရောနစ်အားကစားလုပ်ငန်းကို ဆေးတက္ကသိုလ်၊ နိုင်ငံခြားဘာသာတက္ကသိုလ်၊ အမေရိကတက္ကသိုလ် တက်ရောက်နေသည့် မြန်မာလူငယ်များဦးဆောင်ပြီး မြန်မာနိုင်ငံ၌ ပထမဆုံးစွန့်ဦးဖွဲ့စည်းသည့် Myanmar E-Sport Federation နှင့် လူငယ်များ E-Sport လေ့ကျင့်ပြိုင်ပွဲပြုလုပ်မည့် ယခု Yangon HOG E-Sport Center ကို ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ ယင်းမှာ မြန်မာနိုင်ငံ၌ ပထမဆုံးဖြစ်ပြီး အရှေ့တောင်အာရှ၊ ကိုရီးယား၊ စင်ကာပူတို့နှင့် အဆင့်မီဖြစ်ပါကြောင်း၊ လူငယ်များကိုယ်တိုင် ယင်းနိုင်ငံများသို့ သွားရောက်လေ့ကျင့်ကစားပြီး ဒီဇိုင်းရေးဆွဲဆောက်လုပ်ထားခြင်းဖြစ်ပါကြောင်း။

အာဆီယံတွင် ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နိုင်ငံတို့သည် အပြည်ပြည်ဆိုင်ရာ E-Sport အဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံများဖြစ်ပါကြောင်း၊ ဥရောပ ၁၈ နိုင်ငံ၊ အာရှ ၁၈ နိုင်ငံ၊ အာဖရိက လေးနိုင်ငံ၊ အမေရိက သုံးနိုင်ငံ၊ သမုဒ္ဒရာကျွန်းစု နှစ်နိုင်ငံ စုစုပေါင်း ၄၅ နိုင်ငံနှင့် ဖွဲ့စည်းထားပြီး အဖွဲ့ဝင်နိုင်ငံများ တိုးတက်ပါဝင်လျက်ရှိပါကြောင်း၊ ယခု Myanmar E-Sport Federation သည်လည်း ကမ္ဘာ့အဖွဲ့ဝင်နိုင်ငံအဖြစ် စတင်လျှောက်ထားပြီး ဖြစ်ပါကြောင်း၊ သို့မှသာ ၂၀၂၀ တိုကျိုအိုလံပစ်တွင် မြန်မာကိုယ်စားပြု ဝင်ပြိုင်နိုင်မည်ဖြစ်ပါကြောင်း၊ Myanmar E-Sport Federation ၏ ရည်မှန်းချက်မှာ မြန်မာနိုင်ငံတွင် E-Sport အားကစားနည်းပညာကို ဥပဒေနှင့်အညီ မြှင့်တင်ရန်နှင့် ၂၀၂၀ တိုကျိုအိုလံပစ်အပါအဝင် ကမ္ဘာ့နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရန်ဖြစ်ပါကြောင်း။

ကမ္ဘာ့နိုင်ငံများစွာတွင် ကမ္ဘာ့အဆင့်မီ E-Sport ကစားသည့် (E-Sport Professional Club)များစွာကို ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ အားကစား၊ ကျန်းမာရေး၊ အသိဉာဏ်ကို အခြေခံထားပြီး နိုင်ငံတိုးတက်မှုကို ဖြစ်ပေါ်စေပါကြောင်း၊ မလေးရှားနှင့် တရုတ်တွင် E-Sport တက္ကသိုလ်များ ဖွင့်လှစ်ပြီး ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း Yangon HOG E-Sport Center ကို ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးခွန်ဦးနှင့် တက်ရောက်လာသူများက အမှာစကားပြောကြားကြသည်။

မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ်သည် မြန်မာနိုင်ငံတွင် ပထမဆုံး စတင်ဖွဲ့စည်းသည့် အဖွဲ့ချုပ်ဖြစ်ပြီး Yangon HOG E-Sport Center သည် မြန်မာနိုင်ငံ၏ ကမ္ဘာ့အဆင့်မီ သတ်မှတ်ချက်ရရှိသည့် တစ်ခုတည်းသော E-Sport Center ဖြစ်သည်။

ထို E-Sport Center မှ အရည်အချင်းပြည့်ဝသည့် E-Sport ကျွမ်းကျင်သူများ မွေးထုတ်ပြီး ၂၀၂၀ တိုကျိုအိုလံပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်း E-Sport Center သည် ဆေးလိပ်၊ ကွမ်း၊ အရက်၊ မူးယစ်ဆေးဝါးကင်းစင်နယ်မြေဖြစ်ပြီး ကာယနှင့် ဉာဏ်ပညာကို လေ့ကျင့်သည့်နေရာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်မျက်အတွဲပေါင်း ၃၂ တွဲ ရောင်းချနိုင်ခဲ့

နေပြည်တော် ဒီဇင်ဘာ ၁၅

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့အဖြစ် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

ယနေ့တွင် အခြေခံဈေး ယူရိုငွေ ၅၀၀ နှင့်အထက် တန်ဖိုးသတ်မှတ်ထားသည့် ကျောက်မျက်အတွဲ ၁၉၀ အနက်မှ အတွဲပေါင်း ၃၂ တွဲအား ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များထံ ရောင်းချပေးနိုင်ခဲ့သည်။

အဆိုပါ ကျောက်မျက်အတွဲ ၃၂ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ခြင်းဖြစ်ပြီး စုစုပေါင်းတန်ဖိုး ယူရိုငွေ ၀ ဒသမ ၇၆ သန်းခန့်ရှိကြောင်း သိရသည်။

ပြပွဲစတုတ္ထနေ့သို့ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည် စုစုပေါင်း ၄၃၇၁ ဦး ကျော်တက်ရောက်ခဲ့ကြပြီး ကျောက်မျက်၊ ကျောက်စိမ်းအတွဲများအား စိတ်ကြိုက်ကြည့်ရှုလေ့လာကာ တင်ဒါပုံးများအတွင်းသို့ ဈေးနှုန်းတင်သွင်းလွှာများ ထည့်သွင်းကြသည်။

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက် ရတနာပြပွဲကို ဒီဇင်ဘာ ၁၂ ရက်မှ ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၆ ရက်တွင် ကျောက်စိမ်းအတွဲအမှတ်(၁)မှ (၁၁၅၀)အထိ လည်းကောင်း၊ ဒီဇင်ဘာ ၁၇ ရက်တွင် ကျောက်စိမ်းအတွဲအမှတ်(၁၁၅၁)မှ(၂၃၀၀)အထိ လည်းကောင်း၊ ဒီဇင်ဘာ ၁၈ ရက်တွင် ကျောက်စိမ်းအတွဲအမှတ်(၂၃၀၁)မှ(၃၄၅၀)အထိ လည်းကောင်း၊ ဒီဇင်ဘာ ၁၉ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် (၃၄၅၁)မှ(၄၆၀၀)အထိ လည်းကောင်း၊ ဒီဇင်ဘာ ၂၀ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် (၄၆၀၁)မှ (၅၇၅၀)အထိ လည်းကောင်း၊ ဒီဇင်ဘာ ၂၁ ရက်တွင် ကျောက်စိမ်းအတွဲ အမှတ်(၅၇၅၁)မှ(၆၆၈၅)အထိ လည်းကောင်း ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၆၆၈၅ တွဲနှင့် ကျောက်မျက်အတွဲပေါင်း ၁၉၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသည့်အပြင် ကျောက်စိမ်း၊ ကျောက်မျက်တန်ဖိုးမြင့် အချောထည်ပစ္စည်းများကိုလည်း ခင်းကျင်းပြသရောင်းချပေးလျက်ရှိသည်။

သတင်းစဉ်

ရှေ့နေနှင့် အဂတိ သတိ

ဦးဟန်ညွန့် (ဥပဒေ)

နိဒါန်း

"ရှေ့နေ" တာဝန်မှ "အဂတိတိုက်ဖျက်ရေး" တာဝန်သို့ ပြောင်းလဲထမ်းဆောင်ရသည်။ လုပ်ငန်းသဘောသဘာဝချင်းမတူ။ နယ်သစ်၊ ပယ်သစ်၊ တာဝန်သစ်ဖြစ်သည်။ နိုင်ငံတော်တာဝန်လည်း ဖြစ်သည်။ အမှားမဖြစ်စေရ။ အားသစ်မွေးမှ။ သတိထား ကြိုးစားရမည့် အလုပ်တာဝန်။

အဂတိ သတိ

"အဂတိ" ဟူသည် အဘယ်နည်း။ အဂတိသည် မှောင်မည်းသည်။ မလင်း။ မရှင်း။ အလျှင်း**သတိ**ပြုရမည့်အရာ။ သတိကပ်ရမည့်အရာ။ အကျင့်စာရိတ္တစံပြဖြစ်ရမည့်ကမ္ဘာ။ အခက်အခဲများစွာ။ အနှောင့်အယှက်များစွာ။ ဥပဒေကကန့်သတ်ထားသည့်အရာ။ ထို့ကြောင့် **အဂတိ သတိ** ဟု ရေးမှတ်လိုက်သည်။

ရှေ့နေဘဝအတွေ့အကြုံ

(ယခင်) ရှေ့နေဘဝအတွေ့အကြုံများစွာထဲမှာ အဂတိလိုက်စားမှုတွေ တရားရုံးမှာ စစ်ဆေးခဲ့ရသည်။ တရားလိုဘက်ကရော၊ တရားခံဘက်ကပါ ဘယ်သူတွေ ဘယ်လို အကျင့်ပျက်ခဲ့သလဲ။ ဘာပုဒ်မနဲ့ ငြိသလဲ။ ဆွဲချအမြင်နှင့်ကြည့်လျှင် တစ်မျိုး၊ တရားခံဘက်က ကြည့်တော့ လွတ်ရာလွတ်ကြောင်း ထုံးဟောင်းရှာဖွေ။ နှစ်ဖက်ခံစားချက်မြင်ခဲ့ရ၊ ကြုံခဲ့ရ၊ သံသယအကျိုးတောင်းခဲ့ရ၊ လွတ်သူလည်းရှိ၊ ကျသူလည်းပါ၊ ဘယ်ခါမှ မပြီးပြတ်သော ဇာတ်လမ်းပမာတွေ။ ဟိုအဝေးမှာ ကျန်ခဲ့ပြီလေ။

နောက်ခံသမိုင်း

ကိုယ်တာဝန်ယူရမည့်အလုပ်က ဘာလဲ။ နောက်ခံသမိုင်းသည် ဘာလဲ။ အခြေခံအချက်က ဘာလဲ။ ထဲထဲဝင်ဝင်သိဖို့လိုသည်။ မှတ်စုထုတ်ထားမှ။ သတိထားစရာတွေ၊ မှတ်သားစရာတွေ။ ဆောင်ရန်ရှောင်ရန်တွေ။ ဥပဒေပြဋ္ဌာန်းချက်တွေ ယခင်နှင့်မတူ။ ယခုအလုပ်ဘာတွေလုပ်ရမှာလဲ။

လွတ်လပ်ရေးမရမီ

၂၃. ၁၂. ၁၉၄၇။ - ပြည်သူ့ထောက်ပံ့ရေးပစ္စည်းများ ခိုးယူခြင်းမှ ကာကွယ်သည့်ကော်မတီ **(Civil Supplies Thefts Preventive Committee)**
- ပြည်သူ့ပိုင်ပစ္စည်း ကာကွယ်ရေးကော်မတီ **(Public Property Protection Committee)**
- ပြည်သူ့ပိုင်ပစ္စည်း ကာကွယ်ရေးရဲအဖွဲ့ **(Public Property Protection Police P-4)**

အရေးယူဆောင်ရွက်မှု

၁၈၆၁ ခုနှစ် ပြစ်မှုဆိုင်ရာဥပဒေအခန်း (၉) ပုဒ်မ ၁၆၁ မှ ၁၆၅ အထိ ပါဝင်သည့် ပြဋ္ဌာန်းချက်များအရ ဥပဒေဖြင့်အရေးယူခဲ့သည်။

လွတ်လပ်ရေးရပြီး

၁၉၄၈။ - အဂတိလိုက်စားမှုတားမြစ်ရေးအက်ဥပဒေ သီးခြားပြဋ္ဌာန်းခဲ့။
- ပုဒ်မ ၆ ခုပါရှိ။ ဥပဒေပြင်ဆင်ချက် (၄)ကြိမ်ရှိခဲ့။
- ဥပဒေပုဒ်မ ၄(၂)အရ ထောင်ဒဏ်(၇)နှစ် ချမှတ်နိုင်။

ကော်မရှင်ဖွဲ့ခြင်း

(၁) **United Nations Convention Against Corruption (UNCAC)** ကို ၃၁. ၁၀. ၂၀၀၃ ရက်စွဲဖြင့် **General Assembly Resoultion 58/4** ဖြင့် အတည်ပြုခဲ့။
(၂) ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက် ၅၈/၄ တွင် **UNODC** အား **UNCAC** အတွင်းရေးမှူးရုံးအဖြစ် ခန့်အပ်ခဲ့။
(၃) ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း **(UNCAC)** တွင် အမှတ်စဉ် ၁၃၇ အဖြစ် ၂. ၁၂. ၂၀၀၅ နေ့၌ လက်မှတ်ရေးထိုးခဲ့။
(၄) ၂၀. ၁၂. ၂၀၁၂ နေ့တွင် ၁၆၅ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုခဲ့။
(၅) လာဘ်ပေးလာဘ်ယူမှု အရေးယူဆောင်ရွက်ရေးကော်မတီအား ၈. ၁. ၂၀၁၃ နေ့တွင် မြန်မာနိုင်ငံ ဒုတိယသမ္မတ တာဝန်ယူခဲ့သည့် ဒေါက်တာစိုင်းမောက်ခမ်း (ဥက္ကဋ္ဌ)အဖြစ် အဖွဲ့ဝင်(၈)ဦးဖြင့် တာဝန်ပေးခဲ့။

> ❝ ပေးသူရှိ၍ ယူသူရှိ။ ယူသူရှိ၍ ပေးသူရှိ။ အပြန်အလှန်ပါ။ ဆင်ခြင်စရာပါ။ တွေးကြည့်တော့ နှစ်ဖက်စလုံး အပြစ်ရှိသည်သာ။ မပေးလျှင်မယူ၊ မယူလျှင်မပေး။ ကျင့်ဝတ်စည်းကမ်း ဥပဒေဖြင့်သာ ရေရှည်တည်တံ့မည်။ တိတိကျကျလိုက်နာမှသာ ဘဝပန်းတိုင်သို့ လျှောက်နိုင်ကြမည် ❞

(၆) ဥပဒေမူကြမ်းကို ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမအစည်းအဝေးက ၂၅. ၇. ၂၀၁၃ နေ့တွင် အတည်ပြုခဲ့။
(၇) ၂၀၁၃ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃ ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ၇. ၈. ၂၀၁၃ နေ့တွင် ပြဋ္ဌာန်းခဲ့။
(၈) ၁၇. ၉. ၂၀၁၃ နေ့တွင် ဥပဒေစတင်အာဏာအသက်ဝင်ခဲ့။

ပထမကော်မရှင်

လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် ၁၃ ဦးဖြင့် ၂၅. ၂. ၂၀၁၄ တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့။

၄. ၈. ၂၀၁၄ တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဟု အမည်ပြောင်းလဲခဲ့။

ဒုတိယကော်မရှင်

နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ် ၃၀/၂၀၁၇ ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ၂၃. ၁၁. ၂၀၁၇ ရက်စွဲဖြင့် ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် အဖွဲ့ဝင် စုစုပေါင်း ၁၂ ဦးဖြင့် တာဝန်ပေးအပ်ခဲ့။ စာရေးသူက တစ်ဦးအပါအဝင်ဖြစ်လာခဲ့။

ဥပဒေရည်ရွယ်ချက် (၆)ချက်

(၁) အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ရန်
(၂) သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ဖြစ်ထွန်းစေရန်
(၃) အများပြည်သူအုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှုမြင့်မားတိုးတက်လာစေရန်
(၄) အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်ပိုင်ပစ္စည်းများ၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေးအတွက် အကာအကွယ်ပေးရန်
(၅) အဂတိလိုက်စားမှုကျူးလွန်သူများအား ထိရောက်စွာအရေးယူရန်
(၆) တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများ၌ ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်

အဟောင်းမှအသစ်သို့

ကော်မရှင်အဟောင်းမှအသစ်သို့ လက်ဆင့်ကမ်းအမွေ။ အတွေ့အကြုံသည် ဆရာဖြစ်သည်။ ရှောင်ရန်၊ ဆောင်ရန်၊ ရှေ့ဆက်ရမည့်ခရီး။ မပြီးသေး။ အေးဆေးတည်ငြိမ်စွာ၊ လေးနက်စွာ၊ တက်ကြွစွာ၊ ပွင့်လင်းမြင်သာစွာ။ ဝန်ထမ်းအင်အားမပြည့်စုံသေး။ လုပ်ငန်းပမာဏနှင့် အချိုးကျအောင် ရွက်ဆောင်စရာတွေ၊ အားသစ်လောင်းစရာတွေ။ ဥပဒေ၏ယိုကွက်၊ ပျော့ကွက်။ အားနည်းချက်၊ အားသာချက်။ အဓိကပန်းတိုင်။ လူထုဆန္ဒ။ ပညာပေးရမည့်ဘာသာရပ်များ။ အပြစ်ပြောတတ်သူများ၏သဘာဝ။ အဆိုးမြင်၊ အကောင်းမြင်။ ဆင်ဆင်ခြင်ခြင် စဉ်းစဉ်းစားစား။ ရှေ့ဆက်သွားရမည့်ခရီးရှည် ဘာတွေပါလဲ။ သတိဖြင့်ဆင်ခြင်။ အားအင်နှင့် ချီတက်။ တစ်သက်စာအလုပ်တွေ ပြီးနိုင်ပါ့မလား။ တာဝန်မကျေရင်တော့ အိပ်ရာလိပ် လိပ်ဖို့သာပြင်။

နှစ်ဖက်ကျေနပ်သင့်မြတ်နေလျှင်

ရှေ့နေတာဝန်ထမ်းစဉ်က စွဲနေခဲ့သော တရားစီရင်ထုံးတစ်ခုကို ပြန်၍သတိရသည်။ ဤသို့ဖြစ်သည်။ "လာဘ်ပေးလာဘ်ယူကိစ္စများတွင် ပေးသူရှိ၍ယူသူရှိတတ်သည်။ နှစ်ဖက်ကျေနပ် သင့်မြတ်နေကြလျှင် အမှုမပေါ်။ ပေးသူက မကျေနပ်၍တိုင်တန်းမှ အမှုပေါ်တတ်သည်။ လက်ပူးလက်ကြပ်မိရန်ဆိုလျှင်လည်း ကြိုတင်ပြင်ဆင်၍ ဖမ်းရပြန်သည်။ ပေးစဉ်က ကျေနပ်စွာပေး၍ လိုတာမရသောအခါမှ လာရောက်သတင်းပေးသူ၊ ထိုသူ၏အကူအညီဖြင့် ဖမ်းဆီးရခြင်းတို့သည် မနှစ်မြို့ဖွယ်ဖြစ်သည်မှန်၏။ သို့ရာတွင် မနှစ်မြို့ဖွယ်ထဲမှာပင် အဖြစ်မှန်ကို ရှာဖွေရမည်ဖြစ်သည်။ မတော်မတရား လီဆယ်၍ အမှုဆင်ခြင်းဖြစ်သည်ကို တွေ့ရလျှင် အစွပ်စွဲခံရသူကို လွတ်ကင်း၍ ဒုက္ခငြိမ်းစေကာ မတရားစွပ်စွဲသူကိုပင် သင့်တော်သလို အရေးယူရမည်။ လာဘ်ယူခြင်းမှန်လျှင်မူကား ယခင်က ကျေနပ်စွာ ပေးခဲ့သူ၏ မသန့်ရှင်းခြင်း တစ်ရပ်တည်းကြောင့် လာဘ်ယူသူကို လွတ်ကင်းစေခွင့်သင့်မည်မဟုတ်ချေ"ဟု ဖော်ပြလမ်းညွှန်သည်။

အဂတိနှင့် စပ်လျဉ်းသော တရားစီရင်ထုံးတွေများလှပေသည်။ သင့်သလိုရည်ညွှန်း၊ ဆီလျော်သလို ဖော်ပြ၍ အဂတိတိုက်ဖျက်ရေးလုပ်ငန်းမှာ အသုံးပြုရဦးမည်ဟု ကျွန်တော်တွေးသည်။ ဥပဒေတာဝန်က ယနေ့တိုင် ဆက်လက်ထမ်းရဦးမည်။ ဥပဒေကိုမေ့၍မရ။ ဆက်လက် ကိုင်စွဲဦးမှ။

မှတ်သားသတိ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က **"အဂတိလိုက်စားမှုဟာ အယုံအကြည်ရှိမှု၊ ကောင်းမွန်တဲ့အုပ်ချုပ်မှုနဲ့ ပြည်သူ့ဝန်ထမ်းယန္တရားကြီးတစ်ခုလုံးရဲ့ ဂုဏ်ရှိမှုတို့ကို တိုက်စားဖျက်ဆီးပါတယ်။ အဂတိလိုက်စားခြင်းဟာ လူအနည်းငယ်ရဲ့အကျိုးကို အများအကျိုးရဲ့အထက်မှာထားရှိခြင်းဖြစ်တာကြောင့် ဒီမိုကရေစီရဲ့ ဗဟိုမူဖြစ်တဲ့ ပြည်သူကို ကိုယ်စားပြုတဲ့ အုပ်ချုပ်ရေးကို ထိပါးစေပါတယ်"** ဟု မှာကြားလမ်းညွှန်သည်။

ဤမှာကြားချက်သည် သတိလမ်းညွှန်ချက်ဖြစ်သည်။ အုပ်ချုပ်ရေးမူဝါဒ၏ အနှစ်သာရလည်း ဖြစ်သည်။ မှတ်သားသတိ၊ အသိရှိကြမည်။ မှတ်သားစရာတွေ၊ သတိပြုစရာတွေကား မကုန်နိုင်။ မှတ်နိုင်၊ လေ့လာနိုင်မှ တော်ကာကျမည်။ လက်တွေ့အသုံးဝင်မည်။

ဝန်ထမ်းတွေ

အဂတိပြုသူ ဘယ်သူတွေပါလိမ့်။ ဝန်ထမ်းတွေအများစုဖြစ်နေသလား။ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေ၊ လူထုနှင့် ပူးကပ်နီးစပ်သူတွေ၊ အာဏာကြီးကြီးကိုင်ထားသူတွေ၊ အပေးအယူများနေကြသလား။ ထင်ထင်ပေါ်ပေါ် မဟုတ်သော်ငြား တိုးတိုးတိတ်တိတ် ထိတ်ထိတ်ပျာပျာ၊ ငွေရှာ ဖန်တီးနေကြသလား။ ပေးသူ၊ ယူသူ ကြည်ဖြူနေကြသလား။ အများမသိအောင် တရားမရှိယောင်ဆောင်နေကြလေသလား။ ဘာပဲဖြစ်ဖြစ် ပြည်သူမချစ်၊ ပြည်သူမကြိုက်သောအလုပ်ကို မလုပ်လိုကြောင်း၊ မလုပ်သင့်ကြောင်း ထုံးဟောင်းသက်သေပြဆိုနေလေပြီ။ သူများပြောမှ ဆင်ခြင်တာမကောင်း။ ကိုယ့်ဘာသာကိုယ်ဆင်ခြင်ပြုပြင်လျှင်၊ ပြဿနာနည်းမည်။ ပို၍ကောင်းသည်။

အပုပ်နံ့

အပုပ်နံ့သည် နံဟောင်လှသည်။ ဖုံးလေ နံလေ။ ဖိလေ ထွက်လေ။ ဝှက်လေပေါ်လေ။ အဂတိသည် မစင်နံ့ပမာ။ ရေမွှေးဆွတ်သော်ငြား ပျောက်မသွား။ လောက၌ အဆင်းမလှ။ ချမ်းသာမှုမှာ တာရှည်မခံ။ ထောင်နန်းစံသည့်အခါကျမှ နောင်တရ။ လောဘ၊ ဒေါသ၊ မောဟ၊ အဂတိတရားဖုံးလွှမ်းသွား၍ အစားမတော်၊ အသွားမလှ၊ ဒုက္ခရောက်ကြရသည်။ ဒုက္ခကို ဝယ်ယူကြမည်လား။ သတိအသိ ရှိကြသင့်ပြီ။ သားတွေ၊ သမီးတွေ၊ မြေးတွေ၊ တစ်ဆွေလုံး တစ်မျိုးလုံး အုတ်အုတ်ကျက်ကျက် မျက်နှာမပျက်ကြစေချင်ပါ။

လူငယ်တွေ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့က စာပေပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကာတွန်းပြိုင်ပွဲ၊ စကားရည်လုပွဲတွေ ကျင်းပခဲ့သည်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်းဆုရ ကျောင်းသား ကျောင်းသူလေးတွေ၏ စွမ်းရည်၊ စေတနာသန့်ရှင်းသောကလေးဘဝ၊ မညစ်ထေး။ ဆန္ဒ၊ ဒေါသ၊ ဘယာ၊ မောဟ ကင်းစင်ကြသည်။ စာပေဆုရကြသည့်လူငယ်များကို ကြည့်ပြီး တွေးမိသေး။ သူတို့မျက်နှာကြည်လင်လိုက်တာဗျာ။ ပီတိဝေဆာမိသည်။

ယနေ့လူငယ်သည် နောင်ဝယ်လူကြီး။ အခြေခံဘဝအစ လူငယ်ဘဝကစပြီး အဂတိကို မုန်းကြစေ။ လာဘ်ပေးလာဘ်ယူ ဒို့ရန်သူ။ ဖြတ်လမ်းမရှိ။ အလုပ်လုပ်မှ ထမင်းရ။ အလုပ်မရှိ ထမင်းမရှိ။ မတော်လောဘမရှိ။ မတော်ဒေါသမရှိ။ မတော်မောဟမသိ။ ပကတိဖြူစင်ရိုးသားမှုကို ထာဝစဉ်တည်တံ့ကြစေဖို့ ပျိုးထောင်ကြစို့။ အဂတိကင်းကြစို့။ ပညာပေးကြစို့။ အသိဗဟုသုတ မျှဝေကြစို့။ ကိုယ့်သားသမီးတွေကို လက်ဆင့်ကမ်းအမွေ၊ ဖြူစင်စွာပေးကြစို့။ ဘဝအလှ သယ်ဆောင်ကြစို့။ ဤသို့ ကျွန်တော်တွေးသည်။ ယုံသည်။

ပေးသူ ယူသူ

ပေးသူရှိ၍ ယူသူရှိ။ ယူသူရှိ၍ ပေးသူရှိ။ အပြန်အလှန်ပါ။ ဆင်ခြင်စရာပါ။ တွေးကြည့်တော့နှစ်ဖက်စလုံးအပြစ်ရှိသည်သာ။ မပေးလျှင်မယူ၊ မယူလျှင်မပေး။ ကျင့်ဝတ်စည်းကမ်းဥပဒေဖြင့်သာ ရေရှည်တည်တံ့မည်။ တိတိကျကျလိုက်နာမှသာ ဘဝပန်းတိုင်သို့ လျှောက်နိုင်ကြမည်။ တစ်ဦးတစ်ယောက်တည်း လုပ်၍မရ။ တစ်ဖွဲ့တည်း လုပ်၍မရ။ ဟိုလူ လက်ညှိုးထိုး၊ ဒီလူ လက်ညှိုးထိုးနှင့် ပြီးမည်မထင်။ ဥပဒေလက်နက်ကိုဖြင့် လိုအပ်မှ သုံးသင့်ကြသည်ထင်သည်။ **သတိ။ အသိ။**

ပညာပေး ဗဟုသုတ

တိုင်စာကိုအလွယ်ရေး၍မရ။ အလွယ်ရေးသောတိုင်စာကို ကော်မရှင်က အရေးမယူ။ ပြည့်ပြည့်စုံစုံတိုင်ကြားမှ၊ အချက်အလက်စုံမှ၊ သတ်မှတ်ချက်နှင့်ညီညွတ်မှ အရေးယူသည်။ လုပ်ထုံးတွေ၊ စည်းကမ်းတွေများလိုက်တာဗျာဟု စိတ်မဆိုးကြနှင့်။ ဥပဒေနှင့်ညီမှ အရေးယူနိုင်မည်ကို ဗဟုသုတလေ့လာစေချင်သည်။ သိချင်တာရှိရင် ကော်မရှင်ကို ကြိုတင်မေးပါ။

နိဂုံး

(၁) အဂတိကင်းသော မြန်မာ၊ အဂတိတိုက်ဖျက်သော မြန်မာ။
(၂) စေတနာဝေဖြာသော မြန်မာ၊ သတိရှိသော မြန်မာ။
(၃) နိုင်ငံခြားသားများက လေးစားသော မြန်မာ။
(၄) ရင်းနှီးမြှုပ်နှံမှုတွေကိုကြိုသော မြန်မာ။
(၅) ဂုဏ်သိက္ခာမြင့်မားသော မြန်မာအဖြစ် ကမ္ဘာမှာ ဂုဏ်တင့်ပါစေကြောင်း (အဂတိသတိ) ဖြင့် အသိပေးမျှဝေကြိုဆိုအပ်ပါသည်ခင်ဗျား။ ။

စက်သုံးဆီဈေးတွေ မြင့်တယ်လို့ပြောနေရင် မြင့်တယ်ဆိုတာ တိုင်းတဲ့ပေတံတော့ ရှိဖို့လိုပါတယ်

ဒေါက်တာဝင်းမြင့်

မြန်မာနိုင်ငံ ပြည်တွင်းစက်သုံးဆီဆိုင်များတွင် ဈေးနှုန်းကြီးမြင့်စွာ ရောင်းချမှု၊ အရည်အသွေးပြည့်မီခြင်းမရှိသည့်ဆီများ ရောနှောရောင်းချနေမှုများနှင့် ပြည်ပမှ ဆီတင်သွင်းသည့် ဈေးကွက်တွင် ကုမ္ပဏီကြီးတချို့မှ လက်ဝါးကြီးအုပ်လုပ်ကိုင်နေမှုများရှိနေကြောင်း စက်သုံးဆီသုံးစွဲသူများအကြား ဝေဖန်မှုများရှိနေခဲ့သည်။ အဆိုပါ ဝေဖန်ပြောဆိုမှုများနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်-

မေး။ နိုင်ငံတကာမှာ စက်သုံးဆီဈေးနှုန်းကျဆင်းနေတယ်၊ ပြည်တွင်းမှာရှိတဲ့ စက်သုံးဆီဆိုင်တွေက ဈေးနှုန်းမြှင့်တင်ရောင်းချနေတယ်လို့ ပြောနေတာနဲ့ ပတ်သက်ပြီး ပြောပြပေးစေလိုပါတယ်။

ဖြေ။ နိုင်ငံတကာမှာ စက်သုံးဆီဈေး ကျတယ်လို့ ပြင်ပမှာပြောနေတာ မဟုတ်ပါဘူး။ နိုင်ငံတကာမှာ စက်သုံးဆီဈေးတွေက တက်နေပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ရောင်းတဲ့စက်သုံးဆီဈေးက နိုင်ငံခြားကနေ တင်သွင်းလာတဲ့ အရင်းဈေးပေါ်မှာ ထိုက်သင့်တဲ့အကျိုးအမြတ်ကိုသာ ယူပြီး ရောင်းချနေတာဖြစ်ပါတယ်။ အပြင်မှာ ဝေဖန်ပြောကြားနေသလို အမြတ်ကြီးစားနေတယ်၊ ဈေးတွေ များနေတယ်ဆိုတာ မဟုတ်ပါဘူး။ နိုင်ငံတကာမှာ ရောင်းနေတဲ့ ဈေးနှုန်းနဲ့ နှိုင်းယှဉ်ရင် ပြီးခဲ့တဲ့ နှစ်နှစ်အတွင်းမှာ ရောင်းချခဲ့တဲ့ စက်သုံးဆီ လက်ကားဈေး၊ လက်လီဈေးတွေသည် ဖြစ်သင့်ဖြစ်ထိုက်တဲ့အမြတ်နှုန်းထား နိုင်ငံတကာမှာယူတဲ့ အမြတ်နှုန်းထားထက် လျော့နည်းတဲ့အနေအထားမှာ တွေ့ရမှာ ဖြစ်ပါတယ်။ စက်သုံးဆီဈေးတွေမြင့်တယ်လို့ ပြောနေရင် မြင့်တယ်ဆိုတာ တိုင်းတဲ့ပေတံတော့ ရှိဖို့လိုပါတယ်။ မြင့်တယ်ပြောရအောင် ဘာနဲ့ပြောမလဲဆိုရင် အရင်းဈေး ဘယ်လောက်ကျလဲ၊ အရင်းဘယ်လောက် အမြတ်ဘယ်လောက်ယူလဲ ဆိုတာနဲ့ တိုင်းသင့်ပါတယ်။ အဲဒီလိုမတိုင်းဘဲနဲ့ ဖြစ်ပေါ်လာတဲ့ ဈေးနှုန်းပေါ်ကြည့်ပြီး မြင့်တယ် ပြောတယ်ဆိုရင်တော့ မပြည့်စုံဘူးလို့မြင်ပါတယ်။

မေး။ အာဆီယံနိုင်ငံတွေ၊ အိမ်နီးချင်းနိုင်ငံတွေနဲ့နှိုင်းယှဉ်ရင် ပြည်တွင်းစက်သုံးဆီဈေးကွက်အနေအထား ဘယ်လိုရှိသလဲဆိုတာ သုံးသပ်ပေးပါဦး။

ဖြေ။ အာဆီယံနိုင်ငံတွေကတော့ စက်သုံးဆီဈေးနှုန်းကို စင်ကာပူနိုင်ငံက ဈေးနှုန်းကို အခြေခံပြီးတော့ပဲ အရောင်းအဝယ်လုပ်ကြပါတယ်။ တစ်ကမ္ဘာလုံးအနေနဲ့ ဆိုရင်တော့ အမေရိကန် ဈေးနှုန်းကို အခြေပြုတဲ့ ဈေးနှုန်းသတ်မှတ်ချက်ရှိတယ်။ အာရပ်ပင်လယ်ကွေ့ကို အခြေခံတဲ့ ဈေးကွက်ရှိတယ်။ ပထမဆုံး ဈေးနှုန်းသတ်မှတ်ဖို့ဆိုရင် စက်သုံးဆီ အရည်အသွေးကို ပထမဆုံး သတ်မှတ်ပါတယ်။ ဒီဇယ်ဆိုရင် ဘယ်လိုအရည်အသွေး ရှိရမယ်ဆိုတာ နှစ်စဉ်ပြောင်းလဲနေတယ်။ ကမ္ဘာကြီးပြောင်းလဲလာတာနဲ့အမျှ သဘာဝပတ်ဝန်းကျင်ကို ပိုဂရုစိုက်လာကြတယ်။ ဂရုစိုက်လာပြီး ဒီဇယ်ဆိုရင် ဆာဖာလ်ပါဝင်မှုသတ်မှတ်လျှော့ချလာတယ်။ နိုင်ငံတကာမှာ အခုဆိုရင် ဆာဖာလ်ပါဝင်မှု ၁၀ ဖြစ်သွားပြီ။ ကျွန်တော်တို့မှာတော့ ၅၀၀ လောက်ရှိသေးတယ်၊ စင်ကာပူမှာ ဆာဖာလ်ပါဝင်မှုသတ်မှတ်ချက်က ၅၀၀၊ ဒီနှစ်ကုန်လို့ ဇန်နဝါရီလ ကူးတာနဲ့ ဆာဖာလ်ပါဝင်မှု ၁၀ ကို ပြောင်းတော့မယ်။ ၅၀၀ ကို တရားဝင် အရောင်းအဝယ် မလုပ်တော့ဘူး။ စင်ကာပူမှာ ဈေးနှုန်းကို အခြေခံပြီး အရောင်းအဝယ် လုပ်ကြပါတယ်။ ကျွန်တော်တို့နိုင်ငံကလည်း စင်ကာပူမှာသတ်မှတ်တဲ့ ဆီအရည်အသွေးနဲ့ ဈေးနှုန်းကို အခြေခံပြီး အရောင်းအဝယ် လုပ်ပါတယ်။ အရောင်းအဝယ်လုပ်တဲ့ နေရာမှာတော့ နိုင်ငံတကာနဲ့ နှိုင်းယှဉ်ရင် မြန်မာနိုင်ငံက ပိုမိုပြီး ပွင့်လင်းမြင်သာမှုရှိတယ်လို့ ပြောလို့ရပါတယ်။

အဲဒါဘာလဲဆိုရင် အာဆီယံ ၁၀ နိုင်ငံလုံးမှာ ကြည့်လိုက်ရင် စက်သုံးဆီ နိုင်ငံခြားက တင်သွင်းတဲ့လုပ်ငန်းတွေကို ကျွန်တော်တို့ဆီမှာ အကန့်အသတ်မထားဘူး။ မည်သူမဆို နိုင်ငံသားတိုင်း တင်သွင်းနိုင်တယ်ဆိုပြီး ခွင့်ပြုထားတယ်။ မကြာခင်က နိုင်ငံသားတင်မဟုတ်ဘူး၊ နိုင်ငံခြားသားတွေပါ ပေးလုပ်ပါဆိုပြီး ခွင့်ပြုခဲ့တော့ ကျွန်တော်တို့နိုင်ငံလောက် ပွင့်လင်းမြင်သာမှုရှိတဲ့ နိုင်ငံမရှိပါဘူး။ ကျွန်တော်တို့နိုင်ငံက စက်သုံးဆီတင်သွင်းရောင်းချတဲ့စနစ်က အာဆီယံ ၁၀ နိုင်ငံထက်တောင် ပိုသာပါတယ်။ အားလုံးကို အပြိုင်အဆိုင်လုပ်ခိုင်းထားပါတယ်။ တခြားနိုင်ငံတွေမှာဆိုရင် ကုမ္ပဏီ သုံး၊ လေးခုလောက်ပဲ ပေးလုပ်တယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ ဆီဆိုင်လည်း လုပ်လို့ရတယ်။ နိုင်ငံခြားကလည်း တင်သွင်းလို့ရတယ်။ အတားအဆီးတွေအားလုံးကို ဖယ်ရှားထားပါတယ်။

မေး။ ပြည်ပကနေ တင်သွင်းလာတဲ့ စက်သုံးဆီဈေးကွက်ကို ကုမ္ပဏီကြီးတချို့က လက်ဝါးကြီးအုပ်ထားတယ်လို့ ပြောနေကြတယ်။ အဲဒီအပေါ်မှာ ဘာများ ပြောချင်ပါသလဲ။

ဖြေ။ ဒီဝေဖန်မှုတွေက တချို့ကျတော့လည်း ရိုးရိုးသားသားပါပဲ။ သူတို့စိတ်ထဲမှာ သူတို့ထင်တာပေါ့။ လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကနဲ့ နှိုင်းစာမယ်ဆိုရင်တော့ စက်သုံးဆီဈေးတွေကလည်း တစ်နေ့ထက်တစ်နေ့ မြင့်တက်လာတယ်။ ဒီပေါ်မှာပဲ ကြည့်ပြီး ဈေးတွေမြင့်လာလိုက်တာပဲ ပြောလိုက်တာပေါ့။ ဒါပေမယ့် တချို့ကျတော့ အဲဒီလိုမဟုတ်ဘူး။ ရည်ရွယ်ချက်အမျိုးမျိုးနဲ့ သူတို့သွားချင်တဲ့ သူတို့ရချင်တဲ့ ရလဒ်တစ်ခုရှိတယ်။ အဲဒီရလဒ်တစ်ခုရဖို့ တချို့လည်း မီဒီယာကို

ဒေါက်တာဝင်းမြင့်

အသုံးပြုတာမျိုးတွေ့ရတယ်။ တချို့ကလည်း အင်တာနက်လူမှုကွန်ရက်တွေမှာ ရေးနေတာ တွေ့ရတယ်။ သိရက်နဲ့ သတင်းဖြန့်တဲ့သူတွေလည်း ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ မူဝါဒတစ်ခုကို ပြောင်းစေချင်တယ်ဆိုရင် အဲဒါနဲ့ ပတ်သက်တဲ့ သတင်းတွေက အမှန်လည်း ဖြစ်ချင်ဖြစ်မယ်၊ အမှားလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ သတင်းအမှန်ကြောင့် ပြောင်းလဲဖို့လိုတဲ့ မူဝါဒတစ်ခု ပြောင်းသွားတာက ဖြစ်သင့်ပါတယ်။ သတင်းအမှားတွေ လွှင့်ပြီးတော့မှ ပြောင်းလဲရန် မလိုသော၊ ပြောင်းလဲရန် မသင့်သော ပြောင်းလဲမှုတွေ ဖြစ်တာမျိုးဆိုရင် နိုင်ငံအနေနဲ့ နှမြောဖို့ကောင်းတာပေါ့။

မေး။ ပြည်ပက လုပ်ငန်းရှင်တွေ ပြည်တွင်းစက်သုံးဆီဈေးကွက်မှာ လာရောက်ရင်းနှီးမြှုပ်နှံတဲ့အခါ တိုင်းရင်းသားလုပ်ငန်းရှင်တွေအနေနဲ့ ဘယ်လို အခက်အခဲစိန်ခေါ်မှုတွေရှိလဲဆိုတာ သိပါရစေ။

ဖြေ။ တကယ်တမ်းကျတော့ တိုင်းရင်းသားလုပ်ငန်းရှင်တွေထဲမှာကိုပဲ အချင်းချင်းယှဉ်ပြိုင်ရတာ ခက်ပါတယ်။ ငယ်တဲ့ကုမ္ပဏီတွေက ကုမ္ပဏီကြီးတွေနဲ့ ယှဉ်ပြိုင်ပြီး လုပ်ရတာခက်တယ်။ ဒါပေမယ့် အားသာချက်က ဒေသခံပြည်သူတွေ ဖြစ်တဲ့အတွက် ဒေသခံပြည်သူတွေရဲ့ ထောက်ခံမှုရတယ်။ အင်အားငယ်ပေမယ့် ကုမ္ပဏီကြီးတွေနဲ့ ခုချိန်ထိ ကြိုးစားပြီးယှဉ်ပြိုင်တဲ့နေရာမှာ အခက်အခဲရှိပေမယ့် ယှဉ်ပြိုင်နိုင်တယ်။ အရင်က ဆီတောင်မလုပ်ဖူးတဲ့ ကုမ္ပဏီတွေက ခုချိန်မှာ တကယ်ကို 1 to 10 ဝင်လာတဲ့ ကုမ္ပဏီတွေလည်း ရှိခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ကြီးတယ် ငယ်တယ်မရွေးဘူး။ ကုမ္ပဏီကြီးလည်း အစွဲအလမ်းမထားဘူး၊ ကုမ္ပဏီလတ် ကုမ္ပဏီငယ်လည်း လုပ်ပါ၊ အားလုံးကို တူညီတဲ့ အခွင့်အရေးပေးထားပါတယ်။ တချို့ ကုမ္ပဏီကြီးတွေလည်း လုပ်ရင်းနဲ့ ရပ်သွားတာ ရှိတယ်။ တချို့ ကုမ္ပဏီငယ်တွေလည်း ကြိုးစားလုပ်ရင်းနဲ့ တိုးတက်သွားတာ ရှိတယ်။ ဒါက ပြည်တွင်း အနေအထားပေါ့။ နိုင်ငံခြား ကုမ္ပဏီနဲ့ဆိုရင် ငွေကြေးအခြေအနေပေါ့။ သူတို့နဲ့မတူပါဘူး။ နည်းပညာလည်း မမီပါဘူး။ ဒါပေမယ့် အများကြီးတော့ မကွာပါဘူး။ နိုင်ငံခြားကုမ္ပဏီတွေက ငွေကြေး၊ နည်းပညာ ကျွန်တော်တို့ထက်သာပါတယ်။ ဒါပေမယ့် ပြည်သူတွေလိုအပ်တဲ့ ဈေးနှုန်း၊ အရည်အသွေးမှာတော့ နိုင်ငံခြားကုမ္ပဏီတွေနဲ့ယှဉ်ပြိုင်ပြီး လုပ်နိုင်ပါတယ်၊ ကြိုးစားပြီး လုပ်နေပါတယ်။

မေး။ ပြည်တွင်းက စက်သုံးဆီဆိုင်တွေမှာ ဆီအရည်အသွေးပြည့်မီစွာ ရောင်းချဖို့ အသင်းက ဘယ်လိုကြပ်မတ်ပြီး ဆောင်ရွက်နေတယ်ဆိုတာ သိပါရစေ။

ဖြေ။ အဲဒီကိစ္စက တော်တော်လေး နူးညံ့သိမ်မွေ့ပါတယ်။ ပြည်တွင်းမှာ ရောင်းနေတဲ့ ဆီက ခွဲခြားမယ်ဆိုရင် နှစ်မျိုးရှိပါတယ်။ တစ်ခုက နိုင်ငံခြားက တင်သွင်းတဲ့ ဆီနဲ့ နောက်တစ်ခုက ပြည်တွင်းမှာ ချက်လုပ်တဲ့ ဆီဆိုပြီး နှစ်မျိုးရှိပါတယ်။ ပြည်တွင်းမှာ ဆီသုံးစွဲမှု ပမာဏရဲ့ ၉၀ ရာခိုင်နှုန်းလောက်က ပြည်ပ တင်သွင်းတာဖြစ်ပါတယ်။ ၁၀ ရာခိုင်နှုန်းလောက်ကပဲ ပြည်တွင်းမှာရှိတဲ့ ရေနံချက်တဲ့ ချက်ဖိုတွေက ထွက်တဲ့ စက်သုံးဆီတွေဖြစ်ပါတယ်။ နှစ်ခုရှိတဲ့ နေရာမှာ ပြည်ပက တင်သွင်းတဲ့ အပိုင်းမှာ သုံးစွဲသူတွေအတွက်ကို အဆင့်အတန်းမီတဲ့ဆီတွေ အရည်အသွေးသတ်မှတ်ပြီး တင်သွင်းပါတယ်။ အရင်တုန်းက ဆီမှာ ဆာဖာလ်ပါဝင်မှုများတဲ့ ဆီတွေ တင်သွင်းခဲ့ပေမယ့် အခုနောက်ပိုင်းမှာ ဆာဖာလ်အနည်းဆုံးပါဝင်တဲ့ ဆီတွေကိုပဲ တင်သွင်းပါတယ်။ ရောက်လာတဲ့ဆီတွေကိုလည်း စစ်ဆေးခံရပါတယ်။ စွမ်းအင်ဝန်ကြီးဌာနက ဆောင်ရွက်ပေးနေပါတယ်။ ဖြန့်ဖြူးတဲ့အပိုင်းမှာလည်း ဆိုင်တော်တော်များများက ဆီကောင်းတာပဲ ရောင်းကြပါတယ်။ နာမည်ကို သတိထားလာတဲ့အတွက်ကြောင့် ကောင်းတာပဲရောင်းကြပါတယ်။ တချို့တွေကျတော့လည်း ဈေးသက်သာတဲ့ဘက်ကို ပြိုင်ဆိုင်ချင်တဲ့အတွက်ကြောင့် ပြည်တွင်းက ချက်တဲ့ဆီတွေကိုရောပြီး ရောင်းကြတာရှိတယ်လို့ ခန့်မှန်းရပါတယ်။ နိုင်ငံခြားက တင်သွင်းလာတဲ့ ဆီတွေကို စစ်ဆေးဖို့ အသင်းရန်ပုံငွေ ကုမ္ပဏီတွေက ထည့်ဝင်ငွေတွေနဲ့ နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းတစ်ခု တည်ဆောက်ထားပါတယ်။ ပြီးသလောက်ရှိနေပါပြီ၊ စမ်းသပ်ဖို့ အနေအထားရှိနေပါပြီ။

မေး။ ပြည်တွင်း ဆီဆိုင်တွေမှာ တစ်ဆိုင်နဲ့တစ်ဆိုင် ဈေးနှုန်းကွာခြားတာ ဘာကြောင့်လဲ။

ဖြေ။ ဈေးကွက်စီးပွားရေးအရ အပြိုင်အဆိုင်လုပ်ကြတာပါ။ အပြိုင်အဆိုင်လုပ်တဲ့နေရာမှာ ဥပမာ ဆိုင်တစ်ဆိုင်က တစ်ရာခိုင်နှုန်း မြတ်မှလုပ်ချင်တယ်။ နောက်ဆိုင်က နှစ်ရာခိုင်နှုန်း မြတ်မှလုပ်ချင်တယ်။ အဲဒါမျိုးတွေ ရှိတာပေါ့။ တစ်ယောက်နဲ့တစ်ယောက် အမြတ်ယူတဲ့နှုန်းထားက မတူကြဘူး။ တချို့ အောင်မြင်ပြီးသား ဆိုင်တွေကြတော့လည်း ယူသင့်တဲ့အမြတ်ပဲ ယူကြတယ်။ အသစ်စလုပ်တဲ့ဆိုင်တွေကြတော့ ဝယ်သူမရှိသေးတော့ အမြတ်မယူဘဲ အရင်းအတိုင်း ရောင်းတာရှိတယ်။ ကိုယ့်ဈေးကွက်ကို ချဲ့ထွင်တာပါ။ ဈေးနှုန်းမတူဘဲ ဈေးနှုန်းများနေတယ်ဆိုတဲ့ ဆိုင်တွေရဲ့ ဈေးနှုန်းသည်ပင်လျှင် ဖြစ်သင့်ဖြစ်ထိုက်တဲ့ ဈေးနှုန်းအတွင်းမှာပဲ ရှိနေသေးတယ်ဆိုတာ ပြောကြားလိုပါတယ်။

မေး။ ဆီတွေကို ပြည်ပ ဘယ်နိုင်ငံတွေက တင်သွင်းပြီး တစ်လကို တန်ချိန် ဘယ်လောက်တင်သွင်းလဲဆိုတာ သိပါရစေ။

ဖြေ။ စက်သုံးဆီ တင်သွင်းတာက အဓိက စင်ကာပူပါ။ တချို့ကျတော့လည်း မလေးရှားက တင်သွင်းတာရှိပါတယ်။ များသောအားဖြင့် စင်ကာပူက တင်သွင်းတာပါ။ တစ်လ ဓာတ်ဆီတန်ချိန် နှစ်သိန်း၊ ဒီဇယ်က တန်ချိန် လေးသိန်း တင်သွင်းပါတယ်။

မေး။ ပြည်ပက ဆီကို ကုမ္ပဏီ ဘယ်နှခုလောက်က တင်သွင်းပြီး ပြည်တွင်းမှာ ဆီဆိုင် ဘယ်နှဆိုင်ရှိလဲဆိုတာ သိပါရစေ။

ဖြေ။ ပြည်ပက တင်သွင်းတာ သတ်မှတ်ထားချက်မရှိပါဘူး။ မည်သည့် ကုမ္ပဏီမဆို တင်သွင်းလို့ရပါတယ်။ တင်သွင်းနေတဲ့ ကုမ္ပဏီပေါင်း ၇၀ လောက်ရှိပါတယ်။ ဆီဆိုင် အရေအတွက်က ၂၀၀၀ ကျော်လောက်ရှိပါတယ်။

မေး။ ကမ္ဘာ့အင်အားကြီးနိုင်ငံတွေမှာ ဖြစ်ပျက်နေတဲ့ကိစ္စတွေနဲ့ပတ်သက်ပြီး စက်သုံးဆီဈေးကွက် မတည်ငြိမ်မှုဖြစ်တာ သက်ဆိုင်မှုရှိပါသလား။

ဖြေ။ စက်သုံးဆီကတော့ ကမ္ဘာပေါ်မှာ အချမ်းသာဆုံးဆိုတဲ့ အာရပ်နိုင်ငံတွေ၊ အမေရိကန်နိုင်ငံ အဲဒီနိုင်ငံတွေက အဓိက ထုတ်လုပ်သူတွေဖြစ်ပါတယ်။ လွန်ဆွဲတာတွေရှိပါတယ်။ အာရပ်နိုင်ငံတွေက ထုတ်လုပ်တာများတဲ့အခါ သူတို့ ထုတ်လုပ်တဲ့ ကုန်ပစ္စည်းတွေ ဈေးပိုရချင်တော့ ဈေးဆွဲတင်တယ်။ အမေရိကန်ကတော့ ထုတ်လည်း ထုတ်တယ်၊ ရောင်းလည်း ရောင်းတယ်။ ပြန်လည်း ဝယ်သုံးရတာများတယ်။ အမေရိကန်က ဈေးနှုန်းကို ကျစေချင်တဲ့အခါ ကျအောင်ဆောင်ရွက်တာတွေ ရှိတယ်။ သူ့ဆီမှာရှိတဲ့ စတော့ရှယ်ယာတွေ ထုတ်ရောင်းတာပေါ့၊ အဲဒါမျိုးနဲ့ ဈေးနှုန်းကျအောင် ဆောင်ရွက်တာလည်း ရှိပါတယ်။

မေး။ စက်သုံးဆီ သုံးစွဲမှုက ပြည်တွင်းမှာ တစ်နှစ်ထက်တစ်နှစ် ဘယ်လောက်မြင့်တက်မှုရှိတယ်ဆိုတာ သိပါရစေ။

ဖြေ။ ပြီးခဲ့တဲ့ ငါးနှစ်က စက်သုံးဆီ တစ်နေ့ကို ဂါလန် နှစ်သိန်း ဖြန့်ဖြူးပေးရတယ်။ အခုဆိုရင် ဆီဂါလန် ၁၀ သိန်းနဲ့ ၁၂ သိန်းလောက် ဖြန့်ဖြူးပေးနေရတယ်။ ခြောက်ဆလောက် သုံးစွဲမှုမြင့်တက်သွားတယ်။ ဒါက ဓာတ်ဆီသုံးစွဲမှုမြင့်တက်သွားတာပါ၊ ကျွန်တော်တို့နိုင်ငံနဲ့ လူဦးရေတူတဲ့ မလေးရှားနိုင်ငံနဲ့ ဆီသုံးစွဲမှု နှိုင်းယှဉ်ရင် မလေးရှားရဲ့ တစ်ဝက်လောက်ပဲ ရှိပါသေးတယ်။ ဒီဇယ်ကတော့ အရင်နှစ်တွေက တင်သွင်းမှုနဲ့ အခုတင်သွင်းမှု သိပ်မကွာဘူး။ သုံးစွဲမှုတောင် နည်းနည်းလျော့သွားတယ်။

ဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။

တွေ့ဆုံမေးမြန်း- မင်းသစ်(MNA)၊ ဓာတ်ပုံ- နေလင်း

ဂျပန်ဦးနှောက်ရောင်ရောဂါ ကြိုတင်ကာကွယ်ရေး သတိပေး နှိုးဆော်ချက်

* ဂျပန်ဦးနှောက်ရောင်ရောဂါသည် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများနှင့် အနောက်ပစိဖိတ်ဒေသနိုင်ငံ(၂၄)နိုင်ငံတွင် နှစ်စဉ်ဖြစ်ပွားလေ့ရှိပါသည်။
* အသက်အရွယ်မရွေးဖြစ်ပွားတတ်ပြီး အသက်(၁၅)နှစ်အောက် ကလေးများတွင် အများဆုံးဖြစ်ပွားကြောင်း တွေ့ရပါသည်။
* နောက်ဆက်တွဲအနေဖြင့် ဦးနှောက်ရောင်ရမ်းခြင်း၊ ဦးနှောက်နှင့် ကျောရိုးနာ့ဗ်ကြောမအပါအဝင် ဗဟိုအာရုံကြောစနစ်အစိတ်အပိုင်းများကို ထိခိုက်စေပါသည်။
* ဂျပန်ဦးနှောက်ရောင် ဗိုင်းရပ်စ်ပိုး သယ်ဆောင်သောခြင်မှတစ်ဆင့် ကူးစက်သည်။
* ရေစပ်တွင်နေထိုင်သောငှက်များ၊ ဝက်နှင့် အိမ်မွေးတိရစ္ဆာန်များတွင် ရောဂါပိုးဝင်ရောက်နေနိုင်ပါသည်။ ထိုတိရစ္ဆာန်များကို ကိုက်ပြီးသော ခြင်က လူကိုကိုက်ခြင်းဖြင့် ကူးစက်ပါသည်။
* ခြင်ကိုက်မခံရအောင် ခြင်ထောင်ဖြင့်အိပ်ခြင်း၊ ခြင်နိုင်လိမ်းဆေးလိမ်းခြင်း၊ အကျႌရှည်၊ ဘောင်းဘီရှည် ဝတ်ဆင်ခြင်းတို့ဖြင့် ရောဂါကူးစက်မှုကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။
* ကာကွယ်ဆေးထိုးနှံခြင်းသည် အကောင်ဆုံးနှင့် အထိရောက်ဆုံးသော ကာကွယ်တားဆီးခြင်းဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဖင်လန်နိုင်ငံ သံအမတ်ကြီးနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့တို့အား သီးခြားစီတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၅

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်နိုင်ငံသံအမတ်ကြီး H.E Ms. Riikka Laatu အား ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာနရှိ မေခလာခန်းမ၌ တွေ့ဆုံသည်။**(အောက်ပုံ)**

တွေ့ဆုံစဉ် မသန်စွမ်းသူများအတွက် ဘက်ပေါင်းစုံ ချဉ်းကပ်နည်းလမ်းများဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စများ၊ UEHRD ၏ လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းများ၊ ရခိုင်ပြည်နယ်ကိစ္စနှင့် ပတ်သက်၍ ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီလေးခုတည်ထောင်၍ ငြိမ်းချမ်းရေး၊တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဖွဲ့စည်း၍ အဆိုပါ အကြံပေးကော်မရှင်၏ အကြံပြုချက်များကို အကောင်အထည်ဖော်နေသည့် လုပ်ငန်းများ၊ လူသားချင်းစာနာကူညီမှု၊ ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ကိုယ်ဝန်ဆောင် မိခင်နှင့်မွေးကင်းစကလေးမှ အသက်(၂)နှစ်အရွယ်အထိ ထောက်ပံ့ငွေ ပေးအပ်ရေးနှင့် အသက်(၉၀)နှစ်နှင့်အထက် လူမှုရေးပင်စင်ပေးအပ်နေမှုများတွင် ကူညီနိုင်မည့်ကိစ္စများကို ဆွေးနွေးကြသည်။

ညနေပိုင်းတွင် မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့မှ ဦးနေလင်းစိုး ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံရာ၌ ၂၀၁၈ခုနှစ်တွင် မြန်မာ့ဒီမိုကရေစီ အကူးအပြောင်းကာလတွင် မသန်စွမ်းသူများနှင့် လူနည်းစုများ၏ အခွင့်အရေးများအား ကာကွယ်မြှင့်တင်ခြင်း ခေါင်းစဉ်ဖြင့် ကျင်းပမည့်ကဏ္ဍပေါင်းစုံပါဝင်ပတ်သက်သူများဖိုရမ်နှင့် စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာနိုင်ငံအတွင်း မသန်စွမ်းသူများ စာရင်းကောက်ယူမှုနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မသန်စွမ်းသူများအတွက် သီးသန့်တည်ထောင်ဖွင့်လှစ်မည့် သတင်းအချက်အလက်နှင့် နည်းပညာဆက်သွယ်ရေး သင်တန်းကျောင်း (ICT Training Centre) တွင် မသန်စွမ်းသူများ ပါဝင်ခန့်အပ်နိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးကြသည်။

သတင်းစဉ်

လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ အရှိန်အဟုန်မြင့် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး ဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၁၅

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် National Democratic Institute (NDI) Myanmar၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Peter M. Manikas နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံးခန်း၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် NDIအနေဖြင့် လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများတွင် အရှိန်အဟုန်မြင့် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများအတွက် ပိုမိုအကျိုးဖြစ်ထွန်းစေမည့် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများကျင်းပရေး၊ လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာစီမံကိန်း (၂၀၁၈ -၂၀၂၂)တွင်လည်း NDI အနေဖြင့် ပိုမိုပူးပေါင်းပါဝင် ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အောင်မြင်ပြီးမြောက်ခြင်းနှင့်စပ်လျဉ်းသည့် အစုအဖွဲ့အလိုက်ဆွေးနွေးပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၅

ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အောင်မြင်ပြီးမြောက်ခြင်းနှင့် စပ်လျဉ်းသည့် အစုအဖွဲ့ အလိုက် ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် "သန်းခေါင်စာရင်း အရည်အသွေးဆိုင်ရာ" ခေါင်းစဉ်နှင့် စပ်လျဉ်း၍ ဗဟိုစာရင်းအင်းအဖွဲ့မှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်သီတာထွေးနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့မှ ဦးအောင်ကိုဝင်းတို့က လည်းကောင်း၊ "ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ" ခေါင်းစဉ်နှင့် စပ်လျဉ်း၍ နာဂအမျိုးသားရေးကောင်စီမှ Athong Makuty က လည်းကောင်း ဆွေးနွေးကြသည်။

ထို့နောက် "အချက်အလက်များ အသုံးပြုမှုနှင့်ပတ်သက်သည့်"ခေါင်းစဉ်နှင့် စပ်လျဉ်း၍ စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခဌာနမှူး(ငြိမ်း) ဒေါ်ခင်မေသန်းက လည်းကောင်း၊ "လုပ်ငန်းအရှိန်အဟုန်ရေရှည်တည်တံ့အောင်ဆောင်ရွက်ခြင်း"ခေါင်းစဉ်နှင့် စပ်လျဉ်း၍ သန်းခေါင်စာရင်းဆိုင်ရာ ချင်းအမျိုးသားများ အထောက်အကူပြုကော်မတီမှ ဆလိုင်းအောင်လိန်းက လည်းကောင်း ဆွေးနွေးကြသည်။

အဆိုပါခေါင်းစဉ်များအပေါ် ဆွေးနွေးသူများက အခက်အခဲနှင့် စိန်ခေါ်မှုများ၊ အခွင့်အလမ်းများ၊ အတွေ့အကြုံနှင့်သင်ခန်းစာများ၊ ရှေ့လုပ်ငန်းဆိုင်ရာ အကြံပြုချက်များ၊ ရေးဆွဲရမည့်လုပ်ငန်းစဉ်များ၊ အခက်အခဲဖြေရှင်းနိုင်မည့်နည်းလမ်းများရှာဖွေခြင်းတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ခံခဲ့မှုအခြေအနေများနှင့် စပ်လျဉ်း၍ သန်းခေါင်စာရင်း ကောက်ခံရာတွင် တွေ့ကြုံခဲ့သည့် အခြေအနေများ၊ လူငယ်များ၏ အရေးပါမှု၊ သတင်းအချက်အလက်များရရှိမှု၊ လက်တွေ့အသုံးဝင်မှု၊ ကျန်းမာရေးကဏ္ဍနှင့် ကဏ္ဍစုံ အရေးပါမှုတို့ကို ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ကျော်ဇင်သန့်၊ ချင်းအမျိုးသားများအထောက်အကူပြု ကော်မတီမှ ဆလိုင်းပီပီ (ခ) ဆလိုင်းဝုန်းဇာပြောင်၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ ဦးမင်းဇာနည်လင်း၊ Social Vision Services မှ အမှုဆောင်ညွှန်ကြားရေးမှူး ဒေါ်ခင်သက်မော်နှင့် Socio-Economic G Gender Resource Institute မှ ညွှန်ကြားရေးမှူး ဒေါ်စန္ဒာသန့်တို့က ဆွေးနွေးကြသည်။

ထို့နောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမြင့်ကြိုင်က သန်းခေါင်စာရင်း ကောက်ခံရရှိသည့် စာရင်းအင်းနှင့် အချက်အလက်များအရ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

သတင်းစဉ်

❂ **ကျောဖုံးမှ**

"ရည်မှန်းထားတာကတော့ တစ်နှစ်မှာ တန်ချိန်တစ်သန်းလောက်သွင်းကုန်ထုတ်ကုန်လုပ်နိုင်မယ်လို့ မှန်းထားတဲ့အတွက် ဒီလုပ်ငန်းဆောင်ရွက်မှုကြောင့် ကုန်းလမ်းပို့ဆောင်ရေး ကုန်ကျစရိတ်တွေမှာ တစ်တန်ကို ၁၀ ဒေါ်လာလောက် သက်သာမယ်လို့ထင်တယ်၊ တစ်နှစ်လုံးအတွက်ဆိုရင် ကုန်သည်တွေအတွက်ကို ၁၀ သန်းလောက် သက်သာနိုင်မယ်လို့ ထင်ပါတယ်၊ နိုင်ငံတကာနဲ့ယှဉ်ပြီးလုပ်မယ်ဆိုရင် ကိုယ့်နိုင်ငံမှာလုပ်တဲ့အတွက်ကြောင့် ပိုပြီးစျေးသက်သာမှာပါ"ဟု Mr.Shuichi Sato က ပြောသည်။

ယင်းဆိပ်ကမ်းတွင် ကုန်ခြောက်ပစ္စည်း တန်ချိန်ပေါင်းသုံးသောင်းခန့်တင်ဆောင်နိုင်မည့် သင်္ဘောကြီးများ ဆိုက်ကပ်နိုင်ရန် အဓိကထားလုပ်ဆောင်သွားမည်ဖြစ်ပြီး ယခုအခါ သီလဝါအထူးစီးပွားရေးဇုန်ရှိ ဆိပ်ကမ်းများတွင် တန်ချိန်နှစ်သောင်းတင်ဆောင်နိုင်သည့်သင်္ဘောများ ဆိုက်ကပ်နိုင်ကြောင်း သိရသည်။

"၂၀၁၉ ခုနှစ်လောက်ဆို တန်ချိန်သုံးသောင်းလောက် ဆိုက်ကပ်နိုင်မှာပါ၊ အဲဒီအတွက်လည်း မြစ်ကြောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်နေတာတွေရှိပါတယ်၊ အများစုလာတဲ့နိုင်ငံတွေကတော့ စင်ကာပူ၊ အိန္ဒိယ၊ ဂျပန် အဲဒီနိုင်ငံတွေကတော့ ကုန်သွယ်မှုများပါတယ်၊ ကျွန်တော်တို့ နိုင်ငံဟာ ကောက်ပဲသီးနှံကို အခြေခံတဲ့နိုင်ငံဖြစ်တဲ့အတွက် ဒီအဆောက်အအုံဆောက်ပြီးသွားရင် ကျွန်တော်တို့နိုင်ငံအတွက် ကုန်ခြောက်နဲ့ပတ်သက်တဲ့ ကုန်ပစ္စည်းတွေ၊ သွင်းကုန်ပို့ကုန်တွေအတွက် အများကြီးအကျိုးရှိမှာပါ"ဟု မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဆိပ်ကမ်းအင်ဂျင်နီယာ ကိုဖြိုးအောင်က ပြောသည်။

သတင်း-ဇာနည်မောင်၊ အေးမင်းသူ
ဓာတ်ပုံ-CDSG

ပုံပြော၊ကဗျာရွတ်၊ဆေးရောင်စုံပြိုင်ပွဲဆုပေးပွဲကျင်းပ

ရွှေပြည်သာ ဒီဇင်ဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ၌ ကလေးများ၏ ဉာဏစွမ်းရည်၊ အပြောစွမ်းရည် တိုးတက်စေရန် ရည်ရွယ်၍ ပုံပြော၊ ကဗျာရွတ်၊ ဆေးရောင်စုံပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် အမှတ်(၁၅) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက ဇာတိမာန်သီချင်းဖြင့် ဖွင့်လှစ်ပေးခဲ့ပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဉာဏ်လင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းအောင်တို့က အဖွင့်အမှာစကား ပြောကြားပြီးနောက် မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးမိုးက ပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲကို ကျင်းပရာ ပြိုင်ပွဲအမျိုးအစား သုံးမျိုးတွင် ပါဝင်ယှဉ်ပြိုင်သူကျောင်းသား၊ ကျောင်းသူ ၅၇ ဦးရှိပြီး ပြိုင်ပွဲအလိုက် ပထမ၊ ဒုတိယ၊ တတိယ၊ အထူးဆု ရရှိသူကျောင်းသား၊ ကျောင်းသူများအား တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်နှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

❖ **စာပေညီလာခံမှ**

ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာမ ခင်မြဇင်၊ ချောအိမာန် (မန္တလေး)၊ ထက်နိုင်(တလုတ်မြို့)၊ သတိုး တို့က လည်းကောင်း၊ အထက်ဗမာနိုင်ငံ စာရေးဆရာအသင်းက “ယနေ့ကဗျာဆိုင်ရာ ဆွေးနွေးချက်” ခေါင်းစဉ်ကို ကဗျာဆရာ စံညိမ်းဦးက ဦးဆောင်ဆွေးနွေးပြီး ကဗျာဆရာ မော်မင်းသန်း၊ ညီ(ပခုက္ကူ)၊ လင်းသက်ငြိမ်တို့က လည်းကောင်း၊ သီးခြားအစုအဖွဲ့က “စာပေနှင့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ ပန်းချီ၊ ကာတွန်း” ခေါင်းစဉ်ကို အောင်စိုးဦးက ဦးဆောင်ဆွေးနွေးပြီး မောင်မျိုးမင်း(ရင်တွင်းဖြစ်)၊ မိရာမိုရ်၊ ကာတွန်း အောင်အောင်၊ ငြိမ်းမင်း တို့က လည်းကောင်း၊ သီးခြားအစုအဖွဲ့က “ခေတ်အဆက်ဆက် မြန်မာစာပေနှင့် လူငယ်များ” ခေါင်းစဉ်ကို ဆရာမ မေကျော့ရှင်းက ဦးဆောင်ဆွေးနွေးပြီး ဆရာမ ခင်သူသူဝင်း၊ အောင်သျှံဝိုင်း၊ ခိုင်ချစ်အောင် တို့က လည်းကောင်း၊ Pen Myanmar က “နိုင်ငံတကာ စာပေအသိုင်းအဝိုင်းဆီသို့” ခေါင်းစဉ်ကို စာရေးဆရာမ မသီတာ (စမ်းချောင်း)က ဦးဆောင်ဆွေးနွေးပြီး ဆရာ ဝင်းငြိမ်း၊ ပါစကယ်ခူးသွယ်၊ မြေမှုန်လွင်တို့က လည်းကောင်း၊ သီးခြားအစုအဖွဲ့(ပြည်) က “ကျဆင်းလာသော ရသစာပေခရီး” ခေါင်းစဉ်ကို ဆရာ ဇော်လွင်ဦးက ဦးဆောင်ဆွေးနွေးပြီး ဆရာ အောင်ဆန်းမင်း၊ မြင့်ဆွေ၊ ဇော်ဝင်း၊ ညွန့်ဆွေ တို့ကလည်းကောင်း ခေါင်းစဉ်အလိုက် ပါဝင်ဆွေးနွေးကြသည်။

ဆက်လက်၍ Pen Myanmar က “ကဗျာဆိုင်ရာ ဆန်းသစ်တီထွင်နိုင်မှုအပေါ် လွတ်လပ်ခွင့်နှင့် ရေရှည်ရပ်တည်နိုင်မှု” ခေါင်းစဉ်ကို ကဗျာဆရာ မောနွေက ဦးဆောင်ဆွေးနွေးပြီး ကဗျာဆရာ မောင်ဆောင်းခ၊ မောင်ဖြိုးဝေ တို့ကလည်းကောင်း၊ မြန်မာစာပေ ချစ်မြတ်နိုးသူများ အသင်းက “ဂန္ထဝင်စာပေ၊ ဂန္ထဝင်ကဗျာများ ထိန်းသိမ်းစောင့်ရှောက်ရေး” ခေါင်းစဉ်ကို စာရေးဆရာ ဂုဏ်ထူး ဦးသိန်းနိုင်က ဦးဆောင်ဆွေးနွေးပြီး ဆရာ ဦးအေးချို (မဟာဝိဇ္ဇာ)၊ သူရဇော်၊ ချိုမြနွယ်၊ ဦးမျိုးသန့် (မောင်ဖုန်းပြည့်- တက္ကသိုလ်)တို့ကလည်းကောင်း၊ သီးခြားအစုအဖွဲ့(ပြည်)က “စာရေးဆရာများ၏ အနာဂတ်ခရီး” ခေါင်းစဉ်ကို ဆရာ ဦးစိုးမြင့်က ဦးဆောင်ဆွေးနွေးပြီး ဆရာမျိုးဝင်း၊ အောင်စိုး၊ တင့်လွင်၊ မောင်မြင့် တို့ကလည်းကောင်း၊ အထက်ဗမာနိုင်ငံ စာရေးဆရာအသင်းက “ကဗျာဆရာဘဝ အထွေထွေခံစားပိုင်ခွင့်၊ ကာကွယ်စောင့်ရှောက်ခွင့်နှင့် တာဝန်”ခေါင်းစဉ်ကို ဆရာမောင်နီဦးက ဦးဆောင်ဆွေးနွေးပြီး ဆရာဥက္ကာကျော်၊ မောင်နေသစ် (ရေဦး)၊ မောင်သန်းစိုး(ချောက်)တို့က လည်းကောင်း၊ မြန်မာဘာသာပြန်ကွန်ရက်က “How to build a bridge between languages” ခေါင်းစဉ်ကို ပြည်ပစာပေ ပညာရှင်များဖြစ်ကြသည့် Dan Feng က ဦးဆောင်ဆွေးနွေးပြီး Kate Griffin၊ Nasir Tamara၊ မိုးသက်ဟန် တို့က လည်းကောင်း၊ မြန်မာစာရေးဆရာကလပ်က “စာရေးဆရာနှင့် စာပေဩဇာ”ခေါင်းစဉ်ကို စာရေးဆရာမ နှင်းဝေငြိမ်းက ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာမ စမ်းစမ်းနွဲ့(သာယာဝတီ)၊ မာန်(တောင်လုံးပြန်)၊ ကိုရိုးကွန့် တို့ကလည်းကောင်း ခေါင်းစဉ်အလိုက် ပါဝင်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဆွေးနွေးဖြေကြားကြသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်းက “အမျိုးသားယဉ်ကျေးမှု၊ အမျိုးသားစာ၊ အမျိုးသားကဗျာ တည်တံ့ရေး” ခေါင်းစဉ်ဖြင့် ဆွေးနွေးစဉ်။

အလားတူ ညီလာခံပထမနေ့မှ တတိယနေ့အထိ စာပေနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များက သက်ဆိုင်ရာ ခေါင်းစဉ်များအလိုက် ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးခဲ့မှုများအပေါ် Pen Myanmar မှ စာရေးဆရာမ မသီတာ (စမ်းချောင်း)က “ဒီညီလာခံမှာ ဦးဆောင်ဆွေးနွေးသူအဖြစ်နဲ့ ပါဝင်ဆောင်ရွက်ခဲ့ပါတယ်၊ ကျွန်မပါဝင်ခဲ့တဲ့ ကဏ္ဍနဲ့ပတ်သက်ပြီး ဝင်ရောက်ဆွေးနွေးတဲ့ ဆရာကျော်ဝင်းနဲ့ ကိုတာတို့ရဲ့ ဆွေးနွေးမှုတွေကို အပြည့်အဝအားရကျေနပ်မှုရှိပါတယ်၊ ညီလာခံမှာ အများစု ခြုံငုံကြည့်မယ်ဆိုရင် စီစဉ်သူတွေဘက်ကလည်း ၅၅ နှစ်မှာ တစ်ခါကျင်းပတာ ဖြစ်တဲ့အတွက်ကြောင့် တချို့ ချို့ယွင်းချက်လေးတွေတော့ တွေ့ရတယ်၊ စပီကာတွေ ဘက်ကလည်း စကားဝိုင်းဆွေးနွေးမှုကို နားလည်မှုတော်တော်နည်းနေသေးတယ်၊ အစဉ်အလာမရှိတဲ့ အခါကျတော့ ဟောပြောပွဲဆန်ဆန်ဖြစ်သွားတာမျိုးတွေ တွေ့ရတယ်၊ ဒီညီလာခံကြီးရဲ့ တကယ့် အချက်အလက်ကတော့ အဆိုပြုချက်တွေထွက်လာအောင် ပြောရမှာဖြစ်တယ်၊ ဒါပေမယ့် ဘာသာရပ်ဆိုင်ရာ ဆွေးနွေးမှုမျိုးတွေ ဖြစ်သွားတယ်၊ တိတိကျကျ အဆိုပြုချက်မျိုးတွေ ထွက်လာအောင် ဆွေးနွေးတာမျိုး အားနည်းနေတာတွေ့ရတယ်”ဟု ၎င်း၏ အမြင်ကို ပြောသည်။

ဆက်လက်၍ ၎င်းက “နောက်တစ်ခုက ပါဝင်ဆွေးနွေးသူတချို့တွေကျတော့ အဖွဲ့အစည်းတို့၊ နောက်ခံတို့နဲ့ ဒီအပေါ်မှာလာပြီး ဆွေးနွေးကြတာကိုလည်း သတိထားမိတယ်၊ အဲဒီအခါမှာ စာပေကိစ္စ သက်သက်မဟုတ်တော့ဘဲနဲ့ လိုရင်းကိုမရောက်ဘူး၊ အချိန်ကာလ အများကြီးကြာမှ ပြန်လုပ်တဲ့ ညီလာခံဖြစ်တဲ့အတွက် ရင့်ကျက်မှု နည်းနေပါသေးတယ်၊ ဒီလိုညီလာခံကို ရင့်ရင့်ကျက်ကျက်နဲ့ ကောင်းမွန်တဲ့ ညီလာခံဖြစ်ဖို့ဆိုရင် နောင်နှစ်တွေမှာ ဆက်လက်လုပ်ဆောင်ဖို့လိုပါတယ်”ဟု ပြောသည်။

အကြောင်းအရာတစ်ခုအပေါ် တစ်ဦးချင်းစီ၏ မတူညီသော ရှုထောင့်၊ အသိအမြင်၊ အတွေး၊ ဆင်ခြင်သုံးသပ်ခြင်းများဖြင့် ဆွေးနွေးရာမှ ပိုမိုပြည့်စုံသော အကြောင်းအရာ၊ စိတ်ကူးစိတ်သန်း ရလဒ်ကောင်းများ ရရှိလာစေရန် ရည်ရွယ်၍ အဆိုပါ ဆွေးနွေးမှု စကားဝိုင်းများကို ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

စာပေညီလာခံကို ဒီဇင်ဘာ ၁၃ ရက်မှစ၍ ဒီဇင်ဘာ ၁၆ ရက်အထိ လေးရက်ကြာကျင်းပလျက်ရှိပြီး ပထမနေ့မှ တတိယနေ့အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ စာပေပညာရှင်များနှင့် စာရေးဆရာ ဆရာမ ၂၀၀ ကျော် တို့က သက်ဆိုင်ရာခေါင်းစဉ်အလိုက် ဆွေးနွေးမှုများ ပြုလုပ်ကြရာ စာရေးဆရာ ဆရာမများ၊ စာပေနယ်ပယ်အသိုင်းအဝိုင်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ စာပေဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စတုတ္ထနေ့တွင် ဆွေးနွေးမှုရလဒ်များကို ညီလာခံသို့ တင်သွင်းပြီး အတည်ပြုချက်ရယူကာ ပြန်ကြားရေးဝန်ကြီးဌာနသို့ တင်သွင်းသွားမည်ဖြစ်ပြီး ထိုမှတစ်ဆင့် နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပေးပို့သွားမည်ဖြစ်သည်။

ညီလာခံနှင့် ပတ်သက်၍ ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ကဗျာဆရာ မောင်သွေးသစ်က “သုံးရက်အတွင်း ဆွေးနွေးခဲ့တဲ့အထဲမှာ ဆွေးနွေးတဲ့အကြောင်းအရာတွေ တူတာမျိုးရှိတယ်၊ ဆွေးနွေးချက်တွေကို နေ့စဉ်ကျွန်တော်တို့ကော်မတီအဖွဲ့ကနေ ပြန်ပြီးသုံးသပ်ပါတယ်၊ အဲဒီအခါမှာ ဆွေးနွေးချက်အတွေအပေါ် အကြောင်းအရာတူတာတွေကို ပေါင်းလိုက်ပါတယ်၊ နောက်ဆုံးနေ့မှာတော့ ညီလာခံကနေ အများသဘောတူ ဆုံးဖြတ်ချက်တွေအားလုံးကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ကြေညာချက်တွေ ထုတ်ပြန်သွားမှာ ဖြစ်ပါတယ်၊ ညီလာခံကိုတင်သွင်းမယ့် အဆိုပြုချက်ကတော့ ၃၀ အောက်မှာ ရှိပါတယ်၊ စာပေညီလာခံ(၂၀၁၇)သည် မနက်ဖြန်မှာ အထွတ်အထိပ်ဖြစ်ပါတယ်”ဟု ပြောသည်။

စာပေညီလာခံ(၂၀၁၇)ကျင်းပသည့် စတုတ္ထနေ့(နောက်ဆုံးနေ့)တွင် စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေကဏ္ဍဆိုင်ရာ သဘော သဘာဝများ၊ လုပ်ထုံးလုပ်နည်း၊ ဥပဒေအကြောင်းအရာ အပြောင်းအလဲနှင့် သက်ဆိုင်သည့် အဆိုပြုချက်များ စသည်တို့အပါအဝင် အဆိုပြုချက်ပုံစံအမျိုးမျိုး ထွက်ပေါ်လာနိုင်မည်ဖြစ်သဖြင့် စာပေအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များအားလုံး တက်ရောက်ပါဝင်ရန် အဆိုပါ ညီလာခံကျင်းပရေးကော်မတီက နှိုးဆော်ထားကြောင်း သိရသည်။

စာပေညီလာခံ(၂၀၁၇)ကို မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အထက်ဗမာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာစာပေချစ်မြတ်နိုးသူများအသင်း၊ မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း၊ မြန်မာနိုင်ငံ ကဗျာဆရာသမဂ္ဂ၊ Pen Myanmar၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံစာရေးဆရာ သမဂ္ဂ၊ မြန်မာနိုင်ငံစာရေးဆရာကလပ်၊ မြန်မာနိုင်ငံကာတွန်းဆရာ အသင်း၊ မြန်မာဘာသာပြန်ကွန်ရက်တို့ ပူးပေါင်း၍ ကျင်းပခြင်းဖြစ်သည်။ **သတင်း- ဇော်ကြီး၊ ဓာတ်ပုံ- လှမိုး**

သီးခြားအစုအဖွဲ့က “ခေတ်ပေါ်ကဗျာယဉ်ကျေးမှု” ခေါင်းစဉ်ဖြင့် ဆွေးနွေးစဉ်။

Pen Myanmar က “တိုင်းရင်းသားစာပေ၏ အခန်းကဏ္ဍ” ခေါင်းစဉ်ဖြင့် ဆွေးနွေးစဉ်။

❒ **YBS မှ**

ယာဉ်အစီးရေ တိုးချဲ့ပေးသွားပါမယ်”ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

YBS ၄၃ ယာဉ်လိုင်း၏ ခရီးစဉ်လမ်းကြောင်းမှာ မင်္ဂလာဒုံ ဝါယာလက်မှ ကျိုက္ကလို့၊ ကျိုက္ကလဲ့၊ မင်္ဂလာဒုံဈေး၊ ခရေပင်လမ်းခွဲ၊ ဆေးကျောင်း၊ ဘီအိုစီ၊ ပန်းခြံကုန်း၊ စော်ဘွားကြီးကုန်း၊ ကျောက်တော်ကြီး၊ ဆယ်မိုင်ကုန်း၊ ၉ မိုင်၊ ၈ မိုင်၊ နဝဒေး၊ ကမ္ဘာအေး၊ ချော်တွင်းကုန်း၊ မြန်မာပလာဇာ၊ ပြည်ထဲရေးရုံး၊ ရန်ကင်းဈေးကွေ့၊ သျှင်ပါကူ၊ ကျောက်မြောင်းဈေး၊ ယုဇနပလာဇာတို့ကို ဖြတ်သန်းကာ ဗိုလ်တထောင်အထိ ပြေးဆွဲသွားမည်ဖြစ်သည်။

ယင်းအပြင် ခရီးစဉ်လမ်းကြောင်းအသစ် နှစ်ခုကိုလည်း YBS ၆၂ နှင့် YBS ၇၂ ဟူ၍ ပြေးဆွဲပေးသွားမည်ဖြစ်ပြီး လမ်းကြောင်းမှာ သာကေတ(အဝိုင်း)ဂိတ်ရင်းမှ ရှုခင်းသာ၊ ပန်းခြံ၊ ရုပ်ရှင်ရုံ၊ အနော်မာ၊ ဈေးကွေ့၊ ကျောက်တိုင်၊ အသောက၊ တာမွေ၊ ကျောက်မြောင်းဈေး၊ မင်္ဂလာဈေး၊ မဆလာစက်၊ သိမ်ဖြူ စသည့် မှတ်တိုင်များကို ဖြတ်ကာ ဘားလမ်း၊ လမ်း ၃၀ အတိုင်း မြို့တွင်းသို့ ပတ်၍ မော်တင်တွင် ဂိတ်ဖျားအဖြစ် သတ်မှတ်ထားကာ ယင်းမှ ကမ်းနားလမ်းအတိုင်း မြို့တွင်းမှ ပြန်ထွက်၍ ယင်းလမ်းကြောင်းအတိုင်း သာကေတသို့ ပြေးဆွဲသွားမည့် လမ်းကြောင်းဖြစ်သည်။ အခြားလမ်းကြောင်းသစ်တစ်ခုမှာ ဒဂုံတက္ကသိုလ်နှင့် အထက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင် ကမ်းနားလမ်းကို ချိတ်ဆက်ပြေးဆွဲမည့် လမ်းကြောင်းဖြစ်ပြီး ဒဂုံတက္ကသိုလ်မှ ပြည်ထောင်စုလမ်း၊ လေးဒေါင့်ကန်လမ်း၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ ရွှေဂုံတိုင်၊ ဓမ္မစေတီလမ်း၊ မြေနီကုန်း၊ ဗားကရာလမ်းမှ အောက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်ကမ်းနားလမ်းအတိုင်း ပြန်လည်ပြေးဆွဲသွားမည့် လမ်းကြောင်းဖြစ်သည်။

အဆိုပါ လမ်းကြောင်းသစ် သုံးခုကို ယာဉ်လိုင်းတစ်လိုင်းလျှင် ယာဉ်အစီးရေ ပျမ်းမျှ ၄၀ ခန့်ဖြင့် ပြေးဆွဲရန်လျာထားပြီး ခရီးသည်စီးနင်းမှုအပေါ် မူတည်၍ တိုးချဲ့ပေးသွားမည်ဟု သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တရုတ်နိုင်ငံအစိုးရနှင့် ချိတ်ဆက်ဝယ်ယူခဲ့သော Yutong နှင့် Ankai ဘတ်စ်ကားသစ် အစီး ၅၀၀ စီအား အများပိုင်ယာဉ်လိုင်းကုမ္ပဏီဖြစ်သည့် YBPC ကုမ္ပဏီနှင့် YUPT ကုမ္ပဏီတို့ကို အစီး ၅၀၀ စီဖြင့် ထည့်ဝင်ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း သိရသည်။ **ဝဝ၁**

ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာအသစ် တိုးချဲ့တည်ဆောက်

ဇီးကုန်း ဒီဇင်ဘာ ၁၅

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့ အမှတ်(၁)ရပ်ကွက် ယောမင်းကြီးလမ်းတွင် ၁၁ ကေဗွီ ဓာတ်အားလိုင်း ပေ၂၀၀၀၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း သုည ဒသမ ၅ မိုင်နှင့် ၁၁/သုည ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး အသစ်တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ဘတ်ဂျက်ခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရန်နိုင်ဝင်း ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၃ ရက်တွင် လုပ်ငန်းအားလုံး၏ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းအားလုံးပြီးစီးပါက ဇီးကုန်းမြို့ အမှတ်(၁)ရပ်ကွက် ယောမင်းကြီးလမ်း၊ ရာဇသင်္ကြန်လမ်းနှင့် လှိုင်ထိပ်ခေါင်တင်လမ်းတို့ရှိ ဓာတ်အားသုံးစွဲသူများ ဗို့အားပြည့်ဝစွာ သုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။ **၁၄၃**

မြစ်ကြီးနားမြို့၌ လီဆူစာပေ နှစ်(၁၀၀)ပြည့် ဂျူဗလီပွဲတော် ကျင်းပ

မြစ်ကြီးနား ဒီဇင်ဘာ ၁၅
လီဆူတိုင်းရင်းသားလူမျိုးတို့၏ စာပေကို ၁၉၁၇ ခုနှစ်မှ စတင်တီထွင်အသုံးပြုခဲ့ပြီး ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံ လီဆူစာပေနှင့် ယဉ်ကျေးမှု ဗဟိုကော်မတီ၊ ပွဲဖြစ်မြောက်ရေး ကော်မတီက ကြီးမှူးကျင်းပသည့် လီဆူစာပေ နှစ်(၁၀၀)ပြည့် ဂျူဗလီပွဲတော်ကို မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက် လီဆူစာပေနှင့်ယဉ်ကျေးမှု ဗဟိုကွင်း၌ ကျင်းပသည်။

ပွဲတော်တွင် ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးနေဝင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်တို့က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ် လီဆူတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးအားတီယောဟန်က အမှာစကား ပြောကြားကာ ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား အလှူငွေကျပ် သိန်း ၅၀ နှင့် လီဆူစာအုပ်စာပေများကို နှစ်(၁၀၀)ပွဲဖြစ်မြောက်ရေးကော်မတီထံ ပေးအပ်သည်။

ဆက်လက်၍ လီဆူစာပေ နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် မော်ကွန်းကျောက်တိုင်ကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညီညီဆွေ၊ ပြည်နယ် လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ရှမ်းပြည်နယ် လီဆူတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးဂူဆာ၊ ဗဟိုလီဆူစာပေနှင့် ယဉ်ကျေးမှုကော်မတီ နာယက ဦးအောင်သိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးယောနနှင့် ပွဲဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့် စည်ပင်သာယာရေးဝန်ကြီးတို့က မော်ကွန်းကျောက်တိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် လီဆူရိုးရာကွင်းအတွင်း၌ လီဆူတိုင်းရင်းသားတို့၏ ရိုးရာကွာချဲအကကို တပျော်တပါး စုပေါင်းကကြသည်။

ယနေ့ကျင်းပသည့် လီဆူစာပေ နှစ်(၁၀၀)ပြည့်ပွဲတော်တွင် လီဆူစာပေဟောပြောပွဲများ၊ ချီးမွမ်းကိုးကွယ်ခြင်းများ၊ လီဆူရိုးရာ အမွေအနှစ်ဖြစ်သည့် ဒူးလေးပစ်ပြိုင်ပွဲ၊ လီဆူရိုးရာ ကွာချဲအကပြိုင်ပွဲများနှင့် ပိုက်ကျော်ခြင်း ကျား/မ၊ ဘော်လီဘော၊ ဖူဆယ် စသည့် အားကစားပြိုင်ပွဲများ အပြင် လီဆူတိုင်းရင်းသားတို့၏ စာပေ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံ ပြခန်း အပါအဝင် ဈေးဆိုင်ခန်းများကို ဒီဇင်ဘာ ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

လီဆူစာပေကို ၁၉၁၃ ခုနှစ်တွင် အင်္ဂလိပ်အက္ခရာနှင့် အင်္ဂလိပ်သဒ္ဒါကို အခြေခံ၍ (Q)အက္ခရာမှအပ ကျန်အင်္ဂလိပ်အက္ခရာများအပြင် အင်္ဂလိပ်စာ၌ မရှိသော လီဆူအသံထွက်များကိုရေးနိုင်ရန် အင်္ဂလိပ်အက္ခရာ ပြောင်းပြန် ၁၅ လုံးကို ထည့်သွင်းအသုံးပြု၍တီထွင်ခဲ့ပြီး ၁၉၁၇ ခုနှစ်တွင် စာပေသင်ခန်းစာကို လက်ရေးမူဖြင့် ထုတ်ဝေကာ စတင်သင်ကြားပေးခဲ့နိုင်သည့်အပြင် လီဆူစာပေဖြစ်ကြောင်းကို နိုင်ငံတကာစာပေခွင့်ပြုချက်အမှတ် Reg; No. GBC. PO421, Secr9(g) ဖြင့် ၁၉၂၂ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် အသိအမှတ်ပြုပြဋ္ဌာန်းခဲ့ကြောင်း သိရသည်။ ၁၉၁၇ ခုနှစ်မှစတင်ပြီး လီဆူစာပေအက္ခရာကို စတင်ထိန်းသိမ်းသုံးစွဲလာနိုင်ခဲ့ရာမှ ယနေ့တွင် လီဆူစာပေ နှစ်ပေါင်း(၁၀၀)ပြည့်ပြီဖြစ်သောကြောင့် ယခုပွဲတော်ကို တရုတ်၊ ထိုင်း၊ အမေရိကန်နှင့် အခြားဥရောပနိုင်ငံများမှ လီဆူတိုင်းရင်းသားများ စုစည်း၍ စည်ကားသိုက်မြိုက်စွာ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

ပြည်နယ်ပြန်/ဆက်

အင်းဝအပ်ချုပ်ဆိုင်အမှုကို ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးက အပြီးသတ်စီရင်ချက်ချမှတ်

ရန်ကုန် ဒီဇင်ဘာ ၁၅
တရားစွဲဆိုခံရသော အင်းဝအပ်ချုပ်ဆိုင် မိသားစုဝင်ခြောက်ဦးအား ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးက ဥပဒေနှင့်အညီ ယနေ့မွန်းလွဲ ၁ နာရီခွဲခန့်က စီရင်ချက်အသီးသီး အပြီးသတ်ချမှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါအမှုကို အင်းဝအပ်ချုပ်ဆိုင်ဘက်မှ လိုက်ပါဆောင်ရွက်နေသော အထက်တန်းရှေ့နေ ဒေါ်နှင်းဆုအောင်က မိသားစုဝင်ခြောက်ဦးအနက် ဒေါ်တင်သူဇာနှင့် ဒေါ်စုမွန်လတ်တို့ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ အပြင်းအထန်နာကျင်စေမှု၊ ချုပ်နှောင်ထားမှု၊ လူကုန်ကူးမှုတွင် အားပေးအားမြောက်ပြုမှု၊ ပူးပေါင်းကြံစည်မှု ပုဒ်မများနှင့် လူကုန်တား(၂၄/၂၉)အရ (၁၀)နှစ်စီ၊ (၃၂၅)အရ (၅)နှစ်စီ၊ (၃၂၃)အရ (၁)နှစ်စီ၊ (၃၄၁)အရ (၁)လစီ ငါးနှစ်ဦးအား တစ်ပေါင်းတည်း အလုပ်နှင့် ထောင်ဒဏ်(၁၆)နှစ် (၁)လ စီရင်ချက်ချမှတ်ခဲ့ကြောင်း၊ ဦးရာဇာထွန်းကို လူကုန်တား(၃၂၅)အရ (၅)နှစ်၊ (၂၄/၃၂)အရ(၇)နှစ်၊ (၃၂၃)အရ(၁)နှစ်၊ (၃၄၁)အရ(၁)လ စုစုပေါင်း အလုပ်နှင့် ထောင်ဒဏ်(၁၃)နှစ်(၁)လ စီရင်ချက်ချမှတ်ခဲ့ကြောင်းနှင့် ဦးတင်မင်းလတ်အား လူကုန်တား(၂၄/၃၂)အရ (၇)နှစ်၊ (၃၄၁)အရ (၁)နှစ်၊ (၃၂၃)အရ (၁)နှစ် အလုပ်နှင့် ထောင်ဒဏ်(၁)လ စုစုပေါင်း(၉)နှစ် (၁)လ စီရင်ချက်ပြစ်ဒဏ်များ ချမှတ်ခဲ့ကြောင်း သိရသည်။

ယင်းအမှုတွင် ပါဝင်စစ်ဆေးခံရသည့် ဒေါ်သီရိလတ်နှင့် ဦးကိုလတ်တို့မှာ ရာဇဝတ်ကျင့်ထုံးဆိုင်ရာ ဥပဒေ ၁၅၈(၁)အရ အဆိုပါပုဒ်မများနှင့် စီရင်ရန်မသင့်ကြောင်း စစ်ဆေးပေါ်ပေါက်ချက်အရ အမှုမှ ကွင်းလုံးကျွတ် အပြီးသတ်လွှတ်ပေးလိုက်ကြောင်း သိရသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)







ရခိုင်ပြည်နယ်သတင်း

ဟာသမျက်လှည့်ပညာရှင် မစ္စတာတော့(ပ်)နှင့် သား ဟယ်ရီတို့၏ ကမ္ဘာ့အဆင့်မီ မျက်လှည့်ဖျော်ဖြေပွဲ ကြည့်ရှုအားပေးသူများဖြင့် အထူးစည်ကား

စစ်တွေ ဒီဇင်ဘာ ၁၅
ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ အထူးဖိတ်ကြားချက်ဖြင့် (၄၃)ကြိမ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ရခိုင်နွယ်ဖွား ကမ္ဘာကျော် ဟာသမျက်လှည့်ပညာရှင် မစ္စတာတော့(ပ်)နှင့် သား ဟယ်ရီတို့၏ ကမ္ဘာ့အဆင့်မီ မျက်လှည့်ဖျော်ဖြေပွဲကို ဒီဇင်ဘာ ၁၄ ရက် ည ၈ နာရီတွင် စစ်တွေမြို့ ဓညဝတီအားကစားကွင်း၌ ကျင်းပရာ ကြည့်ရှုအားပေးသူများဖြင့် အထူးစည်ကားခဲ့သည်။

"ကျွန်တော်က ရခိုင်သားတစ်ယောက်ဖြစ်တယ်၊ ရခိုင်ဆိုတော့ ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ကျွန်တော့်ရဲ့ မျက်လှည့်အစွမ်းတွေကို သူတို့သိကြတယ်၊ ကြားဖူးကြတယ်၊ နောက်ပြီးတော့ ကမ္ဘာ့အဆင့်မီတယ်ဆိုတာကို သိကြတယ်၊ ကျွန်တော် သူတို့ကိုမျက်လှည့်နည်းနည်းပြကြည့်တယ်၊ သူတို့ကြိုက်ကြတယ်၊ နောက်ပြီးတော့ ကျွန်တော်က အခွင့်သာရင် ကျွန်တော့်ရဲ့ မျက်လှည့်အစွမ်းတွေကို ရခိုင်ပြည်သူတွေကို ပြကြည့်ချင်တယ်ဆိုတော့ ဒါဆိုရင် ရခိုင်ပြည်နယ်နေ့နဲ့ တိုက်ဆိုင်နေတယ်၊ အဲဒီမှာ ပြပါလားဆိုပြီးပြောတယ်၊ ဒါကြောင့် ပြည်နယ်နေ့မှာ ပြသခဲ့တာဖြစ်ပါတယ်၊ ကျွန်တော်ကလည်း ကိုယ်တတ်စွမ်းတဲ့ပညာနဲ့ ကိုယ့်ပြည်နယ်သူ၊ ပြည်နယ်သားတွေကို ကျေးဇူးဆပ်ခွင့်ရတဲ့အတွက် နောင်နှစ်တွေမှာလည်း ဒီလိုဖြေဖျော်ခွင့်ရခဲ့မယ်ဆိုလို့ရှိရင် ကမ္ဘာမှာကျွန်တော်မျက်လှည့်ပညာနဲ့ ဒုတိယဆုရခဲ့တဲ့ ကားနားမှာကပ်ပြီးတော့ လေထဲမှာ လမ်းလျှောက်တဲ့ ပြကွက်ကို စစ်တွေမြို့တစ်ပတ် လေထဲလမ်းလျှောက်ပြီး ပြသသွားဖို့ စိတ်ကူးထားပါတယ်"ဟု ကမ္ဘာကျော် ဟာသမျက်လှည့်ပညာရှင် မစ္စတာတော့(ပ်)က ပြောသည်။

စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက်မှ လာရောက်ကြည့်ရှုအားပေးသည့် ဆရာဦးကျော်ဇံမောင်က "ရခိုင်ပြည်နယ်နေ့မှာ ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖိတ်ကြားမှုနဲ့ ရခိုင်ပြည်နယ်ဖွား တောင်ကုတ်မြို့သား ဒီလိုပုဂ္ဂိုလ်မျိုးက ထူးထူးခြားခြား ကမ္ဘာ့အဆင့်မီ မျက်လှည့်ပွဲကို ပြသနိုင်တယ်ဆိုတော့ အများကြီး ဂုဏ်ယူဝမ်းသာအားရ မိပါတယ်၊ ဒီလို ရခိုင်ပြည်နယ်မှာ ကမ္ဘာ့အဆင့်မီ မျက်လှည့်ပြကွက်တွေကို ပြသခြင်းအားဖြင့် ပြည်နယ်သူ၊ ပြည်နယ်သားတွေအနေနဲ့ မကြုံဖူး၊ မတွေ့ဖူးတာတွေကို တွေ့မြင်ကြရပါတယ်၊ ဒါဟာ ကျွန်တော်တို့အတွက် ဂုဏ်ယူစရာတွေပေါ့၊ နောက်ဆိုရင် ရခိုင်ပြည်နယ်မှာရှိတဲ့ မြို့နယ်တွေမှာလည်း ပြည်သူတွေကို စိတ်ဓာတ်ခွန်အား မြှင့်တင်ပေးတဲ့အနေနဲ့ လာရောက်ပြသပေးစေချင်ပါတယ်"ဟု ပြောသည်။

ရခိုင်ပြည်နယ် မောင်တောဒေသ၌ အကြမ်းဖက်မှုဖြစ်စဉ်များ ဖြစ်ပွားပြီးနောက် ပြည်နယ်အတွင်းရှိ ပြည်သူများအနေဖြင့် စိတ်ထိခိုက်မှုများ ဖြစ်ပေါ်နေပြီး ပျော်ရွှင်မှုများ ပျောက်ကွယ်နေကြရာ ထိုထိခိုက်မှုများကို စိတ်ဓာတ်ခွန်အား မြှင့်တင်သောအားဖြင့် ယခုလို ဖြေဖျော်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲ အခမ်းအနားများကို ထည့်သွင်းကျင်းပရခြင်း ဖြစ်သည်။

အဆိုပါမျက်လှည့်ဖြေဖျော်ပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ဇနီး၊ တာဝန်ရှိသူများနှင့် ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

ရခိုင်ပြည်နယ်သတင်း

စစ်တွေမြို့၌ (၅၃) ကြိမ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားကျင်းပ

စစ်တွေ ဒီဇင်ဘာ ၁၅

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော (၅၃)ကြိမ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် စစ်တွေမြို့ရှိ ဦးဉတ္တမခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို စာရေးဆရာ စစ်တွေညိုသန့်က မင်္ဂလာပိုဒ်စုံရတုအား ရခိုင်စည်တော်တီး၍ သီဆိုဂုဏ်ပြု ဖွင့်လှစ်ပေးသည်။ ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ (၅၃)ကြိမ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာအား ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ဖတ်ကြားသည်။ ထို့နောက် စစ်တွေမြို့ မြို့မိ မြို့ဖ ဦးမောင်သိန်းဖြူ(ဂေါယာမြေစောဝင်း)က (၅၃)ကြိမ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်အဆင့် ဂုဏ်ထူးဆောင်ဆုများဖြစ်သော စီးပွားရေးဆိုင်ရာ ထူးချွန်ဆု၊ လူမှုရေးဆိုင်ရာ ထူးချွန်ဆု၊ ပညာရေးဆိုင်ရာ ထူးချွန်ဆု၊ ကျန်းမာရေးဆိုင်ရာ ထူးချွန်ဆု၊ မွေးမြူရေးဆိုင်ရာ ထူးချွန်ဆု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ထူးချွန်ဆု၊ စိုက်ပျိုးရေးဆိုင်ရာ ထူးချွန်ဆု၊ အခြားအထူးကိစ္စရပ်များဆိုင်ရာ ထူးချွန်ဆုများ၊ ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် စာစီစာကုံး (တက္ကသိုလ်အဆင့်၊ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ အလွတ်တန်းအဆင့်) ပြိုင်ပွဲများတွင် ဆုရရှိသူများ၊ ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ကာတွန်း (အလွတ်တန်းအဆင့်၊ ကျောင်းအဆင့်) ပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ပုံပြောပြိုင်ပွဲများတွင် ဆုရရှိသူများအား ရခိုင်ပြည်နယ် ဝန်ကြီးချုပ်၊ ရခိုင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်စာရင်းစစ်ချုပ်တို့က ဆုရရှိသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ ဆရာ ဆရာမများ၊ ထူးချွန်ဆုရရှိကြသူများနှင့် ဆုရကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ယနေ့နံနက် ၅ နာရီခွဲတွင်လည်း ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် မြို့မိ မြို့ဖတို့က (၅၃)ကြိမ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်းကို စစ်တွေမြို့ အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီးဓမ္မာရုံ၌ ကျင်းပခဲ့သည်။ အခမ်းအနားတွင် ပြည်နယ်သံဃနာယကဆရာတော်၊ သံဃာတော် ကိုးပါးအား ပင့်ဖိတ်၍ အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ငါးပါးသီလခံယူဆောက်တည်ခြင်း၊ လှူဖွယ်ဝတ္ထုများ ဆက်ကပ်ခြင်းများ ပြုလုပ်ခဲ့ပြီး ဆရာတော်၊ သံဃာတော်များက ရခိုင်ပြည်နယ် ငြိမ်းချမ်းသာယာစေရန် မေတ္တာသုတ်တရားတော်မြတ်ကို ရွတ်ဖတ်ပူဇော်ပေးခဲ့ပြီး လှူဖွယ်ဝတ္ထုများအတွက် ရေစက်ချအမျှပေးဝေကာ အနုမောဒနာခေါ် ဆိုခဲ့ကြကြောင်း သိရသည်။

ဟန်လင်းနိုင်(စစ်တွေကိုယ်ပွား)

(၅၃)ကြိမ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနား မောင်တောမြို့၌ ကျင်းပ

မောင်တော ဒီဇင်ဘာ ၁၅

(၅၃)ကြိမ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် မောင်တောမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပရာ မောင်တောမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူးက နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

မောင်တောမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြူလှက "ကျွန်တော်တို့မြို့နယ်မှာ အရင်တုန်းက အစဉ်အလာကြီးမားတဲ့ ရခိုင်ပြည်နယ်နေ့ကို ကွင်းပြင်မှာ တခမ်းတနား ကျင်းပခဲ့တာပါ၊ ခုလို ဖြစ်စဉ်တွေဖြစ်ပြီးတဲ့နောက်မှာတော့ မြို့နယ်ခန်းမမှာပဲ အစဉ်အလာမပျက် ပြုလုပ်ပါတယ်၊ အဓိကက ရခိုင်ပြည်နယ်မှာ နေထိုင်ကြတဲ့ တိုင်းရင်းသားတွေအားလုံး ကိုယ့်ပြည်နယ်နေ့ကို အမှတ်ရစေဖို့ ရည်ရွယ်ချက်နဲ့ ပြုလုပ်ရခြင်းဖြစ်ပါတယ်၊ နောင်ဒေသတည်ငြိမ်အေးချမ်းလာတဲ့အခါ မြို့နယ်ဌာနဆိုင်ရာတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ ရပ်ကွက်လူမှုအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ပျော်ပွဲရွှင်ပွဲတွေ ပြန်လည်ပြုလုပ်မှာပါ"ဟု ဆိုသည်။

အခမ်းအနား တက်ရောက်လာသည့် မောင်တောမြို့ပေါ်မှ မစန္ဒာကလည်း "အရင်က ကျွန်မတို့မြို့မှာ ဒီလိုနေ့မျိုးဆိုရင် ပျော်ပွဲရွှင်ပွဲတွေနဲ့ အလွန်စည်ကားခဲ့တာပါ၊ ကိုယ့်ပြည်နယ်နေ့အထိမ်းအမှတ်ပွဲကို အရင်လိုစည်စည်ကားကား ပြန်လည်ကျင်းပနိုင်စေချင်ပါတယ်၊ အခုလည်း ဒေသက တည်ငြိမ်အေးချမ်းသင့်သလောက်တော့ရှိနေပါပြီ၊ နောက်ထပ်ဘာဖြစ်စဉ်မှ ထပ်မပေါ်လာဖို့ မျှော်လင့်ပါတယ်"ဟု ပြောသည်။

ယနေ့ ကျင်းပသည့် ရခိုင်ပြည်နယ်နေ့ အခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဇေယျာ၊ မြင့်မောင်
ဓာတ်ပုံ-နေဝင်းထွန်း

ဘူးသီးတောင်မြို့၌ (၅၃)ကြိမ်မြောက် ရခိုင်ပြည်နယ်နေ့ ကျင်းပ

ဘူးသီးတောင် ဒီဇင်ဘာ ၁၅

(၅၃)ကြိမ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားကို ဘူးသီးတောင်မြို့ ဦးဉတ္တမခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပရာ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပရဟိတအဖွဲ့အစည်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်အလံအား ဂုဏ်ပြုတပ်ဖွဲ့ဖြင့် အလေးပြုပြီး ဘူးသီးတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယအုပ်ချုပ်ရေးမှူး ဦးလှရွှေက နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သည့် (၅၃)ကြိမ်မြောက် ရခိုင်ပြည်နယ်နေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

"ကျွန်မတို့ ယခုလို ရခိုင်ပြည်နယ်နေ့ ကျင်းပရတဲ့ အဓိက ရည်ရွယ်ချက်ကတော့ ကိုယ့်ရိုးရာ၊ ကိုယ့်ယဉ်ကျေးမှုတွေကို အစဉ်မပြတ် ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့ဖြစ်ပါတယ်၊ ဒီလိုနေ့မှာဆိုရင် ရခိုင်ရိုးရာ ရထားဆွဲပွဲတွေ၊ အားကစားပြိုင်ပွဲတွေကိုလည်း ထည့်သွင်းကျင်းပလေ့ရှိပါတယ်၊ ဒီလို ရိုးရာယဉ်ကျေးမှုတွေ မပျောက်ပျက်အောင် ထိန်းသိမ်းရာမှာလည်း ရခိုင်တိုင်းရင်းသားတစ်မျိုးလုံးနဲ့ ရခိုင်လူငယ်လူရွယ်တွေမှာ အဓိက တာဝန်ရှိပါတယ်"ဟု ဘူးသီးတောင်မြို့နယ် ရခိုင်ယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင် ဒေါ်ခိုင်ဆုလှိုင်က ပြောသည်။

အခမ်းအနားတွင် ရခိုင်ရိုးရာယဉ်ကျေးမှုအဖွဲ့က ယိမ်းအကဖြင့် ဖျော်ဖြေသည်။ ယင်းနောက် ဘူးသီးတောင်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပရဟိတလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ခဲ့ကြသည့် အဖွဲ့များအား ဂုဏ်ပြုလွှာချီးမြှင့်သည်။ ထို့နောက် ၂၀၁၆-၂၀၁၇ ပညာနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသားကျောင်းသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြင့်မောင်၊ ဇေယျာ၊ ဓာတ်ပုံ-နေဝင်းထွန်း

ဘူးသီးတောင်မြို့တွင် ကလေး ၃၉၆၉၁ ဦး ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး ထိုးနှံပြီးစီး

ဘူးသီးတောင် ဒီဇင်ဘာ ၁၅

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်တွင် ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးကို ကလေးငယ် လေးသောင်းနီးပါးအား ထိုးနှံပြီးစီးသွားပြီဖြစ်ကြောင်း ဘူးသီးတောင် ပြည်သူ့ဆေးရုံကြီး ကျန်းမာရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ထိုးနှံပေးနေတဲ့ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးကတော့ အပိုင်းနှစ်ပိုင်းရှိပါတယ်၊ ကျောင်းအခြေပြုနဲ့ ပြည်သူလူထုအခြေပြုဖြစ်ပါတယ်၊ ကျွန်တော်တို့ဆီမှာတော့ နယ်မြေအခြေအနေအရ ကျောင်းတွေ မဖွင့်နိုင်သေးတဲ့အတွက် နှစ်ခုစလုံးပေါင်းပြီးတော့ ပြီးခဲ့တဲ့ နိုဝင်ဘာ ၁၅ ရက်ကတည်းက စထိုးပါတယ်၊ ဒီကနေ့အထိတော့ ကလေးငယ်လေးသောင်းနီးပါးကို ကာကွယ်ဆေးထိုးနှံပြီးစီးသွားပြီဖြစ်ပါတယ်၊ ဆက်လက်ပြီးတော့လည်း သတ်မှတ်အချိန်ကာလအတွင်းမှာ ပြီးစီးအောင် ထိုးနှံပေးသွားမှာဖြစ်ပါတယ်" ဟု ဘူးသီးတောင်မြို့နယ် ကျန်းမာရေးမှူး ဦးသန်းအောင်က ပြောသည်။

ဘူးသီးတောင်မြို့နယ်တွင် အသက် ကိုးလမှ (၁၅)နှစ်အတွင်းရှိ ကလေး ၅၅၇၅၂ ဦးရှိပြီး ယင်းတို့အနက် ကလေး ၃၉၆၉၁ ဦးမှာ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး ထိုးနှံပြီးသွားပြီဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး ထိုးနှံခြင်းကို နိုဝင်ဘာ ၁၅ ရက်မှ ၂၃ ရက်အထိကို အသက် ငါးနှစ်မှ (၁၅)နှစ်ရှိ ကလေးများကို ကျောင်းအခြေပြု ကာကွယ်ဆေးထိုးနှံခြင်းနှင့် ဒီဇင်ဘာ ၁၁ ရက်မှ ၂၀ ရက်အထိကို အသက် ကိုးလမှ ငါးနှစ်အထိကို ပြည်သူလူထုအခြေပြု ထိုးနှံခြင်းဟု သတ်မှတ်ထားသည်။

ဘူးသီးတောင်ဒေသတွင် နယ်မြေအခြေအနေကြောင့် ကျေးရွာများအရောက် ကာကွယ်ဆေးထိုးပေးရန် အခက်အခဲများစွာရှိခဲ့သော်လည်း ကျန်းမာရေးဝန်ထမ်းများ၏ ရဲဝံ့စွန့်စားမှု၊ ဝိုင်းဝန်းကြိုးပမ်းမှုတို့ကြောင့် ကာကွယ်ဆေးထိုးလုပ်ငန်းကို ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

မြင့်မောင်၊ ဇေယျာ၊ ဓာတ်ပုံ-နေဝင်းထွန်း

ဘက်ဟိုး မြေတူးယာဉ်တစ်စီး မီးရှို့ဖျက်ဆီးခြင်းခံရ

နေပြည်တော် ဒီဇင်ဘာ ၁၅

ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပြုပြင်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသော လမ်းဦးစီးဌာနပိုင် လုပ်ငန်းခွင်သုံး ဘက်ဟိုးမြေတူးယာဉ်တစ်စီး ဝက်ကျိန်း(မြို)ကျေးရွာအနီး ယမန်နေ့ နံနက်ပိုင်းက မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရကြောင်း သိရသည်။

အဆိုပါ မြေတူးယာဉ်မှာ မောင်တောမြို့နယ် ဝက်ကျိန်း(မြို)ကျေးရွာအနီး ကြိမ်ချောင်း-တောင်ပြို ကားလမ်းတွင်လမ်းပြုပြင်ပြီး ညအိပ်ရပ်နားထားစဉ် မီးရှို့ဖျက်ဆီးခံရခြင်းဖြစ်ပြီး တန်ဖိုးငွေကျပ်သိန်း ၆၅၀ ခန့် ပျက်စီးဆုံးရှုံးခဲ့သဖြင့် မီးရှို့သူအား ကြိမ်ချောင်းနယ်မြေစခန်း၌အမှုဖွင့်၍ စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ကျေးရွာသားတစ်ဦး ဘင်္ဂလားဒေ့ရှ် တာကာငွေ ၉၂၃၀ နှင့်အတူ တွေ့ရှိ၍ အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၁၅

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၃ ရက် ညနေ ၄ နာရီခန့်က မောင်တောမြို့နယ်၊ မှိုဝင်ချောင်းဝနှင့် ဂေါ်ဒူသာရ ချောင်းဝအကြား နယ်စပ်ခြံစည်းရိုးတစ်လျှောက် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်စဉ် မှိုဝင်ကျေးရွာနေ မာဟာဘေဇူရာမန်(၂၂)နှစ်အား မသင်္ကာဖွယ်တွေ့ရှိ စစ်ဆေးခဲ့ရာ ၎င်းထံမှ ဘင်္ဂလားဒေ့ရှ် နိုင်ငံသုံး ဆင်းကတ်ပါ လက်ကိုင်ဖုန်းတစ်လုံး၊ ဘင်္ဂလားဒေ့ရှ် တာကာငွေ ၉၂၃၀ နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ထုတ်ပေးသော မှတ်ပုံတင်ကတ် တစ်ခုတို့အား တွေ့ရှိရသဖြင့် မကျီးချောင်းနယ်မြေစခန်းတွင် အမှုဖွင့်စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

တရားမဝင် ကန့်သတ် ကုန်ပစ္စည်း ဘောထုပ်များ မရမ်းချောင်စစ်ဆေးရေးစခန်းတွင် သိမ်းဆည်းရမိ

ရန်ကုန် ဒီဇင်ဘာ ၁၅

တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်မှုများကို ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိရာ ဆိုင်ကယ်ကယ်ရီများဖြင့် သယ်ဆောင်လာသော တရားမဝင်ကန့်သတ် ကုန်ပစ္စည်းများဖြစ်သည့် ဘောထုပ်များကို မရမ်းချောင်စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက ဒီဇင်ဘာ ၁၄ ရက်က သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

မရမ်းချောင် စစ်ဆေးရေးစခန်း ပူးပေါင်း စစ်ဆေးရေးစခန်း၏ ရှောင်ကွင်းလမ်းဖြစ်သည့် ရွှေဖြူရှောင်ကွင်းလမ်းတွင် စစ်ဆေးရေးအဖွဲ့များက ရှောင်တခင် သွားရောက်စစ်ဆေးခဲ့ရာ ဆိုင်ကယ်ကယ်ရီများဖြင့် သယ်ဆောင်လာသည့် တရားမဝင် ကန့်သတ်ကုန်ပစ္စည်းဖြစ်သော ဘောထုပ်(1x75 kg) (10)Pkgs ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၂၅၀ သန်းခန့်အား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်ဆေးရေး စခန်းများက တင်သွင်း/ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၄ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု၄ါးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၉၁၁ သန်းခန့် သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

ဒီဇင်ဘာ ၁၄ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၉၅၀၊ သွင်းကုန် ၉၈၅ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၂ စီး၊ သွင်းကုန် ၁၅၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ဝဝ၁

ကျပ်သိန်း ၂၀၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

မြစ်ကြီးနား ဒီဇင်ဘာ ၁၅

ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာ ဗလမင်းထင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဒီဇင်ဘာ ၁၄ ရက် ညနေ ၃ နာရီ ၄၅ မိနစ်ခန့်တွင် ဧရာဦးစစ်ဆင်ရေးစီမံချက်ဖြင့် ဘိန်းဖြူ ၁၂၁၀ ဂရမ် (တန်ဖိုးငွေကျပ် ၆၀၅၀၀၀၀၀)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅၃၄၆၀ (တန်ဖိုးငွေကျပ် ၁၆၀၃၈၀၀၀၀) စုစုပေါင်းငွေကျပ်သိန်း ၂၀၀၀ ကျော်ဖိုး သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြစ်ကြီးနားမူးယစ်တပ်ဖွဲ့စု(၂)မှ ရဲအုပ်စိုင်းစံဖေ ဦးဆောင်သည့် တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် ဧရာဦးစစ်ဆင်ရေးစီမံချက်အရ ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာ ဗလမင်းထင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ သတင်းအရ သက်သေများနှင့်အတူ ရှာဖွေမှုပြုလုပ်နေစဉ် ဝိုင်းမော်မှမြစ်ကြီးနားသို့ ယာဉ်မောင်း လနောင်(ခ) နောင်းချိန်းနှင့်အတူ စီးနင်းလိုက်ပါလာသူ ဂမ်အောင်(ခ)လဖိုင်ဂမ်တို့ စီးနင်းမောင်းနှင်လာသော Toyota ALPHARD အမျိုးအစား၊ အဖြူရောင် YGN-1J/----- ယာဉ်အား ရပ်တန့်စစ်ဆေးရာ ထိုင်ခုံဝဲ/ယာဘက် ဘေးကြမ်းခင်းများအတွင်းနှင့် အလယ်ထိုင်ခုံရှေ့ကြမ်းခင်းအံဝှက်နှင့် ဆီတိုင်ကီအတွင်းရှိ အံဝှက်များအတွင်းမှ ရောင်စုံဆပ်ပြာခွက်များဖြင့် ထည့်ထားသော ဘိန်းဖြူ ၁၂၁၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅၃၄၆၀ တို့ကို သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။

အဆိုပါ လနောင်(ခ)နောင်းချိန်းနှင့် ဂမ်အောင်(ခ)လဖိုင်ဂမ်တို့အား ဝိုင်းမော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

စိတ်ကြွရူးသွပ်ဆေးပြား ၇၂၄၀၀၊ သေနတ်တစ်လက်နှင့် ကျည် ၃၂ တောင့် သိမ်းဆည်းရမိ

မြိတ် ဒီဇင်ဘာ ၁၅

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကလွင်ကျေးရွာအုပ်စု ပုလဲဒီပါရပ် စပါး ရွှေဝါလမ်း၌ ဒီဇင်ဘာ ၁၄ ရက် ည ၁၀ နာရီခန့်က မူးယစ်ဆေးဝါးများ ရောင်းချသုံးစွဲနေကြောင်း သတင်းအရ သွားရောက်ရှာဖွေခဲ့ရာ WY စိတ်ကြွရူးသွပ်ဆေးပြား ၇၂၄၀၀၊ သေနတ်တစ်လက်နှင့် ကျည် ၃၂ တောင့်တို့အား သိမ်းဆည်းရမိခဲ့ကြောင်း မြိတ်မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မြိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ အမှတ်(၂)နယ်မြေရဲကင်းမှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၄ ရက် ည ၁၀ နာရီခန့်က ကျော်ဇေယျ၏ နေအိမ်အတွင်း ရှာဖွေစစ်ဆေးရာ ၎င်း၏နေအိမ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၇၂၄၀၀ (အလေးချိန် ၇ ဒသမ ၂၄) ကီလိုဂရမ်နှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများ၊ ၉ မမ LUGER ပစ္စတို ကျည်အိမ်ခွံတပ်လျက် သေနတ်တစ်လက်၊ ၎င်းကျည် ၃၂ တောင့် ၉ မမ LUGER ပစ္စတို ကျည်အိမ်အပိုတစ်ခု၊ သေနတ်အိတ်ခွံတစ်ခု၊ ငွေကျပ်သုံးသိန်းတို့အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ကျော်ဇေယျအား မြိတ်မြို့မရဲစခန်းမှ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

ကျောက်တံတားမြို့နယ်ရှိ ကုမ္ပဏီပိုင်ငွေ ခိုးယူသူများအား ဖမ်းဆီးရမိ

ရန်ကုန် ဒီဇင်ဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ ကုမ္ပဏီတစ်ခု၏ ရုံးခန်းအတွင်း၌ ထားရှိသော ဝန်ထမ်းများအားထုတ်ပေးရန် လစာငွေသိန်း ၁၇၀၀ အနက်မှ ငွေကျပ်သိန်း ၂၀၀ ကျော်ခန့် ခိုးယူပျောက်ဆုံးသဖြင့် ကျူးလွန်သူသုံးဦးတို့အား ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၏ စီမံညွှန်ကြားမှုဖြင့် အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးဦးစီး၍ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ မှုခင်းအကူဌာနစု၊ အနောက်ပိုင်းခရိုင် မှုခင်းနှိမ်နင်းရေးဌာနစုနှင့် ကျောက်တံတားမြို့မရဲစခန်းတို့မှ ရဲတပ်ဖွဲ့ဝင်များက စုံစမ်းဆောင်ရွက်ခဲ့ရာ အခင်းဖြစ်ရပ်တွေ့ရှိသည့် အခြေအနေများနှင့် CCTV မှတ်တမ်း မပြတ်တောက်မီတွေ့ရှိရသည့် မှတ်တမ်းအထောက်အထားများအရ ကုမ္ပဏီဝန်ထမ်းဖြစ်သူ အောင်ကြည်ငြိမ်းအား မသင်္ကာ၍စစ်ဆေးရာမှ ပြစ်မှုကျူးလွန်ရာတွင် သန့်ဇင်ငြိမ်းနှင့် အောင်ဟံသင်းတို့အတူ ပါဝင်ကျူးလွန်ကြောင်းပေါ်ပေါက်သဖြင့် ဒီဇင်ဘာ ၁၀ ရက်တွင် အောင်ဟံသင်း(၁၇)နှစ်နှင့် ဒီဇင်ဘာ ၁၁ ရက်တွင် သန့်ဇင်ငြိမ်း(၁၇)နှစ်တို့အား ဖမ်းဆီးရမိခဲ့သည်။

ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်ချက်အရ ဒီဇင်ဘာ ၆ ရက်တွင် ကုမ္ပဏီဝန်ထမ်း အောင်ကြည်ငြိမ်းက ရုံးခန်းအတွင်းရှိ ကောင်တာဘေး မှန်တံခါးကြီးအတွင်း ချိတ်ဆွဲထားသော သော့တွဲနှစ်တွဲကို အခြားဝန်ထမ်းများ မသိအောင် ရယူခဲ့ကာ ကျောက်တံတားမြို့နယ်အတွင်းရှိ သော့ပြင်ဆိုင်တွင် သော့အတု ပြုလုပ်ခဲ့ကြောင်း၊ အောင်ကြည်ငြိမ်းက ဘောလုံးပွဲရှုံးကြွေးဆပ်ရန် ငွေလိုသဖြင့် သူငယ်ချင်းဖြစ်သူ အောင်ဟံသင်း၊ သန့်ဇင်ငြိမ်းတို့နှင့်တိုင်ပင်ခဲ့ပြီး ယင်းနေ့ည ၈ နာရီတွင် ကုမ္ပဏီရုံးခန်းသို့ သွားရောက်ကာ ရုံးခန်းသံတံခါးနှင့် အတွင်းမှန်တံခါးတို့ကို သော့တုနှင့်ဖွင့်ခဲ့ကြောင်း၊ CCTV ကင်မရာကြိုးများကို အသင့်ယူဆောင်လာသော ပလာယာနှင့်ဖြတ်ခဲ့ပြီး MD ရုံးခန်းအတွင်းရှိ CCTV ကင်မရာကို တိတ်ဖြင့်ကပ်ထားခဲ့ကြောင်း၊ MD ရုံခန်းအတွင်းထားရှိသော ဝန်ထမ်းများကိုပေးရမည့် လစာငွေများအနက်မှ ငွေကျပ်၂၀၄ သိန်းခန့်ကို ယူဆောင်လာခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

ထို့နောက် သက်သေခံမြန်မာငွေကျပ် ၁၂၁ သိန်း၊ ခိုးယူရရှိငွေဖြင့် လဲလှယ်ထားသော အမေရိကန်ဒေါ်လာ ၁၀၀ တန် ၂၉ ရွက်၊ ဝယ်ယူထားသည့် i Phone 7 Plus လက်ကိုင်ဖုန်း တစ်လုံးနှင့် Samsung Note 8 လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်းနှင့် ၎င်းတို့အားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဂွါဒီယိုလာနဲ့ ပိုချက်တီနိုအတွေ့မှာ အမှတ်ယူမယ့် မော်ရင်ဟို

ရှိုင်းမင်းမင်း

၂၀၁၇-၁၈ ပရီမီယာလိဂ်ရင်ခုန်သံ-၁၈

လာမယ့် ဒီဇင်ဘာ ၁၆၊ ၁၇၊ ၁၉ ရက်တွေမှာ ပရီမီယာလိဂ်ပွဲစဉ် ၁၈ ကို ကျင်းပသွားမှာဖြစ်ပြီး အဆိုပါပွဲစဉ်မှာတော့ မန်စီးတီးနဲ့ စပါး ဆုံတွေ့တဲ့ပွဲ ပါဝင်နေတာကြောင့် အကြိတ်အနယ်ရှိနိုင်သလို ပရီမီယာလိဂ်ပြိုင်ပွဲဟာ ပွဲစဉ်တွေ နီးကပ်နေတာကြောင့်လည်း ပွဲပန်းမှုတွေခံရနိုင်တာ သတိပြုရမယ်။

လက်စတာ - ပဲလေ့စ် ည ၇း၀၀ (၁၆-၁၂-၁၇)

လက်စတာအနေနဲ့ လက်ရှိအချိန်မှာ အမှတ်လိုအပ်နေတာကြောင့် အိမ်ကွင်းပွဲစဉ်ဖြစ်တဲ့ ဒီပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပါတယ်။ လက်စတာအနေနဲ့ အိမ်ကွင်းပွဲတွေမှာဆိုရင်လည်း ကစားပုံရော၊ တိုက်စစ်ပိုင်းကပါ အားကောင်းတတ်ပါတယ်။ ပဲလေ့စ်ကတော့ တန်းမဆင်းရဖို့ အားစိုက်ကစားနေပေမယ့် အဝေးကွင်းခြေစွမ်းနဲ့ တိုက်စစ်ပိုင်း အားနည်းတတ်ပါတယ်။ လက်စတာပဲ အနိုင်ရမယ်။

အာဆင်နယ် - ကာဆယ် ည ၉း၃၀ (၁၆-၁၂-၁၇)

အာဆင်နယ်တို့ အိမ်ကွင်းဖြစ်နေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ အထူးသဖြင့် ကာဆယ်က လက်ရှိအချိန်မှာ ခြေစွမ်းပိုင်း အားနည်းမှုတွေရှိနေသလို အဝေးကွင်းပွဲတွေမှာဆိုရင်လည်း ခြေစွမ်းပိုင်းက ကျဆင်းတတ်ပါတယ်။ နယူးကာဆယ်အနေနဲ့ အမှတ်ခွဲယူနိုင်ဖို့ ခံစစ်အားပြု ကစားမှာဖြစ်ပေမယ့် အာဆင်နယ်ကသာ နိုင်ပွဲရသွားမှာပါ။

ချယ်လ်ဆီး - ဆောက်သမ်တန် ည ၉း၃၀ (၁၆-၁၂-၁၇)

ဆောက်သမ်တန်ရဲ့ တုံ့ပြန်ကစားပုံကောင်းမွန်မှုရှိပါတယ်။ အသင်းလိုက် ခြေစွမ်းပိုင်းလည်း တည်ငြိမ်တာကြောင့် ချယ်လ်ဆီးကို တုံ့ပြန်ကစားနိုင်ခြေ ရှိနေပါတယ်။ ချယ်လ်ဆီးက အိမ်ကွင်းဖြစ်သလို အသင်းလိုက်ခြေစွမ်းပိုင်း တည်ငြိမ်မှုရှိတယ်ဆိုပေမယ့် တိုက်စစ်ပိုင်းကတော့ တစ်ပွဲနဲ့တစ်ပွဲ ဂိုးသွင်းခြေ မတည်ငြိမ်ပါဘူး။ ဒါကြောင့်လည်း ချယ်လ်ဆီးတို့ အနိုင်ရခဲ့မယ်ဆိုရင်တောင် ဂိုးပြတ်ဖို့ ခက်ခဲနိုင်ပါတယ်။

ဘရိုက်တန် - ဘန်လေ ည ၉း၃၀ (၁၆-၁၂-၁၇)

ဘန်လေက အဝေးကွင်းခြေစွမ်းပိုင်း ကောင်းမွန်တာမှန်ပေမယ့် ပွဲဆက်တွေ များလွန်းနေပါတယ်။ အထူးသဖြင့် ဘရိုက်တန်ကလည်း အိမ်ကွင်းပွဲတွေမှာ အသင်းလိုက်ခြေစွမ်းပိုင်းကောင်းမွန်တတ်တာကြောင့် ဒီပွဲမှာတော့ ဘန်လေတို့ ရလဒ်ကောင်းဖို့ ရှုန်းကန်ရနိုင်တယ်။ ဘန်လေအနေနဲ့ ပွဲဆက်များမှုကာလမှာ အမှတ်ရဖို့ ခံစစ်အားပြုကစားလာမှာဖြစ်ပေမယ့် အမြင့်ဆုံးသရေလောက်သာ ရယူနိုင်ဖို့ ရှိပါတယ်။

စတုတ် - ဝက်စ်ဟမ်း ည ၉း၃၀ (၁၆-၁၂-၁၇)

စတုတ်က အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ တိုက်စစ်ပိုင်းကလည်း အိမ်ကွင်းပွဲတွေမှာ ထိုးဖောက်ကစားပုံ ကောင်းမွန်တတ်ပါတယ်။ ဒါပေမယ့် အမှတ်လိုနေတဲ့ ဝက်စ်ဟမ်းကလည်း အားစိုက်ကစားလာမှာဖြစ်ပြီး လက်ရှိအချိန်မှာ ဝက်စ်ဟမ်းခြေကလည်း ကောင်းမွန်မှုရှိလာပါတယ်။ ဒါကြောင့်လည်း စတုတ်တို့ အိမ်ကွင်းမှာ နိုင်ပွဲရယူနိုင်အောင် အားစိုက်ကစားလာမှာဖြစ်ပေမယ့် သရေလောက်ပဲ ကစားနိုင်ဖို့ ရှိပါတယ်။

ဝက်ဖို့ဒ် - ဟတ်ဒါဖီးလ် ည ၉း၃၀ (၁၆-၁၂-၁၇)

ဝက်ဖို့ဒ်က အိမ်ကွင်းဖြစ်နေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ လက်ရှိအချိန်မှာ ဝက်ဖို့ဒ်ရဲ့ ခြေစွမ်းပိုင်း အနည်းငယ်ကျဆင်းလာတယ်ဆိုပေမယ့် အိမ်ကွင်းပွဲတွေမှာတော့ ကစားအား ကောင်းမွန်မှုရှိသလို တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေ ပိုမိုတည်ငြိမ်မှုရှိပါတယ်။ ဟတ်ဒါဖီးလ်ကတော့ အဝေးကွင်းပွဲတွေမှာ ကစားအားကျဆင်းတတ်တာကြောင့် ဒီပွဲစဉ်မှာတော့ အိမ်ကွင်းမှာ ဝက်ဖို့ဒ်တို့ နိုင်ပွဲရယူသွားနိုင်မှာပါ။

မန်စီးတီး - စပါး နံနက် ၀၀း၀၀ (၁၇-၁၂-၁၇)

အခုနောက်ပိုင်းမှာ မန်စီးတီးခြေက အနည်းငယ်ကျဆင်းလာတာ မှန်ပေမယ့် အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ စပါးကတော့ မန်စီးတီးကို အကောင်းဆုံး တုံ့ပြန်နိုင်တဲ့အသင်းဖြစ်ပေမယ့်လည်း အဝေးကွင်းပွဲတွေမှာဆိုရင်တော့ ခြေစွမ်းပိုင်းအနည်းငယ် ကျဆင်းတတ်သလို အရန်အင်အားမှာဆိုရင်လည်း မန်စီးတီးကို ယှဉ်နိုင်ခြင်း မရှိပါဘူး။ မန်စီးတီးပဲ အနိုင်ရမယ်။

ဝက်စ်ဘရွန်း - မန်ယူ ည ၈း၄၅ (၁၇-၁၂-၁၇)

မန်ယူအဝေးကွင်းပွဲတွေမှာ ခြေစွမ်းအနည်းငယ် ကျဆင်းတတ်ပေမယ့် မန်စီးတီးနဲ့ စပါးဆုံနေချိန်မှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဝက်စ်ဘရွန်းကတော့ အိမ်ကွင်းမှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့် အသင်းလိုက်ခြေစွမ်းပိုင်းကတော့ သာမန်သာရှိပါတယ်။ ခံစစ်ပိုင်းကလည်း အားနည်းမှုအချို့ ရှိနေတာကြောင့် မန်ယူသာ တိုက်စစ်ဖွင့်ကစားလာရင် ဝက်စ်ဘရွန်းတို့ ထိန်းချုပ်နိုင်ဖို့ ခက်ခဲပါတယ်။ မန်ယူပဲ အနိုင်ရမယ်။ ဒါပေမယ့် ဂိုးပြတ်ဖို့တော့ ခက်ပါတယ်။

ဘုန်းမောက် - လီဗာပူး ည ၁၁း၀၀ (၁၇-၁၂-၁၇)

လီဗာပူးခြေစွမ်းပိုင်းက တောက်လျှောက်ကောင်းမွန်နေတာ မှန်တယ်။ တိုက်စစ်ကလည်း ဂိုးသွင်းအားကောင်းနေပါတယ်။ ဒါပေမယ့် ဘုန်းမောက်ကလည်း အိမ်ကွင်းပွဲတွေမှာဆိုရင် ကစားပုံတည်ငြိမ်မှုရှိပါတယ်။ ဘုန်းမောက်အနေနဲ့ အိမ်ကွင်းပွဲတွေမှာဆိုရင် ခံစစ်ပိုင်းကစားပုံလည်း ကောင်းမွန်တတ်လို့ ဒီပွဲမှာတော့ လီဗာပူးတို့ နိုင်ပွဲရနိုင်ပေမယ့် ဂိုးမပြတ်နိုင်ပါဘူး။

အဲဗာတန် - ဆွမ်ဆီး နံနက် ၂း၃၀ (၁၉-၁၂-၁၇)

အခုနောက်ပိုင်းမှာ အဲဗာတန်ရဲ့ ခြေစွမ်းပိုင်း ပြန်လည်ကောင်းမွန်လာတာကို တွေ့ရပါတယ်။ အိမ်ကွင်းပွဲတွေမှာဆိုရင် တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေ တည်ငြိမ်မှုရှိပါတယ်။ ဆွမ်ဆီးကတော့ အမှတ်လိုအပ်နေတာကြောင့် ဒီပွဲမှာ အားစိုက်ကစားလာမှာဖြစ်ပေမယ့် အဝေးကွင်းပွဲတွေမှာဆိုရင်တော့ ကစားအားကျဆင်းတတ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ အိမ်ကွင်းအားနဲ့ ဖိကစားလာမယ့် အဲဗာတန်ကသာ နိုင်ပွဲကပ်ရသွားဖို့ရှိပါတယ်။

အိမ်ကွင်းမှာ နိုင်ပွဲ ပြန်လည်ရှာဖွေမယ့် ဆီဗီလာ

ရှိုင်းမင်းမင်း

၂၀၁၇-၁၈ လာလီဂါရင်ခုန်သံ-၁၆

၂၀၁၇-၁၈ စပိန်လာလီဂါပြိုင်ပွဲရဲ့ပွဲစဉ် ၁၆ ကိုလာမယ့် ဒီဇင်ဘာ ၁၆၊ ၁၇၊ ၁၈၊ ၁၉ ရက်တွေမှာ ကျင်းပသွားမှာဖြစ်ပြီး အဆိုပါပွဲစဉ်မှာတော့ ရီးယဲလ်အနေနဲ့ ကမ္ဘာ့ကလပ်များ ချန်ပီယံဖလားပွဲ သွားကစားနေတာကြောင့် ရီးယဲလ်ပွဲကို ရက်ရွှေ့ထားပြီး ကိုးပွဲတည်းသာ ကျင်းပသွားမှာဖြစ်ပါတယ်။

ဆီဗီလာ - လီဗန်တေး နံနက် ၂း၃၀ (၁၆-၁၂-၁၇)

ရီးယဲလ်ကို ငါးဂိုးပြတ်နဲ့ အရေးနိမ့်ခဲ့ရတာကြောင့် ဆီဗီလာတို့ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ အိမ်ကွင်းလည်းဖြစ်နေသလို ဆီဗီလာအနေနဲ့ အိမ်ကွင်းပွဲတွေမှာဆိုရင်လည်း ခြေစွမ်းပိုင်း ပိုမိုကောင်းမွန်တတ်ပါတယ်။ လီဗန်တေးကတော့ ခြေစွမ်းပိုင်း သာမန်သာရှိတဲ့အပြင် အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုမိုကျဆင်းတတ်လို့ ဆီဗီလာ နိုင်ပွဲပြန်ရဖို့ သေချာတယ်။

ဘီဘာအို - ဆိုစီဒက် ည ၉း၄၅ (၁၆-၁၂-၁၇)

ဘီဘာအိုခြေစွမ်းပိုင်းက အားနည်းမှုတွေများနေတယ်။ ဒါပေမယ့် ဘီဘာအိုက အိမ်ကွင်းပွဲတွေမှာဆိုရင်တော့ ခြေစွမ်းပိုင်းမဆိုးဘူးလို့ ပြောနိုင်တယ်။ တိုက်စစ်ပိုင်းက ဂိုးသွင်းခြေမတည်ငြိမ်ပေမယ့် အိမ်ကွင်းပွဲတွေမှာ ခံစစ်ကစားပုံ သိသိသာသာ ကောင်းမွန်တတ်လို့ ဆိုစီဒက်ရဲ့ တိုက်စစ်ကို ထိန်းချုပ်နိုင်ဖို့ရှိပါတယ်။ အိမ်ကွင်းမှာ ဘီဘာအိုတို့ သရေလောက် ကစားနိုင်ဖို့ရှိတယ်။

အီဘား - ဗလင်စီယာ နံနက် ၀၀း၀၀ (၁၇-၁၂-၁၇)

နောက်ဆုံးပွဲမှာ ဂီတာဖေးကို သရေကစားနိုင်ခဲ့ပြီး နောက်ဆုံး လေးပွဲမှာ အရှုံးမရှိ သုံးပွဲအနိုင်ရခဲ့တဲ့ အီဘားခြေက ကောင်းမွန်မှုရှိတယ်လို့ ဆိုရမယ်။ အထူးသဖြင့် အိမ်ကွင်းပွဲတွေမှာ အီဘားရဲ့ခြေစွမ်းက ပိုမိုကောင်းမွန်တတ်ပြီး တိုက်စစ်ကလည်း ဂိုးသွင်းခြေပိုမိုတည်ငြိမ်မှုရှိတယ်။ ဒါပေမယ့် ဗလင်စီယာကလည်း ခြေစွမ်းပိုင်းကောင်းမွန်နေကာ အိမ်ကွင်း၊ အဝေးကွင်းမရွေး ခြေစွမ်းပိုင်း တည်ငြိမ်မှုရှိပါတယ်။ ဗလင်စီယာ ဂိုးမပြတ်ရင်တောင် နိုင်ပွဲရမယ်။

အက်သလက် - အလာဗက်စ် နံနက် ၂း၁၅ (၁၇-၁၂-၁၇)

အလာဗက်စ်တို့ နှစ်ပွဲဆက်နိုင်ပွဲရခဲ့တာမှန်ပေမယ့် အနိုင်ရခဲ့တဲ့အသင်းတွေက ဂျီရိုနာနဲ့ လက်ပဲလ်မက်စ်တို့လို အသင်းတွေသာဖြစ်ပြီး လက်ရှိရင်ဆိုင်ရမှာကတော့ အက်သလက်ဖြစ်နေတယ်။ အလာဗက်စ်အနေနဲ့ အဝေးကွင်းပွဲတွေမှာဆိုရင်လည်း စွမ်းဆောင်ရည်ကျဆင်းတတ်တာကြောင့် အိမ်ကွင်းမှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမယ့် အက်သလက်ကို ထိန်းနိုင်ဖို့ ခက်မယ်။ အက်သလက်အနိုင်ပါ။

ဂျီရိုနာ - ဂီတာဖေး ညနေ ၅း၃၀ (၁၇-၁၂-၁၇)

ဂီတာဖေးခြေစွမ်း မဆိုးဘူးလို့ ပြောနိုင်တယ်။ အဝေးကွင်းမှာ နိုင်ပွဲရယူနိုင်ဖို့ ရုန်းကန်ရတတ်ပေမယ့် နှစ်ပွဲသာရှုံးနိမ့်ထားတာကိုကြည့်ရင် ဂီတာဖေးတို့ အဝေးကွင်းမှာ အမှတ်ရအောင် ကစားနိုင်တာ တွေ့ရတယ်။ ဂျီရိုနာကတော့ လက်ရှိခြေစွမ်းပိုင်း ကျဆင်းနေသလို အိမ်ကွင်းမှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားတဲ့အခါ ခံစစ်အားနည်းတတ်ပြီး အဝေးကွင်းလောက်တောင် ရလဒ်မကောင်းတာကို တွေ့ရတယ်။ ဂီတာဖေး အနိမ့်ဆုံးသရေလောက်ရမယ်။

ဆဲလ်တာဗီဂို - ဗီလာရီးယဲလ် ည ၉း၄၅ (၁၇-၁၂-၁၇)

ဗလင်စီယာကို အရေးနိမ့်ခဲ့ရတာကြောင့် ဆဲလ်တာဗီဂိုတို့ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာ သေချာတယ်။ ဆဲလ်တာဗီဂိုက အိမ်ကွင်းပွဲတွေမှာ ဆိုရင်လည်း ခံစစ်ပိုင်းကစားပုံ ပိုမိုကောင်းမွန်တတ်သလို အိမ်ကွင်းမှာလည်း နိုင်ပွဲပိုမိုရယူထားနိုင်တာကို တွေ့ရတယ်။ ဗီလာရီးယဲလ်ကတော့ အဝေးကွင်းမှာ ခံစစ်ကစားပုံ အမှားများတတ်တာကြောင့် နိုင်ပွဲရဖို့ ရုန်းကန်ရလေ့ရှိတယ်။ ဒါကြောင့်လည်း အိမ်ကွင်းမှာ ဆဲလ်တာဗီဂို ကပ်နိုင်ခြေရှိတယ်။

လက်ပါးမက်စ် - အက်စ်ပန်ညို နံနက် ၀၀း၀၀ (၁၈-၁၂-၁၇)

လက်ပါးမက်စ်ခြေစွမ်းပိုင်းက အားနည်းနေတယ်ဆိုပေမယ့် အိမ်ကွင်းအားနဲ့ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေတယ်။ အထူးသဖြင့် အက်စ်ပန်ညိုက အဝေးကွင်းမှာ တိုက်စစ်အား အတော်နည်းပြီး စုစုပေါင်းမှ အဝေးကွင်းမှာ သုံးဂိုးသာ သွင်းနိုင်သလို ဂိုးသွင်းခြေအားနည်းမှုကြောင့်လည်း အခုအထိ အဝေးကွင်းနိုင်ပွဲ မရသေးပါဘူး။ အက်စ်ပန်ညို အမြင့်ဆုံးသရေပဲရမယ်။

ဘာစီလိုနာ - ဒီပို့တီဗို နံနက် ၂း၁၅ (၁၈-၁၂-၁၇)

ဘာစီလိုနာတို့ ရီးယဲလ်ပွဲရွှေ့ထားရချိန်မှာ အမှတ်ပိုကွာသွားအောင် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ အိမ်ကွင်းလည်း ဖြစ်နေပါတယ်။ အထူးသဖြင့် ဒီပို့တီဗိုခြေက အတော်လေး အားနည်းနေပါတယ်။ အဝေးကွင်းပွဲစဉ်တွေမှာဆိုရင် ဒီပို့တီဗိုတို့ ခြေစွမ်းပိုမိုကျဆင်းတတ်တာကြောင့်လည်း ဘာစီလိုနာ အခွင့်အရေး ပိုရနိုင်ပါတယ်။ ဘာစီလိုနာ ဂိုးပြတ်အနိုင်ရမယ်။

မာလာဂါ - ဘက်တစ် နံနက် ၂း၃၀ (၁၉-၁၂-၁၇)

အမှတ်ပေးဇယားအောက်ပိုင်းမှာ ရောက်နေရတာကြောင့် မာလာဂါတို့ နိုင်ပွဲရယူနိုင်ရေး အိမ်ကွင်းမှာ တိုက်စစ်အားပြုကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့် မာလာဂါ ခံစစ်ကအားနည်းမှုတွေ ရှိနေတာကြောင့် တိုက်စစ်ဖွင့်ကစားရင် ဘက်တစ်ရဲ့ တန်ပြန်တိုက်စစ်ကို ထိန်းနိုင်ဖို့ခက်မယ်။ ဘက်တစ်က အဝေးကွင်းမှာ တိုက်စစ်အားနည်းသလို ခြေစွမ်းလည်း ကျဆင်းတတ်တယ်ဆိုပေမယ့် အသင်းလိုက်ခြေစွမ်းပိုင်း အရ မာလာဂါထက် ပိုမိုကောင်းမွန်မှု ရှိပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ မာလာဂါတို့ အိမ်ကွင်းနိုင်ပွဲရယူနိုင်အောင် အားစိုက်လာမှာဖြစ်ပေမယ့် သရေထက်ပိုမရနိုင်ဘူး။

ဖွင့်ပွဲ၊ ပိုလ်လုပွဲ အပါအဝင် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲလက်မှတ် ပေါင် တစ်သန်းကျော်ဖိုး ရောင်းချပြီးဖြစ်

လာမည့် ၂၀၁၈ ရုရှားကမ္ဘာ့ဖလားအတွက် ဖွင့်ပွဲ၊ အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲစဉ်အပါအဝင် ပွဲစဉ် ၁၉ ပွဲအတွက် လက်မှတ် ပေါင် တစ်သန်းကျော်ဖိုး ရောင်းချခဲ့ရပြီးဖြစ်ကြောင်း The Sun သတင်းဌာနက ဖော်ပြသည်။ ရောင်းချပြီး လက်မှတ်အများစုသည် မော်စကိုမြို့၏ လုဇ်နီကီကွင်းနှင့် စပါးတပ်စ်ကွင်းအပြင် စိန့်ပီတာစဘတ်ကွင်းတို့တွင် ကျင်းပမည့် ပွဲစဉ် ၁၉ ပွဲအတွက် ပေါင် တစ်သန်းကျော်ဖိုး ရောင်းချခဲ့ရခြင်းဖြစ်သည်။

ယင်းလက်မှတ် ကိုင်ဆောင်သူများသည် ဖွင့်ပွဲ၊ အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲစဉ်များအတွက် ကြိုတင်ဝယ်ယူထားခြင်းဖြစ်သည်။ ဧည့်သည်တော်များအတွက် ကံစမ်းမဲဖောက်ပေးခြင်းထက် အမှတ်တရလက်ဆောင်ပေးအပ်မည့် အစီအစဉ်များ ထည့်သွင်းထားပြီး ဧည့်ခံကြိုဆိုရေး ဝန်ထမ်းများကလည်း ဝန်ဆောင်မှုများ စနစ်တကျဖြစ်ရေးအတွက် လေ့ကျင့်ပြင်ဆင်လျက်ရှိကြသည်။

အစားအသောက်အတွက် ဘူဖေးလ်စနစ်၊ မိမိကြိုက်နှစ်သက်ရာကိုသာ သီးခြားမှာစားသည့် စနစ်တို့အပြင် ပုစွန်အသားညှပ်ပေါင်မုန့်လို အစားအစာများကို ဒေါ်လာ ၁၄ သိန်းကျော်ဖိုး အကြိုမှာယူမှုများ ရှိထားပြီးဖြစ်ကြောင်း သိရသည်။ ထို့ပြင် ခရာကဲ့သို့ အသံဆူညံသည့် လေမှုတ်ကိရိယာများကို တစ်ပွဲလျှင် ပေါင် ၅၃၀၀၀ ဖိုးလောက်အထိ ရောင်းချနိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။ သို့သော် မော်စကိုနှင့် စိန့်ပီတာစဘတ်မြို့တို့ကြား မိုင် ၄၅၀ ကျော် ကွာခြားပြီး ရုရှားကမ္ဘာ့ဖလားသည် ကစားကွင်းတစ်ခုနှင့် တစ်ခုကြား အကွာအဝေး များစွာကွာခြားခြင်းက ပရိသတ်များအတွက် သွားလာစရိတ်များ အဆမတန် မြင့်တက်လာမည်ဟူသော ဝေဖန်မှုများရှိနေသည်။ **မေလှဲ့သင်း**

ယုံကြည်စိတ်ချစွာ စားသုံးနိုင်သော

DISKO milk

ဒစ်စကို နို့ဆီ

လုပ်ငန်းအမည် - **Delicious Food Ltd.**

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ထောက်ခံချက်အမှတ် - ၈၃/၀၇၀၁၁/ထလ

ရွှေထူးလွင် (ချောင်းသာ-စား/တည်း/ဒိုင်း)

09-450044494, 09-450044496

ကားရောင်းမည်/ငှားမည်

Mini Freezer Box
Truck, Box Truck, Truck
(Hijet, Sabaru, Mini Cab)
Ph : 0973042767

၃-ထပ်လုံးချင်းတိုက် ရောင်းမည်။

09 7878 66677 ၊ 09 4299 99811

တစ်ဦးတည်းဖြစ်ပါကြောင်း

ကရင်ပြည်နယ်၊ စိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ)မှ ဒေါ်မေမျိုးလွင် [၁၄/ဝခမ(နိုင်)၀၀၄၃၂၉]၏ ဖခင် ဦးအုန်းဟန်(ခ)ဦးအုန်းလွင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

အမည်မှန်

တနင်္သာရီမြို့နယ်၊ လမိုင်းကော့ ကျေးရွာနေ (အဖ) ဦးကျော်ရှင်၏သား အထက-တကူ (အငြမတန်း)၌ ပညာသင်ကြားနေသူ မောင်မျိုးဇော်စိုင်းအား ကျောင်းဝင်မှတ်ပုံတင်စာရင်းအရ မောင်မြတ်နိုးနောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မြတ်နိုးနောင်**

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ
ဦးသိန်းငွေး(ခ)ဦးအန်းကူ-ဒေါ်ဆွေဇင်ဦးတို့၏သားကြီး

မောင်ရဲတေဇ
B.C.Sc,DSA
MBA(Candidate),University of Northampton
Head of Project Coordination
Amara Communications Co.,Ltd

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ
ဦးစိုးဝင်း-ဒေါ်ခိုင်စုဝေချိုတို့၏သမီးငယ်

မနိုင်သဥ္ဇာဝေချို
LL.B
MBA(Candidate),University of Northampton
Cabin Crew(Air KBZ)

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ ၅-၁၂-၂၀၁၇ ရက် Chatrium Hotel,Ballroom(3)တွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဦးအောင်နိုင်၏ရှေ့မှောက်၌ တရားဝင်လက်ထပ်ပြီးစီးပါကြောင်းနှင့် အဘက်ဘက်မှ ကူညီသူအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

မောင်ရဲတေဇ-မနိုင်သဥ္ဇာဝေချို

အမှားပြင်ဖတ်ရှုပါရန်

၁၅-၁၂-၂၀၁၇ရက်စွဲပါ ကြေးမုံစာမျက်နှာ(၂၉)တွင် "ကန့်ထရိုက်တာဦးသော်အောင်[၁၂/စခန(နိုင်)၀၄၈၀၃၇] နှင့် အများသိရှိစေရန်ကြေညာစာ" (၄)ပိုဒ် မြောက်ရှိ"၁၈. ၁၁. ၂၀၁၇"အစား "၁၀-၁၁-၂၀၁၇"ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် အမှားပြင်ဆင်အပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး လျှောက်လွှာခေါ်ယူခြင်း
ကြော်ငြာစာအမှတ်(၂/၂၀၁၇)
၁၃၇၉ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်
(၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတွင် လစ်လပ်လျက်ရှိသော **အငယ်တန်းစာရေး(လစာနှုန်း၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀)ရာထူး (၂၀)နေရာ**အတွက် **တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူများ**လျှောက်ထားနိုင်ပါသည်။ **[ဦးစွာပေးပို့လာသည့်လျှောက်လွှာ (၁၅၀)ကိုသာ လက်ခံမည်ဖြစ်ပါသည်။]**

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ၂၇-၁-၂၀၁၈ရက်တွင် အသက်(၂၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- (ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်ရမည်။
- (ဃ) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ ကိုယ်ရေးလျှောက်လွှာပုံစံနှင့်အတူ အောက်ပါစာရွက်စာတမ်းများပူးတွဲ၍ **ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈)၊ နေပြည်တော်သို့ ၁၅-၁-၂၀၁၈ရက် (တနင်္လာနေ့) နောက်ဆုံးထား၍** လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ လျှောက်ထားနိုင်ပါသည်-
- (က) ပညာအရည်အချင်းအထောက်အထားမိတ္တူ (ဘွဲ့လက်မှတ်မိတ္တူ သို့မဟုတ် ယာယီဘွဲ့လက်မှတ်မိတ္တူ)၊ (၁၀)တန်းအောင်လက်မှတ်မိတ္တူ
- (ခ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ
- (ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်
- (ဃ) (၆)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ

၄။ ရေးဖြေစာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတတို့ကို **၂၇-၁-၂၀၁၈ရက်(စနေနေ့) နံနက် ၉:၀၀ နာရီမှ ၁၂:၀၀ နာရီအထိ စစ်ဆေးမည်ဖြစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈)၊ နေပြည်တော်**၌ ဖြေဆိုရမည်ဖြစ်ပါသည်။

၅။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို **၂၂-၁-၂၀၁၈ရက်(တနင်္လာနေ့)တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈)၊ နေပြည်တော်**တွင် ရုံးချိန်အတွင်း ထုတ်ပေးသွားမည်ဖြစ်ပါသည်။

၆။ ရေးဖြေစာမေးပွဲအောင်မြင်သူများကို လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် အခြားအောင်လက်မှတ်များ၊ အလုပ်သမားမှတ်ပုံတင်စသည်တို့ကို မူရင်းတင်ပြနိုင်ရပါမည်။ အသေးစိတ်သိရှိလိုပါက **ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈)၊ နေပြည်တော်-ဖုန်းအမှတ်-၀၆၇-၃၄၀၉၅၈၀နှင့် ၀၆၇-၃၄၀၉၁၅၂** တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ဖခင်အမည်မှန်

ကနီမြို့နယ်၊ ထူးပေါက် အလကခွဲ၊ အငြမတန်းမှ မောင်ငြိမ်းထက်ဇော်နှင့် သတ္တမတန်းမှ မငြိမ်းချမ်းမိုးတို့၏ ဖခင်အမည်မှန်မှာ ဦးလှဝင်းမောင်[၅/ကနန (နိုင်)၁၁၃၂၉၆]ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်၊ အထက အငြမတန်းမှ မရီရီအောင်၏ ဖခင်အမည်မှန်မှာ ဦးကျော်လွင် [၅/ကနန(နိုင်)၀၃၈၃၇၉] ဖြစ်ပါကြောင်း။ **ဦးကျော်လွင်**

မိခင်အမည်မှန်

ဇလွန်မြို့နယ်၊ တောင်ပို့တရာကျေးရွာ အထက(ခွဲ)ဒသမတန်းမှ မဇွန်ဖူးဝေ၏ မိခင်အမည်မှန်မှာ ဒေါ်အန္ဒဲ့နှင့်ဒေါ်မန္ဒဲ့ [၁၄/ဇလန(နိုင်)၁၇၁၃၅၁]မှာ တစ်ဦးတည်းဖြစ်ပါသည်။ **ဒေါ်အန္ဒဲ့**


အမည်မှန်

အမည်မှန်

ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်၊ တအုံ အထက(ခွဲ) အငြမတန်းမှ မမြသူဇာဝင်း၏ အမည်မှန်မှာ မမြတ်သူဇာဝင်း [၅/ကနန (နိုင်)၁၂၆၈၈၉]ဖြစ်ပါကြောင်း။ **မမြတ်သူဇာဝင်း**

ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်၊ အထက ဒသမတန်း၊ ဝိဇ္ဇာ(B) မှ မောင်ရဲရင့်ဝေယံကျော်၏ဖခင်အမည်မှန်မှာ ဦးဖုန်းမြင့်သန်း [၅/ ကနန(နိုင်)၀၁၃၉၈၃] ဖြစ်ပါကြောင်း။ **ဦးဖုန်းမြင့်သန်း**

မိခင်နှင့်ဖခင်အမည်မှန်

ဇလွန်မြို့နယ်၊ တောင်ပို့တရာကျေးရွာ အထက(ခွဲ) ဒသမတန်းမှ မအေးသန္တာလွင်နှင့် သတ္တမတန်းမှ မဇင်မို့မို့လွင်၏ဖခင်နှင့် မိခင်အမည်မှန်မှာ ဦးအောင်ကျော်မိုး [၁၄/ဟသတ(နိုင်)၁၂၄၁၃၁]နှင့် ဒေါ်ခင်စန်းတင့် [၁၄/ ဇလန(နိုင်)၁၅၆၆၉၆] ဖြစ်ပါသည်။

ဦးအောင်ကျော်မိုး
ဒေါ်ခင်စန်းတင့်

ပျောက်ဆုံး

ဦးကျော်ဇင် [၁၂/သလန(နိုင်)၀၅၆၅၀၄]၏ သင်္ဘောသားကျွမ်းကျင်လက်မှတ် 4 ticket EDH, PSC, DSD, SSA, W/k လက်မှတ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း-၀၉-၄၄၈၄၁၅၁၆၅**

ပျောက်ဆုံးကြော်ငြာ

ကျွန်တော် သန့်ဇင်အောင် CDC No. 96959 ၏ SSA လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၉၅၂၂၀၉၈၉၈**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံတောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၆)၊ မြေကွက်အမှတ်(၁၃၅၆) မြေကွက်တည်နေရာအမှတ်(၁၃၅၆)၊ (၁၄၆) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဦးကျော်ဇော[၁၂/ကမရ(နိုင်)၀၀၂၃၇၄](TLN-၀၁၇၉၆၇) အမည်ပေါက်ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးကျော်ဇော[၁၂/ကမရ(နိုင်)၀၀၂၃၇၄](TLN-၀၁၇၉၆၇)ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် (၁၀-၆-၂၀၁၄)ရက်တွင် ဦးအောင်ဇော်လတ်(ခ)အောင်မြတ်[၁၂/အလန(နိုင်)၀၀၀၀၉၇]မှ ဝယ်ယူခဲ့ပြီး ၎င်း၏မြေချပါမစ်မူရင်းသိမ်းဆည်းထားရာမှ အထားအသိမှားယွင်းကာ ပျောက်ဆုံးသွားပါသဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ကျမ်းကျိန်လွှာအမှတ်(၁၀၃၄/၄-၁၁-၁၅)ဖြင့် မြေချပါမစ်မူရင်းအား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လျှုဒါန်း၊ အာမခံအဖြစ်တင်သွင်းခြင်းမရှိပါ။ အရှုပ်အရှင်းပြဿနာပေါ်ပေါက်ပါက တာဝန်ယူဖြေရှင်း ပေးမည်ဖြစ်ကြောင်း ကျမ်းကျိန်လွှာတွင်ပါမစ် ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဌာနတွင်ကိုယ်တိုင်ဝန်ခံချက်များဖြင့် ကွင်းဆင်းစစ်ဆေးရာ ပေ၁၀×၁၅ (၁)ထပ်ပျဉ်ကာသွပ်မိုးအဆောက်အအုံ(၁)လုံးရှိပြီး လူမနေ၊ သော့ဖွင့်ပြပါကြောင်းတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှား စာချုပ်ဂရန်သစ် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ၁၂ - လမ်း၊ အမှတ် - ၂၃၄(ပထမထပ်) ခြေရင်းခန်း၊ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်အမည်ပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဒေါ်မြင့်မြင့်ခိုင် [၁၂/မရက(နိုင်)၁၂၅၂၀၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးသန်းညွန့်(LL.B) **ဦးနိုင်ထွင်ရှိလင်း (LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၅၂၇) နှင့် အထက်တန်းရှေ့နေ(စဉ်-၃၅၅၄၅)
ဖုန်း-၀၉-၅၅၀၆၁၅၇
အမှတ်(၉၉)၊ ဒုတိယထပ်(ယာ)၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၈၅၅၀၆၁၅၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
MAC Tower

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆/ကံဘဲ့၊ မြေကွက်အမှတ်-၁/အ-၁/စီ၊ မြေကွက်အမှတ်-၁၅/ဂ၊ မြရတနာလမ်း၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ် ဒေါ်အေးမြင့် [၁၂/သဃက(နိုင်)၀၇၈၉၀၀]အမည်ပေါက်နှစ်(၆၀) မြေငှားဂရန်မြေအား ဒေါ်အေးမြင့်သည် (၁-၅-၂၀၁၆)ရက်တွင် ကွယ်လွန်ခဲ့ကြောင်း၊ ဦးဝင်းရွှေ၏ဇနီးဖြစ်သူ ဒေါ်အေးမြင့် သက်ရှိထင်ရှားရှိချိန်နှင့် သာစဉ်နာစဉ်သဂြိုဟ်မှုကိစ္စအဝဝကို ဦးဝင်းရွှေကသာ ဆောင်ရွက်ခဲ့ပါကြောင်း၊ အခြားခင်ပွန်း လုံးဝမရှိပါကြောင်း၊ ဦးဝင်းရွှေ၏ ၁၃-၁၀-၂၀၁၇ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ဦးထွန်းမြင့်၏ ၁၃-၁၀-၂၀၁၇ရက်စွဲပါ ထောက်ခံကျမ်းကျိန်လွှာ၊ ဒေါ်ဝင်းဝင်းကြည်၏ ၁၃-၁၀-၂၀၁၇ ရက်စွဲပါ ထောက်ခံကျမ်းကျိန်လွှာ၊ ဒေါ်အေးမြင့်၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ဦးဝင်းရွှေ [၁၂/ရကန(နိုင်)၀၅၅၂၃၁]မှ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာပါသည်။ ကွင်းဆင်းစစ်ဆေးရာ လျှောက်ထားသော မြေကွက်အမှတ်-၁/အ-၁စီတွင် (၂)ထပ် B.N တိုက်ရှိပါသည်။ လျှောက်ထားသူကိုယ်တိုင်မနေပါ။ ၎င်း၏ယောက္ခမ (အမည်ပေါက်ဒေါ်အေးမြင့်၏ဖခင်) ဦးကောက်နေထိုင်ပါသည်။ (လျှောက်ထားသော မြေကွက်အမှတ်-၁/အ-၁စီ နှင့် လျှောက်ထားသူ၏ ၁/အ-၁ဘီ(၂)ကွက်သည် ခြံတစ်ဝင်းတည်းဖြစ်ပါသည်။ ဦးဝင်းရွှေမှ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားမှုအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆/ကံဘဲ့၊ မြေကွက်အမှတ်-၁/အ-၁/ဘီ၊ မြေကွက်တည်နေရာအမှတ်-၁၅/ဘီ၊ မြရတနာလမ်း၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ် ဒေါ်အေးမြင့်[၁၂/သဃက(နိုင်)၀၇၈၉၀၀] အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအား ဒေါ်အေးမြင့်သည် ၁-၅-၂၀၁၆ရက်တွင် ကွယ်လွန်ခဲ့ကြောင်း၊ ဦးဝင်းရွှေ၏ဇနီးဖြစ်သူ ဒေါ်အေးမြင့် သက်ရှိထင်ရှားရှိချိန်နှင့် သာစဉ်နာစဉ်သဂြိုဟ်မှုကိစ္စအဝဝကို ဦးဝင်းရွှေကသာ ဆောင်ရွက်ခဲ့ပါကြောင်း၊ အခြားခင်ပွန်းလုံးဝမရှိပါကြောင်း၊ ဦးဝင်းရွှေ၏၁၃-၁၀-၂၀၁၇ ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ဦးထွန်းမြင့်၏ ၁၃-၁၀-၂၀၁၇ရက်စွဲပါ ထောက်ခံကျမ်းကျိန်လွှာ၊ ဒေါ်ဝင်းဝင်းကြည်၏ ၁၃-၁၀-၂၀၁၇ရက်စွဲပါ ထောက်ခံကျမ်းကျိန်လွှာ၊ ဒေါ်အေးမြင့်၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ဦးဝင်းရွှေ[၁၂/ရကန(နိုင်)၀၅၅၂၃၁]မှ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာပါသည်။ ကွင်းဆင်းစစ်ဆေးရာ လျှောက်ထားသူ ကိုယ်တိုင်နေထိုင်မှုမရှိပါ။ လျှောက်ထားသောမြေကွက်အမှတ်-၁/အ-၁ဘီသည် မြေကွက်လပ်ဖြစ်ပြီး ယင်းမြေကွက်ထဲသို့ လျှောက်ထားသူ၏ ၁/အ-၁စီ မြေကွက်ရှိ ၎င်း၏ယောက္ခမ (အမည်ပေါက်ဒေါ်အေးမြင့်၏ဖခင်) ဦးကောက်နေထိုင်သော(၂)ထပ် B/N တိုက်၏အဖီချဝင်ရောက်ဆောက်လုပ်ထားပါသည်။ ၎င်းမြေကွက်(၂)ကွက်မှာ မြေပြင်တွင် ခြံတစ်ဝင်းတည်းဖြစ်ပါသည်။ ဦးဝင်းရွှေမှ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားမှုအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ မြေကွက်အမှတ်(၁၂၀၄)၊ အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ ဦးကိုမင်း [၁၄/မလန(နိုင်)၁၄၃၅၆၁] အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ဦးကိုမင်းထံမှ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးသိန်းအောင်[၁၄/မလန(နိုင်)၂၈၈၀၉၆]ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးဇော်မိုးထွန်း [၁၂/ဒဂမ(နိုင်)၀၀၅၄၃၂]က အရောင်းအဝယ်စာချုပ်ဖြင့် အပြီးအပိုင်ဝယ်ယူ လက်ဝယ်ပိုင်ဆိုင်ထားရှိပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက် စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စန္ဒာမွှေး (စဉ်-၇၁၄၈) တရားလွှတ်တော်ရှေ့နေ
LL.B,M.P.A,D.B.L,D.M.L,D.APsy,D.I.R,D.G.I
အမှတ်-၃၃/၄၉၊ Strand Condominium၊ အခန်းအမှတ်(၃၇)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၇၈၀၄၈၊ ၀၉-၄၂၀၀၂၂၂၅၀၊ ၀၉-၉၇၀၃၄၈၈၄၄

မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

(၂) အစုရှယ်ယာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို ထုတ်ဝေခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့အကြောင်းကြားရမည်။ အဆိုပါအကြောင်းကြားစာတွင် အစုရှယ်ယာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို ထုတ်ဝေခြင်းအတွက် ပေးချေသည့်တန်ဖိုးများနှင့် အဆိုပါအစုရှယ်ယာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအတွက် တန်ဖိုးကိုအပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသ ဖြစ်စေ ပေးချေပြီးခြင်းရှိ၊ မရှိတို့အား ထည့်သွင်းဖော်ပြရမည်။

(ခ) ပိုင်ဆိုင်သူ၏အမည်ကို ကုမ္ပဏီ၏ သက်ဆိုင်ရာ မှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းပြီးသည့်အခါ အစုရှယ်ယာ သို့မဟုတ် အခြားငွေချေးသက်သေခံ လက်မှတ်တစ်ခုအား ထုတ်ဝေပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်အား လိုက်နာရန်ပျက်ကွက်ခြင်းသည် အစုရှယ်ယာ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်အား ထုတ်ဝေခြင်းအတွက် တရားဝင်အတည်ဖြစ်မှုအား ထိခိုက်စေခြင်းမရှိစေရ။

၇၂။ ကုမ္ပဏီသည် ပုဒ်မ ၇၁ ပါပြဋ္ဌာန်းချက်အား လိုက်နာရန်ပျက်ကွက်ခဲ့လျှင် သိလျက်ဖြင့် ပျက်ကွက်ခဲ့သော ကုမ္ပဏီ၏ဒါရိုက်တာတစ်ဦးစီသည် ဒဏ်ကြေးငွေ ကျပ်နှစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်။

ဦးစားပေးအစုရှယ်ယာများ

ဦးစားပေးအစုရှယ်ယာများထုတ်ဝေရန်အတွက် လိုအပ်ချက်များ

၇၃။ ဦးစားပေးအစုရှယ်ယာများတွင် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်းသည့် အခွင့်အရေးများကို ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဖော်ပြထားလျှင် သို့မဟုတ် အဆိုပါအစုရှယ်ယာများနှင့် စပ်လျဉ်းသည့်အခွင့်အရေးများကို ကုမ္ပဏီ၏အထူးဆုံးဖြတ်ချက်အရအတည်ပြုခဲ့လျှင် ကုမ္ပဏီတစ်ခုသည် ဦးစားပေးအစုရှယ်ယာများကို ထုတ်ဝေနိုင်သည် -

(က) မတည်ငွေရင်းကို ပြန်လည်ပေးချေခြင်း၊

(ခ) ပိုလျှံသည့် ရရန်ပိုင်ခွင့်များနှင့် အကျိုးအမြတ်များတွင်ပါဝင်ခြင်း၊

(ဂ) စုပေါင်းထားသော အမြတ်ဝေစုများနှင့် သီးခြားစီဖြစ်သော အမြတ်ဝေစုများ၊

(ဃ) ဆန္ဒမဲပေးခြင်း၊

(င) အခြားဦးစားပေးအစုရှယ်ယာအမျိုးအစားများ သို့မဟုတ် အခြားအစုရှယ်ယာများထက် ဦးစားပေးပြီး အမြတ်ဝေစုများနှင့် မတည်ငွေရင်းကိုပေးချေခြင်းနှင့်

(စ) အစုရှယ်ယာများအား ပြန်လည်ရွေးနုတ်ရယူနိုင်ခြင်းရှိ၊ မရှိနှင့် ရှိခဲ့ပါက ထိုသို့ ပြန်လည်ရွေးနုတ်ရယူနိုင်ခြင်းဆိုင်ရာ စည်းကမ်းချက်များ။

ပြန်လည်ရွေးနုတ်ရယူခွင့်ရှိသော ဦးစားပေးအစုရှယ်ယာများအား ပြန်လည်ရွေးနုတ်ရယူခြင်း

၇၄။ (က) ပြန်လည်ရွေးနုတ်ရယူခွင့်ရှိသော ဦးစားပေးအစုရှယ်ယာများသည် ယင်းတို့အား ပြန်လည်ရွေးနုတ်နိုင်ခွင့်ရှိသော စည်းကမ်းချက်များ ချမှတ်၍ထုတ်ဝေသည့် ဦးစားပေး အစုရှယ်ယာများဖြစ်သည်။

(ခ) ပုဒ်မခွဲ (ဂ) ပါပြဋ္ဌာန်းချက်များကိုလိုက်နာလျက် ပြန်လည်ရွေးနုတ်ရယူခွင့်ရှိသော ဦးစားပေး အစုရှယ်ယာအား အောက်ပါအတိုင်း ပြန်လည်ရွေးနုတ်ရယူနိုင်သည်-

(၁) တိကျစွာသတ်မှတ်ထားသည့်အချိန်တွင် သို့မဟုတ် တိကျစွာသတ်မှတ်ထားသည့် အထူးအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လာသည့်အခါတွင် သို့မဟုတ်

(၂) ကုမ္ပဏီမှ ရွေးချယ်ရယူသည့်အခါတွင် သို့မဟုတ်

(၃) အစုရှယ်ယာရှင်က ရွေးချယ်ရယူသည့်အခါတွင်။

(ဂ) ကုမ္ပဏီသည် အောက်ပါအခြေအနေများ ပေါ်ပေါက်မှသာလျှင် ပြန်လည်ရွေးနုတ်ရယူခွင့်ရှိသော ဦးစားပေးအစုရှယ်ယာများအား ပြန်လည်ရွေးနုတ်ရယူနိုင်သည် -

(၁) အဆိုပါ အစုရှယ်ယာများအတွက် အပြည့်အဝငွေပေးချေပြီးဖြစ်ခြင်း၊

(၂) ကုမ္ပဏီ၏အကျိုးအမြတ်များအားအသုံးပြု၍ သို့မဟုတ် ဦးစားပေးအစုရှယ်ယာများအား ပြန်လည်ရွေးနုတ်ရယူရန်ရည်ရွယ်၍ အစုရှယ်ယာအသစ်များ ထုတ်ဝေမှုအကျိုးအမြတ်များအား အသုံးပြုခဲ့ခြင်းနှင့်

(၃) ပြန်လည်ရွေးနုတ်ရယူခြင်းပြုလုပ်ခဲ့ပါက ကုမ္ပဏီတွင်ကြွေးမြီစစ်ဆေးချက်၌ ကျေနပ်လက်ခံနိုင်မည်ဖြစ်ကြောင်း ဒါရိုက်တာများမှသင့်လျော်သော အကြောင်းအချက်များအပေါ် ဆုံးဖြတ်ခဲ့ခြင်း။

(ဃ) ပုဒ်မခွဲ (ဂ) အရ ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ပြီးသည့်အခါ ဖော်ပြထားသည့် ငွေပမာဏသည် ပြန်လည်ရွေးနုတ်ရယူရန်အတွက် သတ်မှတ်ထားသည့်နေ့တွင် ပေးချေရမည့် ငွေပမာဏ ဖြစ်လာစေရမည်။

(င) ပြန်လည်ရွေးနုတ်ရယူခွင့်ရှိသော ဦးစားပေးအစုရှယ်ယာများသည် ပြန်လည်ရွေးနုတ် ရယူပြီးသည့်အခါတွင် ပျက်ပြယ်စေရမည်။

(စ) ကုမ္ပဏီသည် ပြန်လည်ရွေးနုတ်ရယူခွင့်ရှိသော ဦးစားပေးအစုရှယ်ယာများကို ပြန်လည်ရွေးနုတ်ရယူပြီးနောက် ၂၁ ရက်အတွင်း သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် အဆိုပါ ပြန်လည်ရွေးနုတ်ရယူခြင်းအား မှတ်ပုံတင်အရာရှိထံ အကြောင်းကြားတင်ပြရမည်။

(ဆ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်အား လိုက်နာရန်ပျက်ကွက်ခြင်းသည် ပြန်လည်ရွေးနုတ်ရယူခွင့်ရှိသော ဦးစားပေးအစုရှယ်ယာများကို ပြန်လည်ရွေးနုတ်ရယူခြင်းအတွက် တရားဝင် အတည်ဖြစ်မှုအား ထိခိုက်စေခြင်းမရှိစေရ။

၇၅။ ကုမ္ပဏီသည် ပုဒ်မ ၇၄ ပါပြဋ္ဌာန်းချက်များအား လိုက်နာရန်ပျက်ကွက်ခဲ့လျှင် သိလျက်ဖြင့် ပျက်ကွက်ခဲ့သောကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးစီသည် ဒဏ်ကြေးငွေကျပ်နှစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်။

ဒီဘင်ချာများ

စဉ်ဆက်မပြတ် သုံးစွဲနိုင်သောဒီဘင်ချာများ

၇၆။ ဤဥပဒေ မပြဋ္ဌာန်းမီကသော်လည်းကောင်း၊ ပြဋ္ဌာန်းပြီးနောက်တွင်သော်လည်းကောင်းချုပ်ဆိုသည့် ဒီဘင်ချာတစ်ရပ်ရပ် သို့မဟုတ် ဒီဘင်ချာ စာချုပ်တစ်ရပ်ရပ်တွင် ဖော်ပြပါရှိသော သတ်မှတ်ချက်တစ်ရပ်ရပ်သည် မည်သည့်အချိန်၊ မည်သည့်အကြောင်းကြောင့်မျှဖြင့် ပြန်လည်ရွေးနုတ် ရယူခွင့်မရှိသော သို့မဟုတ် ပြန်လည်ရွေးနုတ်ရယူခွင့်ရှိသောကြောင့် တရားမဝင်ဖြစ်ခြင်း မရှိစေရ။

ပြန်လည်ရွေးနုတ်ရယူခဲ့သော ဒီဘင်ချာများကို တစ်ချိန်ချိန်တွင် ထပ်မံထုတ်ဝေရန် ဆောင်ရွက်နိုင်သည့် အခွင့်အာဏာ

၇၇။ (က) ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း သို့မဟုတ် ထုတ်ပြန်ထားသည့် စည်းကမ်းချက်များ၌ အခြားနည်း အတိအလင်းဖော်ပြထားခြင်းမရှိပါက ဤဥပဒေအာဏာတည်ခြင်းမပြုမီတွင်ဖြစ်စေ၊ အာဏာတည်ပြီးနောက်တွင်ဖြစ်စေ ကုမ္ပဏီသည် ယခင်ကထုတ်ဝေခဲ့သော ဒီဘင်ချာတစ်ရပ်ရပ်ကို ပြန်လည်ရွေးနုတ်ရယူပြီးနောက် အဆိုပါ ဒီဘင်ချာတစ်ရပ်ရပ်ကို ထပ်မံထုတ်ဝေနိုင်ရန်အတွက် ယင်းတို့အား ဆက်လက်အကျိုးသက်ရောက်နေစေရန် ဆောင်ရွက်နိုင်ခွင့်ရှိစေရမည် သို့မဟုတ် ထိုသို့ဆောင်ရွက်နိုင်ခွင့်ရှိသည်ဟု အမြဲမှတ်ယူရမည်။ ကုမ္ပဏီသည် အဆိုပါအခွင့်အာဏာအား ကျင့်သုံးဆောင်ရွက်သည့်အခါ ကုမ္ပဏီတွင် အလားတူဒီဘင်ချာများကို ထပ်မံထုတ်ဝေခြင်းဖြင့်သော်လည်းကောင်း၊ ယင်းတို့အစား အခြားဒီဘင်ချာများကို ထုတ်ဝေခြင်းဖြင့်သော်လည်းကောင်း ဒီဘင်ချာများအား ထပ်မံထုတ်ဝေရန် အခွင့်အာဏာရှိစေရမည် သို့မဟုတ် ထိုသို့ ဆောင်ရွက်ရန် အခွင့်အာဏာရှိသည်ဟု အမြဲမှတ်ယူရမည်ဖြစ်သည်။ ထိုသို့ ထပ်မံထုတ်ဝေသည့်အခါတွင် အဆိုပါ ဒီဘင်ချာအား ယခင်က ထုတ်ဝေခဲ့ဘူးခြင်းမရှိသကဲ့သို့ ဒီဘင်ချာများအားရရှိသူသည် အလားတူအခွင့်အရေးများနှင့် ဦးစားပေးအကျိုးခံစားခွင့်များကို ရရှိစေရမည် သို့မဟုတ် ထိုသို့ရရှိသည်ဟု အမြဲမှတ်ယူရမည်။

(ခ) ဒီဘင်ချာများကို ထပ်မံထုတ်ဝေနိုင်ရန်အတွက် ယင်းတို့အား ဆက်လက်အကျိုးသက်ရောက်နေစေရန် ရည်ရွယ်ပြီး ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီတွင်ဖြစ်စေ၊ ပြဋ္ဌာန်းပြီးနောက်တွင် ဖြစ်စေ အဆိုပါဒီဘင်ချာများကို ကုမ္ပဏီက အမည်စာရင်းအဆိုပြုခံရသူသို့ လွှဲပြောင်းပေးအပ်ရသည့်အခါ ထိုအမည်စာရင်းအဆိုပြုခံရသူထံမှ လွှဲပြောင်းပေးမှုကို ဤပုဒ်မပါ ရည်ရွယ်ချက်များအတွက် ထပ်မံထုတ်ဝေခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) ဒီဘင်ချာတစ်ရပ်ရပ်ကို ထပ်မံထုတ်ဝေခြင်း သို့မဟုတ် ယင်းအစား ကုမ္ပဏီသို့ ဤပုဒ်မအရပေးအပ်ထားသည့် သို့မဟုတ် ကုမ္ပဏီက ရရှိသည်ဟု မှတ်ယူသည့် အခွင့်အာဏာအရ အခြားဒီဘင်ချာ တစ်ရပ်ရပ်ကို ထုတ်ဝေခြင်းကို ဤဥပဒေပြဋ္ဌာန်းခြင်း မပြုမီတွင်ဖြစ်စေ၊ ပြဋ္ဌာန်းပြီးနောက်တွင်ဖြစ်စေ ထပ်မံထုတ်ဝေခြင်း သို့မဟုတ် ထုတ်ဝေခြင်းဖြစ်စေ တံဆိပ်ခေါင်းခွန်ကိစ္စရပ်အလို့ငှာ ဒီဘင်ချာအသစ်တစ်ရပ်အား ထုတ်ဝေခြင်းအဖြစ်သတ်မှတ်ရမည်။ သို့ရာတွင် ယင်းသို့ဆောင်ရွက်ခြင်းသည် ထုတ်ဝေရမည့် ဒီဘင်ချာများ၏ တန်ဖိုးငွေပမာဏ သို့မဟုတ် အရေအတွက်ကို ကန့်သတ်ထားသည့် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အတွက် ဆောင်ရွက်ခြင်းမဖြစ်စေရ။ သို့ရာတွင် ဤပုဒ်မပါ ပြဋ္ဌာန်းချက်အရ ထပ်မံထုတ်ဝေထားသည့် ဒီဘင်ချာ တစ်ခုသည် အပြည့်အဝ တံဆိပ်ခေါင်းကပ်ထားသည်ဟု မှတ်ယူ၍ ယင်း၏အာမခံချက်နှင့်စပ်လျဉ်း၍ ငွေထုတ်ချေးသူတစ်ဦးဦးသည် တံဆိပ်ခေါင်းခွန် သို့မဟုတ် ယင်းနှင့်စပ်လျဉ်းသည့် ပြစ်ဒဏ် တစ်ရပ်ရပ်ကို ထမ်းဆောင်ရန် မလိုဘဲ ၎င်း၏ အာမခံချက်အား အတည်ပြုပေးစေရန်အတွက် မည်သည့်တရားစွဲဆို ဆောင်ရွက်မှုတွင်မဆို အဆိုပါဒီဘင်ချာကို သက်သေခံအဖြစ် ပေးအပ်တင်ပြနိုင်သည်။ သို့ရာတွင် ဒီဘင်ချာတွင် အပြည့်အဝတံဆိပ်ခေါင်းကပ်ထားခြင်းမရှိသည်ကို ၎င်းမှ သိရှိခြင်း သို့မဟုတ် ၎င်း၏ပေါ့လျော့မှုကြောင့် တွေ့ရခြင်းမရှိခဲ့လျှင် အဆိုပါဒီဘင်ချာကို သက်သေခံအဖြစ် ပေးအပ်တင်ပြနိုင်ခြင်းမရှိစေရ။ သို့ရာတွင် ကုမ္ပဏီသည် ထိုက်သင့်သော တံဆိပ်ခေါင်းခွန်နှင့် ပြစ်ဒဏ်တို့ကို ပေးဆောင်ရန် တာဝန်ရှိစေရမည်။

(ဃ) ဤပုဒ်မတွင်ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ ကုမ္ပဏီတစ်ခု၏ ဒီဘင်ချာများ အပြည့်အဝပေးချေပြီး သို့မဟုတ် အခြားနည်းဖြင့် ကျေနပ်လက်ခံပြီး သို့မဟုတ် ပျက်ပြယ်ပြီးဖြစ်သော ဒီဘင်ချာတစ်ရပ်ရပ်အစား အခြားဒီဘင်ချာများ သို့မဟုတ် ယင်းနှင့်စပ်လျဉ်း၍ ငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေနိုင်ရန် အခွင့်အာဏာတစ်ရပ်ရပ်ကို ထိခိုက်စေခြင်းမရှိစေရ။

ဒီဘင်ချာများကိုရယူရန် ပဋိညာဉ်စာချုပ်အား အတိအကျအကောင်အထည်ဖော်ဆောင်ရွက်စေခြင်း

၇၈။ ကုမ္ပဏီတစ်ခု၏ ဒီဘင်ချာတစ်ရပ်ရပ်ကို ရယူရန်နှင့် ငွေပေးချေရန်အတွက် ယင်းကုမ္ပဏီနှင့် ချုပ်ဆိုထားသည့် ပဋိညာဉ်တစ်ရပ်ကို သီးသန့်ဆောင်ရွက်ပေးစေရန် အမိန့်ဒီကရီတစ်ခုဖြင့် အတည်ပြုဆောင်ရွက်နိုင်သည်။

အစုရှယ်ယာအာမခံလက်မှတ်များနှင့်စပ်လျဉ်းသည့် ကူးပြောင်းဆောင်ရွက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ

အစုရှယ်ယာအာမခံလက်မှတ်များ၏အကျိုးသက်ရောက်မှု

၇၉။ ပုဒ်မ ၈၁ နှင့် ၈၂ တို့နှင့်အညီ ဤဥပဒေ စတင်အာဏာတည်သည့်နေ့အထိ ထုတ်ဝေထားသည့် အစုရှယ်ယာအာမခံလက်မှတ်တစ်ရပ်ရပ်အား ကိုင်ဆောင်ထားသူသည် ၎င်းအာမခံလက်မှတ်တွင် ဖော်ပြပါရှိသည့် အစုရှယ်ယာများ သို့မဟုတ် ငွေချေးသက်သေခံ လက်မှတ်များကို ရထိုက်ခွင့်ရှိသည်။ အာမခံလက်မှတ်အားပယ်ဖျက်၍ အဆိုပါအစုရှယ်ယာများ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များအဖြစ် လွှဲပြောင်းပေးနိုင်သည်။

အစုရှယ်ယာအာမခံလက်မှတ်အား ကိုင်ဆောင်ထားသူ၏အမည်ကို မှတ်ပုံတင်ခြင်း

၈၀။ ပုဒ်မ ၈၁ နှင့် ၈၂ တို့ပါ ပြဋ္ဌာန်းချက်များ၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများနှင့်အညီ အစုရှယ်ယာ အာမခံလက်မှတ်တစ်ရပ်အား ကိုင်ဆောင်ထားသူသည် ကုမ္ပဏီကပယ်ဖျက်ခြင်းအတွက် ယင်းအားအပ်နှံခဲ့လျှင် ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် ပါဝင်သူတစ်ဦးအနေဖြင့် ၎င်းတို့၏အမည်များကို ထည့်သွင်းဖော်ပြခွင့် ရရှိစေရမည်။ အာမခံလက်မှတ်အားအပ်နှံခြင်း၊ ပယ်ဖျက်ခြင်းမရှိဘဲ ယင်းတွင်ဖော်ပြပါရှိသော အစုရှယ်ယာများနှင့် စပ်လျဉ်းသည့် အစုရှယ်ယာ အာမခံလက်မှတ် တစ်ရပ်ကို ကိုင်ဆောင်ထားသူ၏အမည်အား ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် ထည့်သွင်းဖော်ပြသောအကြောင်းကြောင့် တစ်စုံတစ်ဦးအပေါ်တွင် ဆုံးရှုံးနစ်နာမှုများဖြစ်လာခဲ့လျှင် ကုမ္ပဏီသည် တာဝန်ရှိစေရမည်။

ဤဥပဒေ စတင်အာဏာတည်ပြီးနောက် အစုရှယ်ယာ အာမခံလက်မှတ်များ ထပ်မံထုတ်ဝေမှုမပြုရခြင်း

၈၁။ ဤဥပဒေစတင်အာဏာတည်ပြီးနောက်တွင် ကုမ္ပဏီတစ်ခုသည် အစုရှယ်ယာအာမခံလက်မှတ် တစ်ရပ်ရပ်ကို ထုတ်ဝေခြင်းမပြုရ။

အစုရှယ်ယာအာမခံလက်မှတ်များအား စွန့်လွှတ်၊ ပယ်ဖျက်သည်ဟု မှတ်ယူခြင်း

၈၂။ (က) ဤဥပဒေ စတင်အာဏာသက်ရောက်ခြင်းမရှိမီက ထုတ်ဝေခဲ့သော အစုရှယ်ယာ အာမခံလက်မှတ်များအားလုံးကို ယခင်က စွန့်လွှတ်ထားခြင်းမရှိခဲ့လျှင် ကူးပြောင်းကာလ သို့မဟုတ် ပုဒ်မခွဲ (ဂ) အရ သတ်မှတ်ထားသည့် အခြားကာလတစ်ရပ်ရပ် ကုန်ဆုံးသည်အထိ ယင်းတို့တွင်ပါရှိသော စည်းကမ်းချက်များနှင့်အညီ ဆက်လက်တရားဝင်စေရမည် ဖြစ်သည်။ ယင်းကာလ ကုန်ဆုံးပြီးနောက်တွင် အဆိုပါအစုရှယ်ယာ အာမခံလက်မှတ်များကို စွန့်လွှတ်ပယ်ဖျက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ပုဒ်မခွဲ (က) အရ အစုရှယ်ယာ အာမခံလက်မှတ်များကို ပယ်ဖျက်သည့် အကြောင်းကြောင့် ပုဂ္ဂိုလ်တစ်ဦးဦးတွင် ဖြစ်ပေါ်သည့် ဆုံးရှုံးမှုတစ်ရပ်ရပ်အတွက် ကုမ္ပဏီတွင် တာဝန်တစ်စုံတစ်ရာမရှိစေရ။

(ဂ) သက်ဆိုင်ရာကုမ္ပဏီက စာဖြင့်ရေးသားလျှောက်ထားလာလျှင် မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့်ကာလကို တိုးမြှင့်ပေးနိုင်သည်။ ကူးပြောင်းကာလ ကုန်ဆုံးချိန်တွင် စွန့်လွှတ်ပယ်ဖျက်သည်ဟု မှတ်ယူရမည့် အာမခံလက်မှတ်များသည် ကုမ္ပဏီ၏အကောင်းဆုံးဖြစ်သော အကျိုးစီးပွားအတွက် မဟုတ်ပါဆိုသော ကျိုးကြောင်း ဆီလျော်မှုရှိသည့် တင်ပြချက်များအပေါ် ကျေနပ်လက်ခံခဲ့လျှင် မှတ်ပုံတင်အရာရှိသည် သက်ဆိုင်ရာအာမခံလက်မှတ်များကို ပြောင်းလဲသုံးစွဲနိုင်ရေးအတွက် လိုအပ်သော အစီအစဉ်များကို လုပ်ဆောင်နိုင်သည်။

အခန်း (၁၂)

အစုရှယ်ယာများနှင့် အခြားငွေချေးသက်သေခံလက်မှတ်များကို လွှဲပြောင်းခြင်း

လွှဲပြောင်းဆောင်ရွက်ရန် လိုအပ်ချက်များ

၈၃။ (က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် အညီဖြစ်ပြီး အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်တွင်ပါရှိသည့် ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ အစုရှယ်ယာများနှင့် ကုမ္ပဏီရှိ အခြားမှတ်ပုံတင်ထားသော အကျိုးခံစားခွင့်များကို အခန်း (၁၃) အရ ပြုလုပ်ထားရှိသည့် ကုမ္ပဏီ၏ သက်ဆိုင်ရာမှတ်ပုံတင်စာရင်းတွင် လွှဲပြောင်းပေးခြင်းခံရသူ၏ အမည်အားရေးသွင်းဖော်ပြခြင်းဖြင့် လွှဲပြောင်းပေးနိုင်သည်။

(ခ) အစုရှယ်ယာများနှင့် ကုမ္ပဏီရှိ အခြားမှတ်ပုံတင်ထားသော အကျိုးခံစားခွင့်များကို လွှဲပြောင်းခြင်းအား မှတ်ပုံတင်ရန်အတွက် လျှောက်ထားမှုတစ်ရပ်ကို လွှဲပြောင်းပေးသူကသော်လည်းကောင်း၊ လွှဲပြောင်းပေးခြင်းခံရသူကသော် လည်းကောင်း ပြုလုပ်နိုင်သည်။ ပုဒ်မခွဲ (ဂ) နှင့် (ဃ) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီသည် လွှဲပြောင်းပေးခြင်း ခံရသူ၏ အမည်နှင့် အခန်း (၁၃) အရ လိုအပ်သော အခြားအချက်အလက်များကို သက်ဆိုင်ရာ မှတ်ပုံတင်စာရင်းတွင် ရေးသွင်းရမည်။

ဆက်လက်ဖော်ပြပါမည်။

ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံ အဆောက်အအုံသစ် ဖွင့်ပွဲကျင်းပ

မကွေး ဒီဇင်ဘာ ၁၅

မကွေးတိုင်းဒေသကြီး မကွေးမြို့တိုင်းရင်းဆေးပညာဦးစီးဌာန၏ ခုတင် ၅၀ ဆံ့ တိုင်းရင်း ဆေးရုံအဆောက်အအုံသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၈ နာရီက အဆိုပါ အဆောက်အအုံရှေ့၌ ကျင်းပခဲ့သည်။

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာအောင်မိုးညိုက ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ပြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်ဖြင့်ပက်ဖျန်းပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက အဖွင့်အမှာစကားပြောကြားပြီး တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်ရီရီမြင့်အား နန်းထိုက်ဝင်းကုမ္ပဏီမှ အဆောက်အအုံသစ်နှင့်ပတ်သက်သည့်စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ဒေသခံတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး အဆောက်အအုံသစ်အား ကူညီခဲ့သော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းများပေးအပ်ခဲ့ကြောင်းသိရသည်။

ဇော်ဇော်(မြို့သစ်)

လက်မှုလယ်ယာမှစက်မှုလယ်ယာသို့ ကူးပြောင်းရေး တောင်သူများ လယ်ယာသုံးစက်ကိရိယာ ဝယ်ယူမှု များပြားလာ

မြစ်ကြီးနား ဒီဇင်ဘာ ၁၅

ကချင်ပြည်နယ်အတွင်း ဒေသခံတောင်သူများ အနေဖြင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရေးလုပ်ငန်းစဉ်များအား စိတ်ပါဝင်စားမှု များပြားလာပြီး လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူမှုများပြားလာကြောင်း ကချင်ပြည်နယ် စက်မှုလယ်ယာဦးစီးဌာနမှူးဦးမောင်မောင်ဆန်းထံမှ သိရသည်။

"ဒေသခံတောင်သူတွေက လယ်ယာလုပ်ငန်းကို လက်မှုလယ်ယာကနေ စက်မှုလယ်ယာအဖြစ်ကူးပြောင်းဖို့ကို စိတ်အားထက်သန်နေကြပြီး လယ်ယာသုံးစက်ကိရိယာတွေကို စိတ်ပါဝင်စားမှုများပြားလာပါပြီ လယ်ယာသုံး စက်ကိရိယာတွေကို ကျွန်တော်တို့ စက်မှုလယ်ယာဦးစီးဌာနအပြင် ပြင်ပကုမ္ပဏီများကလည်း လက်ငင်းစနစ်၊ အကြွေးစနစ်စတဲ့ နည်းတွေနဲ့ ရောင်းချပေးမှုတွေရှိနေတော့ ရောင်းချပေးမှုအပေါ် နည်းအမျိုးမျိုးနဲ့ ဝယ်ယူမှုတွေရှိနေပါတယ်၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကစလို့ ဒီဘက်နှစ်အထိ မြို့နယ် ၁၉ မြို့နယ်အတွင်း ထွန်စက်ကြီး ၁၀၄ စီး၊ လက်တွန်းထွန်စက် ၁၁၃၆၂ စီး၊ စပါးရိတ်သိမ်းစက် ၄၂၂ စီး၊ ခြွေလှေ့စက် ၁၃၇၅ စီးနဲ့ Combine စက် ၁၂ စီး ရောင်းချပေးနိုင်ခဲ့ပါပြီ"ဟု ပြည်နယ်စက်မှုလယ်ယာ ဦးစီးဌာနမှူး ဦးမောင်မောင်ဆန်းက ရှင်းလင်းပြောကြားသည်။

လယ်ယာသုံးစက်ကိရိယာအသုံးပြုမှုများနှင့် ပတ်သက်၍ မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်နေ တောင်သူတစ်ဦးကလည်း "လယ်ယာသုံးစက်ကိရိယာတွေ ရောင်းချပေးတာ ကျေးဇူးတော့တင်ပါတယ်၊ တချို့ဆို မမောင်းတတ်ဘူးလေ၊ ဝယ်သာလာတာ၊ မကိုင်တွယ်တတ်တော့ အများကြီးအခက်အခဲတွေ့ရတယ်၊ လယ်ယာသုံးစက်ကိရိယာသုံးစွဲနည်းသင်တန်းပေးရင်လည်း တကယ်တတ်ချင်တဲ့သူ၊ အသုံးတည့်မယ့်သူတွေကိုသာ သင်တန်းပေးသင့်တယ်"ဟု ရှင်းလင်းပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာသုံးစက်ကိရိယာကိုင်တွယ်ထိန်းသိမ်းနည်းသင်တန်းများလည်း ဖွင့်လှစ်ပေးရန် လိုအပ်လျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

ဦးလေးကြီး

အုန်းတော ပင်မဓာတ်အားခွဲရုံ၌ ထရန်စဖော်မာ တိုးချဲ့တပ်ဆင်ပြီးစီး

မုံရွာ ဒီဇင်ဘာ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ အုန်းတော ပင်မဓာတ်အားခွဲရုံတွင် စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ရွာသစ်ကြီးကျေးရွာ၊ ဆားတောင်မြို့၊ ရွှေဘိုမြို့၊ ဝက်လက်မြို့၊ အရာတော်မြို့နယ်များသို့ လက်ရှိလျှပ်စစ်ဓာတ်အားပေးနေသော ၂၃၀/၃၃/၁၁ကေဗွီ ၆၀ အမ်ဗွီအေ ထရန်စဖော်မာသည် သတ်မှတ်ဝန်အားပြည့်နေပြီဖြစ်သဖြင့် ၎င်းမြို့နယ်များနှင့် ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား အပြည့်အဝပေးနိုင်ရန် အတွက် ၆၆/၃၃/၂၀ အမ်ဗွီအေ ထရန်စဖော်မာတစ်လုံးကို ဒီဇင်ဘာလ ပထမပတ်အတွင်း တပ်ဆင်ပြီးစီးသွားပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။

အုန်းတော ဓာတ်အားခွဲရုံတွင် မြို့နယ်များနှင့်ကျေးရွာများရှိ ပြည်သူများလျှပ်စစ်ဓာတ်အား အသုံးပြုရန်အတွက် ၂၃၀/၃၃/၁၁ကေဗွီ ၆၀ အမ်ဗွီအေ ထရန်စဖော်မာ တစ်လုံးနှင့် အရာတော်မြို့နယ်နှင့် စစ်ကိုင်းမြို့နယ်တို့ရှိ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများတွင် အသုံးပြုရန်အတွက် ၂၃၀/၆၆/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ ထရန်စဖော်မာတစ်လုံးတို့ကို တပ်ဆင်ထားလျက်ရှိရာ မြို့နယ်၊ ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား အပြည့်အဝ ပေးနိုင်ရန်အတွက် လျှပ်စစ်မြစ်ရေတင်အတွက် အသုံးပြုရန်တပ်ဆင်ထားသော ထရန်စဖော်မာမှ ဓာတ်အားခွဲဝေသုံးစွဲနိုင်ရန်အတွက် ၆၆/၃၃/၂၀ အမ်ဗွီအေ ထရန်စဖော်မာကို တိုးချဲ့တပ်ဆင်ခြင်းဖြစ်ကြောင်း သိရသည်။

"အခုအသစ်တပ်ဆင်တဲ့ ထရန်စဖော်မာက လျှပ်စစ်မြစ်ရေတင်အတွက် တပ်ဆင်ထားတဲ့ ထရန်စဖော်မာကနေ ခွဲဝေပြီး လိုအပ်နေတဲ့ လျှပ်စစ်ဓာတ်အားတိုးမြှင့်ပေးနိုင်ဖို့အတွက် ထပ်မံတပ်ဆင်တာပါ၊ တပ်ဆင်ခြင်းလုပ်ငန်းတွေအားလုံး ပြီးစီးသွားပြီဖြစ်တဲ့အတွက် မကြာမီ မြို့နယ်ငါးခုနဲ့ ကျေးရွာတွေက ပြည်သူတွေကို လျှပ်စစ် ဓာတ်အား တိုးချဲ့ဖြန့်ဖြူးနိုင်တော့မှာပါ" ဟု စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အုန်းတော ပင်မဓာတ်အားခွဲရုံတွင် ၆၆/၃၃/၂၀ အမ်ဗွီအေ ထရန်စဖော်မာကို တိုးမြှင့်တပ်ဆင်ခြင်း လုပ်ငန်းများအား ဒီဇင်ဘာ ပထမပတ်တွင် ပြီးစီးသွားပြီဖြစ်ရာ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ရွာသစ်ကြီးကျေးရွာ၊ ဆားတောင်ကျေးရွာ၊ ရွှေဘိုမြို့၊ ဝက်လက်မြို့၊ အရာတော်မြို့နယ်များသို့ မကြာမီ လျှပ်စစ်ဓာတ်အား တိုးချဲ့ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ဝင်းဦး(စေတျာတိုင်း)

မန္တလေးမြို့တွင် အိပ်မက်မီးကမ္ဘာ အစီအစဉ်ဖြင့် LED မီးလုံးသန်းတစ်ရာကျော်အသုံးပြု၍ အလှဆင်ထွန်းညှိမည်

မန္တလေး ဒီဇင်ဘာ ၁၅

မန္တလေး ပြည်ကြီးတံခွန်မြို့နယ် စက်မှုပန်းခြံလမ်းနှင့် ရန်ကုန်-မန္တလေး လမ်းဟောင်းကြား ခြံအမှတ် T-4 တွင် အိပ်မက်မီးကမ္ဘာအစီအစဉ်ဖြင့် LED မီးလုံးသန်းတစ်ရာကျော် အသုံးပြုကာ ဒီဇင်ဘာ ၃၀ ရက်မှ စတင်၍ မန္တလေးမြို့ အထင်ကရပုံရိပ်များကို ရက် ၃၀ ကြာ ပုံဖော်ထွန်းညှိပြသသွားမည်ဖြစ်ကြောင်းဟာကျူရီဂရုမှမန်နေဂျင်း ဒါရိုက်တာ ဦးကျော်မင်းက ပြောသည်။

"မီးအလှနဲ့ ပုံဖော်ရာမှာ ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေကို မပျောက်ပျက်စေဘဲ သတိတရဖြစ်စေဖို့ ပုံဖော်ပြသမယ်၊ မန္တလေးရဲ့ အထင်ကရပုံရိပ်တွေအပြင် အနီးတစ်ဝိုက်ရှိ ပြင်ဦးလွင်က ပုံရိပ်တွေလည်းပါတယ်၊ ကိုယ်ပိုင်မြေကွက်ပေါ်မှာ မီးစက်မောင်းပြီး ထွန်းညှိသွားမှာပါ"ဟု ၎င်းကပြောသည်။

LED မီးအလှဆင်ထွန်းညှိခြင်းကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင် ဒီဇင်ဘာ ၁ ရက်မှ စတင်ထွန်းညှိနေပြီး မော်လမြိုင်တွင် ဒီဇင်ဘာ ၂၂ ရက်မှ စတင်ထွန်းညှိသွားမည်ဖြစ်ရာ မီးထွန်းပွဲကြာချိန် ရက် ၃၀ ဖြစ်သည့်အပြင် အခြားမြို့ကြီးများတွင်လည်း ဆက်လက် ထွန်းညှိသွားမည်ဖြစ်ကြောင်းသိရသည်။

"LED မီးသီးတွေကို နောက်ပိုင်းကာလမှာ စျေးကွက်ထဲက ဝယ်ယူချင်သူတွေ ဆက်သွယ်လာရင် သူတို့လိုချင်တဲ့ ဒီဇိုင်းပုံအတိုင်းလုပ်ပေးဖို့ ရည်ရွယ်ထားတယ်၊ ဒီသုံးပြီးရင် နေပြည်တော်မှာ ဖန်နဝါရီလထဲလုပ်ဖို့ ရည်ရွယ်ထားပါတယ်"ဟု ဆက်လက်ပြောကြားသည်။

မန္တလေးမြို့တွင် ပြုလုပ်ခြင်းကြောင့် မန္တလေးတောင်၊ ဦးပိန်တံတား၊ နန်းမြို့ ရိုးနှင့် နန်းတော်၊ တောင်သူလယ်ထွန်ယက်ပုံ စသည်တို့အပြင် ပြင်ဦးလွင်နှင့်ပတ်သက်သည့် ရထားလုံး၊ နာရီစင်နှင့် ပန်းဥယျာဉ်ပုံစသည်ဖြင့် ဒီဇိုင်းပေါင်း ၇၀ ကျော် ပုံဖော်ထွန်းညှိသွားမည်ဖြစ်ကြောင်းသိရသည်။

မင်းထက်အောင် (မန်းကိုယ်ပွား)

အများပြည်သူတို့ ဆေးဝါးသုံးစွဲရာတွင် လုံခြုံစိတ်ချမှုရှိစေရေး ကွင်းဆင်းစစ်ဆေး

ချမ်းမြသာစည် ဒီဇင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏လမ်းညွှန်ချက်နှင့်အညီ အများပြည်သူတို့ ဆေးဝါးသုံးစွဲရာတွင်လုံခြုံစိတ်ချစေရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(မန္တလေး)မှ ဦးဆောင်၍ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီကျန်းမာရေးဌာနခွဲ၊ စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ ဆေးဆိုင်များကွင်းဆင်းစစ်ဆေးပြီး ဆေးရောင်းချခွင့်လုပ်ငန်းလိုင်စင်ရှိ/မရှိ မှတ်ပုံတင်ထားခြင်းမရှိသောဆေးဝါးများ ရောင်းချခြင်းရှိ/မရှိ ဆေးဝါးအတု၊ စံမည်ဆေးဝါး၊ သက်တမ်းလွန်ဆေးဝါး၊ ပျက်စီးနေသောဆေးဝါးများ၊ ရောနှောဆေးဝါးများ၊ ကျန်းမာရေးဝန်ကြီးဌာနက သုံးစွဲရန်မသင့်ဟု အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသော ဘေးအန္တရာယ်ရှိဆေးဝါးများရောင်းချနေခြင်းရှိ/မရှိ ကွင်းဆင်းစစ်ဆေးသည်။

ဆေးဝါးများ၏ အရည်အသွေးအာမခံသင်ဘေးအန္တရာယ်ကင်းရှင်းမှုများသည် ဆေးဝါးသိုလှောင်သိမ်းဆည်းမှုစနစ်တွင်မူတည်နေသည်။ သိုလှောင်သိမ်းဆည်းမှု မကောင်းပါက အရည်အသွေးပျက်ပြယ်နိုင်သည့်အပြင် ဘေးထွက်ဆိုးကျိုးများစွာလည်း ဖြစ်ပေါ်နိုင်သည်။ ဆေးဝါးများကိုစနစ်တကျ သိုလှောင်သိမ်းဆည်းရန်နှင့် ဆေးဝါးအလွဲသုံးမှုပြဿနာများ မဖြစ်ပေါ်စေရေးအတွက်သတ်မှတ်ထားသော ထိန်းချုပ်ဆေးဝါးများကို ဆရာဝန်၏အညွှန်းစာဖြင့် ဆေးဝါးရောင်းချခွင့်လိုင်စင်ရှိသောဆိုင်များကသာ စနစ်တကျရောင်းချရန် ဆွေးနွေးမှာကြားသည်။

သုံးစွဲနေသောဆေးဝါးများတွင် မြန်မာနိုင်ငံဆေးဝါးမှတ်ပုံတင်အမှတ်မပါရှိလျှင်သော်လည်းကောင်း၊သုံးစွဲနေသောဆေးဝါးများ၏အရည်အသွေးကို သံသယဖြစ်လျှင်သော်လည်းကောင်း၊ ဆေးဝါးအတုဟုသံသယဖြစ်ဖွယ် ဆေးဝါးများတွေ့ရှိလျှင်သော်လည်းကောင်း အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဖုန်း၀၂-၆၂၁၁၈ သို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

ပဲခူးမြို့နယ်အတွင်း တည်ဆောက်မည့် ကလိလက်ကားဈေးအား အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်မည်

ပဲခူး ဒီဇင်ဘာ ၁၅

ပဲခူးမြို့ ကလိလက်ကားဈေး အမြန်ဆုံး ပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၄ ရက် ညနေ ၄ နာရီခွဲက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာခန်းမ၌ ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ပဲခူးမြို့နယ် ကလိလက်ကားဈေး တည်ဆောက်နိုင်ရန် ကော်မတီ ဖွဲ့စည်းထားရှိခဲ့ပြီးဖြစ်သော်လည်း နှောင့်နှေးကြန့်ကြာမှုများရှိနေသဖြင့် ဌာနဆိုင်ရာများအနေဖြင့် ရုံးလုပ်ငန်းများအား အမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ပဲခူးမြို့သည် ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေဆိပ်ကြောင့် ကုန်စည်စီးဆင်းမှုများ ပိုမိုများပြားလာမည်ဖြစ်ကြောင်း၊ လူဦးရေများပြားခြင်းနှင့်အတူ ယာဉ်ကြောကျပ်တည်းမှုများ မဖြစ်ပေါ်စေရေးတို့အတွက် နိုင်ငံတကာအဆင့်မီ ဈေးသစ်ကြီးများအား စီစဉ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်က ကလိလက်ကားဈေး တည်ဆောက်ရန်အတွက် မြေယာလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မှုအခြေအနေ၊ ကလိလက်ကားဈေး တည်ဆောက်ခွင့်ရရှိသော Grand Style Co., Ltd ဒါရိုက်တာ ဦးမြတ်သူက ကလိကျေးရွာအတွက် မူလကျေးရွာ ဝင်/ထွက် လမ်း အစားသင့်တော်သည့်နေရာမှ အစားပြန်လည်ဖောက်လုပ်ပေးမည့် အခြေအနေနှင့် မိုးရာသီမရောက်မီ Foundation အပြီး ဆောင်ရွက်သွားမည့်အခြေအနေ၊ တိုင်းဒေသကြီးဥပဒေအရာရှိ ဦးအုန်းသန်းက စာချုပ် ချုပ်ဆိုနိုင်ရေး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်က မြေယာနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရေး၊ ပဲခူးတိုင်းဒေသကြီး ပညာရေး ညွှန်ကြားရေးမှူး ဆရာမကြီး ဒေါ်မြင့်မြင့်သန်းက ကလိကျေးရွာရှိ ကျောင်းသားများအတွက် စာသင်ကျောင်းမြေနေရာ ရရှိနိုင်ရေး အခြေအနေများကို အသီးသီး တင်ပြဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဝန်ကြီးချုပ်က ကလိလက်ကားဈေး တည်ဆောက်ရခြင်းသည် မြဝတီ၊ မန္တလေး၊ ရန်ကုန် စသည်တို့မှ ကုန်ကားကြီးများသည် ပဲခူးမြို့သို့ ဖြတ်သန်းဝင်ရောက်ခွင့်မပြုတော့ဘဲ ကလိလက်ကားဈေးမှတစ်ဆင့် ပဲခူးမြို့၊ သနပ်ပင်၊ ကဝမြို့များသို့ သတ်မှတ်ကားငယ်များဖြင့် ပို့ဆောင်ရမည် ဖြစ်ကြောင်း၊ ကလိကျေးရွာသည် မြို့မြေတိုးချဲ့မှုတွင် လျာထားပြီးဖြစ်၍ မြို့အင်္ဂါရပ်နှင့်အညီ စာသင်ကျောင်းများအတွက် မြေနေရာကိုလည်း တစ်ပါတည်း ရှာဖွေတင်ပြပေးရန်၊ ကလိလက်ကားဈေးသည် ၂၄ နာရီပတ်လုံး ဖွင့်လှစ်မည်ဖြစ်၍ ပတ်ဝန်းကျင် ကျေးရွာများမှ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာနိုင်ပြီး စီးပွားရေး၊ လူမှုရေးများ တိုးတက်ခံစားနိုင်မည်ဖြစ်ကြောင်းနှင့် အဆိုပါ စီမံကိန်းအား အမြန်ဆုံးပြီးပြတ်အောင်ဆောင်ရွက်နိုင်ရန် ဌာနဆိုင်ရာများမှ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးစေလိုကြောင်း ပြန်လည်ပြောကြားသည်။

ပဲခူးမြို့နယ် ကလိ(တပ်ကလေး)ကျေးရွာအုပ်စု ကွင်းအမှတ်(၆၅၀) ရန်ကုန်-မန္တလေး ကားလမ်းဘေးရှိ မြေဧရိယာ ၁၆ ဒသမ ၅၀ ဧကတွင် နိုင်ငံတကာအဆင့်မီ လက်ကားဈေး(Whole Sale Center) နှစ်ထပ် အဆောက်အအုံအား တည်ဆောက်မည်ဖြစ်ပြီး စားသောက်ဆိုင်များ၊ ဟိုတယ်များ၊ Express Gate များ၊ ယာဉ်ရပ်နားစခန်းငယ်များ၊ ဘဏ်ခွဲရုံးများလည်း ပါဝင်မည်ဖြစ်သည့်အပြင် အဆိုပါ ကလိလက်ကားဈေးသည် ပဲခူးတိုင်းဒေသကြီးအတွင်း ပထမဦးဆုံးဖွင့်လှစ်တည်ဆောက်သွားမည့် လက်ကားဈေးသစ်ကြီးဖြစ်ကြောင်း သိရသည်။

တင်စိုး(ပဲခူး)

မူးယစ်ဆေးဝါး...

မူခင်းကျဆင်းရေး အသိပညာပေးဆွေးနွေးဟောပြော

ကျောက်တန်း ဒီဇင်ဘာ ၁၅

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် စင်မကော်စံပြကျေးရွာ သုတရိပ်မွန်စာကြည့်တိုက်၌ ဒီဇင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီက ကျောက်တန်းမြို့နယ် တံတားမြို့နယ်မြေခံစခန်းမှူး ရဲအုပ်ကြည်ဝင်းသည် ကျေးလက်နေပြည်သူများနှင့် စင်မကော် အ. လ. က မှ ကျောင်းသား ကျောင်းသူများအား သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ လောင်းကစားမှု ပပျောက်ရေးနှင့် မှုခင်းကျဆင်းရေးတို့ကို အသိပညာပေးဆွေးနွေးဟောပြောခဲ့သည်။

၆၈၉

စီးတီးတက္ကစီ မှတ်ပုံတင်ခြင်းလုပ်ငန်း ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား မှတ်ပုံတင်ရမည်

ရန်ကုန် ဒီဇင်ဘာ ၁၅

စီးတီးတက္ကစီ မှတ်ပုံတင် သက်တမ်းတိုးခြင်းနှင့် မှတ်ပုံတင်အသစ်ပြုလုပ်ခြင်းကို ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထားကာ မှတ်ပုံတင်ရမည်ဖြစ်ပြီး သက်တမ်းတစ်လ တိုးမြှင့်ထားခြင်းမှာ မဟုတ်မှန်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့က တာဝန်ရှိသူများက ဒီဇင်ဘာ ၁၄ ရက်တွင် ပြောကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး အများပြည်သူ သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) ရုံးတွင် စီးတီးတက္ကစီယာဉ်များ မှတ်ပုံတင်ပြုလုပ်ရာတွင် တစ်ကြိမ်တစ်ခါမှ မှတ်ပုံတင်မပြုလုပ်ဖူးသော ယာဉ်များအတွက် မှတ်ပုံတင်အသစ်ပြုလုပ်ခြင်းနှင့် ယခင်က မှတ်ပုံတင်ထားခဲ့ သော ယာဉ်များအား သက်တမ်းတိုးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ ၃၁ ရက်အထိ မှတ်ပုံတင်ခြင်းကို ပြုလုပ်ရမည်ဖြစ်ပြီး ဒီဇင်ဘာ ၃၁ ရက်အထိ မှတ်ပုံတင်ခြင်းလုပ်ငန်းအတွက် စာရင်းပေးသွင်းထားမှုကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"စီးတီးတက္ကစီမှတ်ပုံတင်ခြင်းနဲ့ မှတ်ပုံတင်သက်တမ်းတိုးခြင်းကို ယခင်မူလ ကြေညာထားတဲ့ အတိုင်းပါပဲ၊ ပြောင်းလဲမှု မရှိပါဘူး၊ စီးတီးတက္ကစီ မှတ်ပုံတင်ရာမှာ ယာဉ်ကိုမှတ်ပုံတင်မယ်၊ ပိုင်ရှင်ကို မှတ်ပုံတင်မယ်၊ ယာဉ်မောင်းကို မှတ်ပုံတင်မယ်ပေါ့၊ တချို့ခရိုင်တွေဆို တစ်ရက်တည်းနဲ့ အစီး ၇၀၀ လာတာရှိတယ်၊ ဒီဇင်ဘာ ၁၃ ရက်ကဆိုရင် ၉၃၆ စီးအထိ လုပ်ပေးခဲ့တယ်၊ တချို့ရက်တွေမှာ အစီး ၁၅၀၀ လောက်လာတာလည်းရှိတယ်၊ ပြောချင်တာက မှတ်ပုံတင်အတွက် စာရင်းသွင်းပြီး တာနဲ့နောက်ပိုင်း Process လုပ်ပေးသွားပါမယ်၊ ဒီဇင်ဘာ ၃၁ ရက်အထိ သတင်းပို့ထားတဲ့သူတွေ မပူရ အောင် ဆက်လက်ဆောင်ရွက်ပေးပါမယ်"ဟု အဆိုပါ သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စီးတီးတက္ကစီ မှတ်ပုံတင်ခြင်းလုပ်ငန်းကို ၂၀၀၁ ခုနှစ် ဒီဇင်ဘာကပင် ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး ကော်မတီလက်အောက် စီးတီးတက္ကစီ ကြီးကြပ်ရေးဆပ်ကော်မတီအဖြစ် ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ထိုစဉ်က မြို့တော်စည်ပင်က တာဝန်ယူဆောင်ရွက်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် မ. ထ. သ(ဗဟို) သို့ လွှဲပြောင်း ခဲ့ပြီး မ. ထ. သ(ဗဟို)က ခရိုင်အလိုက် စီးတီးတက္ကစီ မှတ်ပုံတင်ခြင်း၊ သက်တမ်းတိုးခြင်း လုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ ယင်းနောက်ပိုင်းတွင် စီးတီးတက္ကစီ မှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်မှု လျော့နည်းခဲ့ပြီး တက္ကစီစာရင်းဇယား အတိအကျသိရှိရန်၊ ပြေးဆွဲရာတွင် စနစ်တကျရှိစေရန်၊ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းများ၏ အချက်အလက်များနှင့်တကွ ခရီးသည်များအကြောင်း တစ်စုံတစ်ရာ အခက်အခဲရှိပါက ကူညီဆောင်ရွက်ရာတွင် လွယ်ကူမှုရှိစေရန်၊ စည်းကမ်းထိန်းသိမ်းရာတွင် အထောက်အကူပြုစေရန်တို့အနေဖြင့် စီးတီးတက္ကစီအဖြစ်ပြေးဆွဲခွင့် ရရှိထားသော ရန်ကုန်လိုင်စင်ယာဉ်များကို မှတ်ပုံတင်ရန် ညွှန်ကြားခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသို့ စီးတီးတက္ကစီ မှတ်ပုံတင်သက်တမ်းတိုးရာတွင် သက်တမ်းတိုးယာဉ် တစ်စီးအတွက် ကုန်ကျငွေကျပ် ၆၅၀၀ ဖြစ်ပြီး မှတ်ပုံတင်အသစ် ပြုလုပ်မည့် ယာဉ်တစ်စီးအနေဖြင့် ကျပ် ၁၂၅၀၀ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

ယင်းမှတ်ပုံတင်ခြင်း လုပ်ငန်းတွင် ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နှင့်ပတ်သက်၍ အချက်အလက်များကို မှတ်တမ်းတင်ဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းသို့ မှတ်ပုံတင်ဆောင်ရွက်ခြင်းဖြင့် အများပြည်သူ အခက်အခဲဖြစ်သည်နှင့် YRTA သို့ အကြောင်းကြားပါက ထိရောက်စွာ ကူညီပေးနိုင်မည်ဟု သိရသည်။

လက်ရှိတွင် YRTA ရုံးချုပ်ရှိရာ အမှတ် ၆၅၊ လေးထောင့်ကန်လမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ်(ကျိုက္ကဆံ စူပါဝမ်း ကုန်တိုက်ဘေး) တွင်ပြုလုပ်ပေးလျက်ရှိပြီး ထပ်မံ၍ မြောက်ပိုင်းခရိုင် အင်းစိန်ရုံးတွင် ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

၀၀၁

၂၀၁၈ ဗားရှင်း S Pan ပါဝင်လာသော Samsung Notebook 9

အလွန်ပါးလွှာသည့်ကိုယ်ထည်ဖြင့် S Pan ပါဝင်လာသော Samsung ၏ Notebook အမျိုးအစားသစ်ကို ယခုလအတွင်းတောင်ကိုရီးယားနိုင်ငံတွင် စတင်ရောင်းချတော့မည်ဟု Samsung မှကြေညာလိုက်ကြောင်းသိရသည်။ အဆိုပါ Notebook ကို အမျိုးအစား သုံးမျိုးဖြင့် ရောင်းချသွားမည်ဖြစ်ပြီး ပထမအမျိုးအစားမှာ ၉၉၅ ဂရမ်သာ အလေးချိန်ရှိပြီး ၁၃ ဒသမ ၃ လက်မ မျက်နှာပြင်အကျယ်နှင့် ဒုတိယအမျိုးအစားမှာ ၁၅ လက်မ မျက်နှာပြင်အကျယ်နှင့် ၁၂၅၀ ဂရမ်သာ အလေးချိန်ရှိမည်ဖြစ်ကာ ပထမအမျိုးအစားနှင့် တူညီသော Galaxy Note စမတ်ဖုန်းများကဲ့သို့ S Pan ပါဝင်သည့် တတိယအမျိုးအစားတို့ကို ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုယ်ထည်ပိုင်းကို မဂ္ဂနီဆီယမ်သတ္တုစပ် အသုံးပြုထားခြင်းကြောင့် ပေါ့ပါးကာအကြမ်းခံနိုင်မှုရှိပြီး သယ်ဆောင်သွားလာရန် လွယ်ကူမည်ဖြစ်သည်။ မျိုးဆက် ရှစ်ဆက်မြောက်ဖြစ်သော Intel Core i7 ပရိုဆက်ဆာများကို ထည့်သွင်းပေးထားပြီး လုပ်ဆောင်ချက်များအတွက် RAM 16GB အထိပါဝင်လာပြီး အချက်အလက် သိုလှောင်သိမ်းဆည်းမှုများအတွက် 1TB SSD ပါဝင်လာမည်ဖြစ်ကာ ၁၅ လက်မမျက်နှာပြင်အမျိုးအစားတွင် Nvidia MX150 2GB GDDR5 အမျိုးအစား ဂရပ်ဖစ်ပရိုဆက်ဆာပါဝင်မည်ဖြစ်သည်။

တတိယအမျိုးအစား၏ ထူးခြားချက်မှာ S Pan ပါဝင်လာပြီး ၃၆၀ ဒီဂရီအထိ မျက်နှာပြင်ကိုလှန်၍အသုံးပြုနိုင်ကာ S Pan နှင့်တွဲဖက်ပြီး တက်ဘလက်တစ်လုံးကဲ့သို့လည်းအသုံးပြုနိုင်မည်ဖြစ်သည်။ ပထမအမျိုးအစားနှင့် မျက်နှာပြင်အကျယ်၊ အလေးချိန်တို့တူညီသော်လည်း S Pan ပါဝင်သော တတိယအမျိုးအစားတွင် ဘက်ထရီပိုင်းအနည်းငယ်ကွာခြားမှုသာရှိသည်။ စွမ်းဆောင်ရည်နှင့် နည်းပညာများအဆင့်မြှင့်တင်ပေးထားသော အဆိုပါ Notebook အသစ်များတွင် လက်ဗွေလုံခြုံရေးစနစ်လည်းပါဝင်လာပြီး ၁၅ လက်မ မျက်နှာပြင်အမျိုးအစားတွင် Thunderbolt 3 ပေါက်ထပ်မံပါဝင်လာခြင်းကြောင့် အခြားနည်းပညာပစ္စည်း၊ မျက်နှာပြင်ကြီးကြီးများနှင့် ချိတ်ဆက်အသုံးပြုနိုင်မည်ဖြစ်သည်။

ALEX

တန်ဖိုးနည်းစမတ်ဖုန်းတစ်မျိုးဖြစ်သည့် Eluga I9 ကို Panasonic မိတ်ဆက်

မျက်နှာပြင်အကျယ် ၅ လက်မရှိပြီး တန်ဖိုးသက်သာသည့်စမတ်ဖုန်းတစ်မျိုးကို Panasonic အီလက် ထရွန်နစ်လုပ်ငန်းမှ မိတ်ဆက်ပေးလိုက်ပြီးနောက် အိန္ဒိယနိုင်ငံ၌ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် စတင်ရောင်းချပြီဖြစ်ကြောင်း သိရသည်။ ဖုန်း၏အထူမှာ ၇ ဒသမ ၈ မီလီမီတာ အထူရှိပြီး မျက်နှာပြင်ကို ISP LCD Display အသုံးပြုထားသည်ဟု သိရပြီး ကိုယ်ထည်မှာ သတ္တုကိုယ်ထည်ဖြစ်သည်။

လည်ပတ်မှုအတွက် Andriod 7.0 စနစ်ပါဝင်ပြီး Mediatek Quad-Core MT6737 ပရိုဆက်ဆာထည့်သွင်းပေးထားကာ Mali-T720 MP2 600 MHz ဂရပ်ဖစ်ပရိုဆက်ဆာလည်းပါဝင်သည်။ RAM ပါဝင်မှု 3GB ဖြစ်သောကြောင့် လုပ်ဆောင်ချက်များမှာ တန်ဖိုးကြီးစမတ်ဖုန်းများကို မမီနိုင်သော်လည်း ကောင်းမွန်သည့် လုပ်ဆောင်မှုများပေးစွမ်းနိုင်မည်ဖြစ်ပြီး သိုလှောင်သိမ်းဆည်းမှုအတွက် 32GB ပမာဏပါဝင်ပြီး Micro SD ထပ်မံထည့်သွင်းအသုံးပြုနိုင်မည်ဖြစ်သည်။

ကင်မရာပိုင်းတွင် ကျောဘက်ကင်မရာ 13MP နှင့် အရှေ့ဘက်ကင်မရာကို 5MP အသုံးပြုထားပြီး ထူးခြားချက်အနေဖြင့် ကျောဘက်၊ အရှေ့ဘက်ကင်မရာ နှစ်ခုလုံးတွင် Flash မီးထည့်သွင်းပေးထားသည်။ လက်ဗွေစနစ်ကို ကျောဘက်တွင် တပ်ဆင်ပေး ထားပြီး ဘက်ထရီစနစ်အတွက် 2500mAh ပမာဏရှိသော ဘက်ထရီကိုတပ်ဆင်ပေးထားသည်ဟု သိရသည်။ ရရှိနိုင်သော အရောင်များမှာ အပြာရောင်၊ ခဲရောင်နှင့် ရွှေရောင်တို့ဖြစ်ပြီး တန်ဖိုးမှာ ၁၁၆ ဒေါ်လာဖြစ်သောကြောင့် မြန်မာကျပ်ငွေ တစ်သိန်းခွဲဝန်းကျင်ခန့်တွင် ရရှိနိုင်မည်ဖြစ်သည်။

ALEX

လက်တွေ့အသုံးချဆေးနည်းတို (ဆေးမြီးတို) များ (၄၄)

ကြည်လွင်မြင့် (မုဒြာ)

ဆရာ၊ ကျွန်တော့်အသက် ၂၇ နှစ်ပါ။ ဆီးသွားတာပြီးခါနီးရင် ဆီးခုံက အောင့်အောင့်နေလို့ပါ ဆရာ။ အမြဲတမ်းလည်း ဆီးသွားချင်သလို ဖြစ်နေတယ်။ တကယ်တမ်းသွားတော့ ဆီးကမထွက်ဘူး။ ဘာများဖြစ်တာလဲဆရာ။ အကြံဉာဏ်ပေးပါ။ ကျေးဇူးတင်ပါတယ်။

ကြက်သွန်နီဥ မီးဖုတ်ပြီး တစ်နေ့သုံးဥ စားပါ။ ကြက်သွန်နီဥ ပါးပါးလှီးပြီး ဆီးခုံမှာ ညအိပ်ရာဝင် ကပ်အိပ်ပါ။ မနက်စောစော အိပ်ရာထ ဆီးကိုခွက်နဲ့ ခံထားကြည့်ပါ။ အနည်ထိုင်သွားလို့ ကျောက်အမှုန်ပါရင် ကျောက်ဖရုံသီးကို သကြားနဲ့ရော ဖျော်ရည်လုပ်ပြီး နေ့စဉ် တစ်ခွက်သောက်ပါ။ ၁၄ ရက်လောက် စွဲသောက်ရင် ကျောက်ရှိက ကျလာနိုင်ပါတယ်။

ဆရာ၊ ကျွန်တော် အင်ပျဉ်ထွက်နေတာ တစ်လခွဲလောက်ရှိပါပြီ။ မြန်မာဆရာက အပူများနေတယ် လို့ ပြောပါတယ်။ ဆေးတွေလည်း သောက်ပါတယ်။ အရေပြားဆရာဝန်ကတော့ သွေးထဲက ဓာတ်တစ်မျိုးမြင့် တက်တာလို့ ပြောပါတယ်။ ယားလာရင် ကုတ်မိတော့ အနာတွေဖြစ်လာပါတယ်။ အမြစ်ပြတ်အောင် ဘာဆေးသောက်ရမလဲဆရာ။ ကျေးဇူးပြုပြီး ဖြေပေးပါခင်ဗျာ။

ခန္ဓာကိုယ်တွင်းမှာ အပူငုပ်နေတာကြောင့် အင်ပျဉ်ဖြစ်တာပါ။ ပူလိုက်၊ အေးလိုက်ဖြစ်တဲ့ရာသီဥတုမှာ အင်ပျဉ်တွေ ထွက်တတ်ပါတယ်။ သွေးယားတဲ့ ရောဂါတစ်မျိုးဖြစ်ပါတယ်။ တမာရွက်ပြုတ်ရည်နဲ့ ရေချိုးပါ။ စန္ဒကူးနီအမှုန့်ကို သနပ်ခါးနဲ့ ရောလိမ်းပါ။ ဒါမှမဟုတ် ကုက္ကိုခေါက်ကို ဆန်ဆေးရည်နဲ့ သွေးလိမ်းရင်လည်း အင်ပျဉ်အယားသက်သာစေတယ်။ သနပ်ခါးအမြစ်တုံးကို ဆားနဲ့သွေးလိမ်းရင်လည်း ရပါတယ်။

ဆရာခင်ဗျာ၊ ကျွန်တော့် အသက်က ၂၄ နှစ်ပါ။ လူကဝပါတယ်။ အခု ကျွန်တော် ဖြစ်နေတာက ခဲဆိပ်သင့်နေပြီလို့ ထင်ပါတယ်။ အသက်ရှူရတာ နည်းနည်းကျပ်ပါတယ်။ ပြီးတော့ မှတ်ဉာဏ်လည်း သိပ်မကောင်းချင်တော့ပါဘူး။ အပြင်ကဆေးတွေ ဝယ်သောက်မယ်ဆိုရင်လည်း တည့်လား၊ မတည့်လား မသိလို့ပါ ခင်ဗျာ။ ကျွန်တော်က နိုင်ငံခြားမှာ ဘက်ထရီအိုးတွေ ထုတ်တဲ့ ခဲမှုန့်ကြိတ်စက်မှာ အလုပ်လုပ်ပါတယ်။ ဆောင်ရန်၊ ရှောင်ရန်နဲ့ ဆေးနည်းလေးတွေကို ကျေးဇူးပြုပြီး ညွှန်ကြားပေးပါ ဆရာခင်ဗျာ။

ခဲဆိပ်ကို ကာကွယ်နိုင်တာက ကန်စွန်းရွက်ပါပဲ။ (နိုင်ငံခြားမှာရနိုင်ရင်) ကန်စွန်းရိုးနီက ပိုကောင်းပါတယ်။ ထောင်းပြီး အရည်ညှစ် အကြမ်းပန်းကန် တစ်လုံးစာ တစ်နေ့နှစ်ကြိမ်သောက်ပါ။ အဆုတ်ထဲဝင်တဲ့ ကာဗွန်ကိုတောင် ကန်စွန်းရွက်သတ္တုရည်က သန့်စင်နိုင်တယ်။ ရေများများသောက်ဖို့လည်း လိုပါတယ်။ ခဲနဲ့အလုပ်လုပ်နေသမျှ သောက်ရပါမယ်။ တစ်ပတ် သုံးရက်သောက်ရင် လုံလောက်ပါတယ်။

ဆရာရှင့်၊ ကျွန်မ မီးယပ်သွေးပေါ်တုန်း ခေါင်းလျှော်မိပါတယ်။ အဲဒါ တစ်ကိုယ်လုံး လေးလံထိုင်းမှိုင်းပြီးတော့ ခေါင်းလည်းကိုက်နေပါတယ်ရှင့်။ ဘယ်လိုများ လုပ်ရမလဲရှင့်။ ဆေးနည်းလေး လမ်းညွှန်ပေးပါ ဆရာ။

ချင်းပါးပါးလှီး ခုနစ်လွှာ၊ ကွမ်းရွက်နှစ်ရွက်၊ ထန်းလျက်ခဲ ငါးခဲရေနွေးမတ်ခွက် တစ်လုံးနဲ့ကျိုပြီး သုံးကြိမ်ခွဲသောက်ပါ။ ခေါင်းကိုက်ရင် ချင်းပါးပါးလှီးပြီး နားထင်မှာ ကပ်ပါ။ မီးခဲပေါ်မှာ နနွင်းမှုန့်ဖြူး မှိုင်းရှူပါ။

ဆရာ၊ ကျွန်တော် နားကိုက်သလို၊ နားအူသလို ဖြစ်နေပါတယ်။ နားသန့်ဆေး ထည့်ပေမယ့် ဆေးရပ်လိုက်ရင် ပြန်ဖြစ်ပါတယ် ဆရာ။ အဲဒါဘာဆေးသုံးရမလဲ ဆရာခင်ဗျာ။

ကျွန်မ ဒေါ်မြင့်မြင့်မော်[၁၃/နမတ(နိုင်)၀၀၆၈၀၀]သည် ဒေါ်ပပခိုင်[၁၂/လကန(နိုင်)၀၄၉၇၀၈]ပိုင်ဆိုင်သော ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၁)ရပ်ကွက်၊ စိန်ပန်းမြိုင်လမ်း၊ အိမ်အမှတ်(၈၃၈)၊ ပေ(၄၀×၆၀)အကျယ်ရှိ မြေနှင့်အိမ်ကို ဝယ်ယူရန် ၈-၁၂-၂၀၁၇ရက်တွင် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ဤအိမ်အရောင်းအဝယ် ပြုလုပ်ခြင်းကို ကန့်ကွက်ရန်ရှိပါက ကျွန်မ ဒေါ်မြင့်မြင့်မော် ဖုန်း-၀၉-၇၃၁၈၀၂၀၄သို့ ၂၂-၁၂-၂၀၁၇ရက်အထိ အကြောင်းကြား ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြင့်မြင့်မော်[၁၃/နမတ(နိုင်)၀၀၆၈၀၀]
ဝန်ထမ်းအိမ်ရာ၊ အနောက်ကြို့ကုန်း
စိုက်ပျိုးရေးဦးစီးဌာန
ဖုန်း-၀၉-၇၃၁၈၀၂၀၄

ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်(တိုင်း)၏ အကျိုးတော်ဆောင်ဖြစ်သူ [ဟာဂျီအုမရ်(ခ)ဟာဂျီ ဦးအေးဝင်း] အသက်(၆၄)နှစ် ကွယ်လွန်သည့် သတင်းကြားရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ လွန်စွာ ဝမ်းနည်းကြေကွဲမိပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်(တိုင်း)
တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်(တောင်ရပ်ကွက်)ရှိ မြန်မာ့မီးရထားပိုင် မြေပေါ်တွင် အခန်းပေးအခန်းယူစနစ်ဖြင့် ဆောက်လုပ်ထားသော ငုဝါလမ်း၊ တိုက်(၁၉)၊ အခန်း(၃၀) လူနေတိုက်ခန်းအား ဖခင်ဖြစ်သူ ဦးချစ်လွင်[၁၂/အလန(နိုင်)၀၂၅၄၈၀]အမည်မှ သမီးဖြစ်သူ ဒေါ်အေးမြစန္ဒာလွင်[၁၂/အလန(နိုင်)၀၀၂၆၂၂]အမည်သို့ ပြောင်းလဲလွှဲပြောင်းထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများတင်ပြ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးချစ်လွင်[၁၂/အလန(နိုင်)၀၂၅၄၈၀]
တိုက်(၁၉)၊ အခန်း(၃၀)၊ ငုဝါလမ်း၊
စောရန်ပိုင်(တောင်)ရပ်ကွက်၊ အလုံမြို့နယ်

အငြိမ်းစားသံအမတ်ကြီးဦးသိန်းအောင်

ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)

(O.T.S-8)(ကြည်း-၆၅၂၃)

အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၆/က)၊ Rose Park(2)၊ နှင်းဆီ(၂)လမ်း၊ ရွှေပင်လုံအိမ်ရာ၊ အပိုင်း(၂)၊ မြောက်ဒဂုံမြို့နယ်နေ (ဦးရှိန်-ဒေါ်ဖွားသင်)တို့၏သား၊ (ဦးပေါ်-ဒေါ်သိန်းမေ)တို့၏ သားသမက်၊ ဒေါ်ရီရီသိန်း ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးခိုင်စိုးအောင်(Access Myanmar)-ဒေါ်အေးမိစံ၊ Australia နိုင်ငံ Perth မြို့နေ ဦးထွန်းထွန်းအောင် (a) Felix D'Castro-ဒေါ်ညိုနွဲ့အောင် (a)Cyndi D'Castro၊ ဦးစိုးမိုးအောင် (Daiwa House)-Miho Tokunaga၊ ဦးစိန်သန့်ဇင် (စိန်သဇင်ပုလဲရတနာရောင်းဝယ်ရေး)-ဒေါ်ကေခိုင်အောင် (Japan Heart)တို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်၊ ဒေါက်တာထူးလမင်းအောင်(Brisbane, Australia)၊ မကြယ်တံခွန်အောင်၊ William D' Castro၊ Rachel D'Castro, Miyu To Kunaga, Yuuki To Kunaga၊ မမွန်မြတ်သန့်ဇင်၊ မောင်အောင်ဘုန်းသန့် တို့၏ ချစ်လှစွာသော အဘိုးသည် ၁၁-၁၂-၂၀၁၇ (တနင်္လာနေ့)တွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၂-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့)တွင် သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်ဆွေများအားလုံးအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အထူးကျေးဇူးတင်ရှိခြင်း

အငြိမ်းစားသံအမတ်ကြီး ဦးသိန်းအောင်

ဒုတိယဗိုလ်မှူးကြီး (ငြိမ်း)၊ ကြည်း-၆၅၂၃

အသက် (၉၁) နှစ်

၁၁-၁၂-၂၀၁၇ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားသော ဦးသိန်းအောင် နာမကျန်းဖြစ်စဉ်အထူးဂရုစိုက်ကုသပေးခဲ့သော အထွေထွေ အထူးကု သမားတော်ကြီး ဒေါက်တာဒေါ်ချောချောဝင်းနှင့်ပင်လုံ ဆေးရုံမှ ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများအားလုံးကို လည်းကောင်း၊ အနီးကပ်ပြုစု ကုသပေးခဲ့သော ဒေါက်တာအေးငြိမ်းကို အားလည်းကောင်း၊ ရေဝေးသို့ လိုက်ပါပို့ဆောင်ပေးခဲ့ကြသော ဆွေမျိုးမိတ်ဆွေဂ်ဟများ အားလုံးအား လည်းကောင်း၊ Access Myanmar, Daiwa House, Japan Heart, Sumitomo Forestry, Sein Hinn Co.,Ltd. မှ လုပ်ဖော်ကိုင်ဖက်များအား လည်းကောင်း၊ ရပ်ဝေးရပ်နီးမှ သတင်းမေးကြသူများ၊ လွမ်းသူ့ပန်းခွေ ပန်းခြင်းပေးပို့ခဲ့ကြသူများ အားလုံးကိုလည်းကောင်း၊ ရွှေပင်လုံအိမ်ရာ မိသားစုများအား လည်းကောင်း၊ နာရေးတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများ အားလုံးကိုလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

[illegible]

... ဒေါ်... (LL.B) ...

စည်သူဗိုလ်မှူးကြီး ချစ်မြိုင်(ငြိမ်း) (BC-3520)
(အငြိမ်းစားသံအမတ်ကြီး၊ လွှတ်လပ်ရေးမော်ကွန်းဝင်ပထမဆင့်)
အသက်(၉၆)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နေ (ဦးဖိုးဝေ-ဒေါ်ဒေါ်မှန်း) တို့၏ သားလတ်၊ (ဒေါ်ခင်ယု)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးချစ်လှိုင်၊ (ဒေါ်ခင်ညွန့်) တို့၏ ညီ၊ ဦးချစ်ပြိုင်-ဒေါက်တာတင်စန်းဝေတို့၏ အစ်ကို၊ ဒေါက်တာအောင်မြိုင်-ဒေါ်ခင်သန်းနွဲ့၊ ဒေါ်လဲ့လဲ့မြိုင်၊ ဒေါက်တာချစ်ခင်ဝေ-ဒေါက်တာခင်ရင်ရင်ထွန်း တို့၏ ဖခင်ကြီး၊ မြေးလေးယောက်၊ မြစ်ငါးယောက်တို့၏ ဘိုးဘိုးကြီးသည် ၉-၁၂-၂၀၁၇ (စနေနေ့)တွင် အမေရိကန်နိုင်ငံ၊ ဝါရှင်တန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၂-၂၀၁၇ ရက်နေ့တွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း
စောအယ်(လ်) ဘိုကနောင်
အသက် (၈၅) နှစ်
ဒု-အင်/ယာမှူး (စက်မှု-ငြိမ်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ အောက်ကြည့်မြင်တိုင်လမ်းမ၊ အမှတ်(၅၂၄)၊ နှစ်လွှာနေ [ဦးဘိုကနောင်-ဒေါ်အေးညွန့်၊ ဒေါ်အေဒါး] တို့၏သား၊ (ဦးအောင်ခင်လှ-နော်မူးမူး)တို့၏သားသမက်၊ နော်ဝိတိုရိယဘိုကနောင်၊ (ဦးတင်ညွန့်) တို့၏ အစ်ကိုကြီး၊ စောထီးမူး-နော်အယ်သဘလေး၊ (စောကလယ်သ)၊ စောလေးဖထော၊ နော်ဖေါထူး၊ စောဆာကဆော၊ စောလယ်မူး၊ စောကဲစာ-နော်ဘလယ်ဝါးတို့၏ဖခင်၊ စောလယ်ဒိုမူး၊ စောလယ်ဒိုထူး၊ နော်ဗလင်ထီးနာ၊ စောဆီဇာတို့၏အဘိုး၊ (ဒေါက်တာနော်မော်လီအောင်ခင်လှ)၏ ချစ်ခင်ပွန်း၊ စောအယ်(လ်)ဘိုကနောင်သည် ၁၅-၁၂-၂၀၁၇ ရက် နံနက် ၁၀း၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၆-၁၂-၂၀၁၇ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်ကရင်နှစ်ခြင်း အသင်းတော်(သူဌေးကုန်း)၊ (၅၁၄-အောက်ကြည့်မြင်တိုင်လမ်း၊ အနောက်ပိုင်းဆေးရုံရှေ့) ဘုရားကျောင်း၌ ဆုတောင်းဝတ်ပြုပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဒေါ်ကျင်ဖုံ (၉၁) နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၅) ရပ်ကွက်၊ ၃၇လမ်း၊ အမှတ် (၁၅၆)၊ အခန်း ၃နေ (ဦးထွန်းစိန်)၏ ချစ်လှစွာသောဇနီး၊ (ဦးအုန်းကျော်)- ဒေါ်မိုးမိုးညွန့်၊ ဦးပြည်လင်း-ဒေါ်ဝင်းရီ (USA)၊ ဒေါ်မြသိန်း (အငြိမ်းစားပါမောက္ခ နှင့် ဌာနမှူး၊ အင်္ဂလိပ်စာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်)၊ (ဦးအေးသိန်း)-ဒေါ်မြတ်မူ၊ ဦးစိန်အေး-ဒေါ်ချိုချိုလှိုင် (USA) တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ ကိုသန့်ဇင်လင်း၊ ကိုသက်ထွန်းလင်း၊ ကိုလင်းထွန်းအောင်၊ ကိုသန့်စင်ထွန်း၊ ကိုရန်နိုင်ထွန်း၊ မသက်ထားဝေ၊ မအိဝေခင်၊ မရွှေရည်ရွှန်းတို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၁၄-၁၂-၂၀၁၇ (ကြာသပတေးနေ့) ည ၇း၅၀ နာရီတွင် မိုးသီးအထူးကု ဆေးရုံ (ဒေါပုံ)၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁၂-၂၀၁၇ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ် သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်ခင်စန်းရီ
(တိ၊ မွေးကုနှင့် အစားအစာနို့ထွက်ပစ္စည်းဦးစီးဌာန-ငြိမ်း)
အသက်(၆၇)နှစ်

လှိုင်မြို့နယ်နေ (ဦးရွှေကျော်-ဒေါ်ငွေကျင်)တို့၏ သမီး၊ (ဦးကျော်ရင်)၊ (ဦးမောင်မောင်စိုး)၊ ဦးမောင်မောင်အေး၊ ဦးတင်လေးတို့၏ ညီမ၊ ဦးမျိုးမြင့်ဦး၏ အစ်မသည် ၁၅-၁၂-၂၀၁၇ (သောကြာနေ့) နံနက် ၉း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၂-၂၀၁၇ (တနင်္ဂနွေနေ့)မွန်းလွဲ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ်-၁၅၈၊ စံပါယ်ခြံ(၂) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

စွဲရှင်း(ခ) ဦးမောင်မောင်သန်း
အသက် (၅၄) နှစ်

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (ဃ)ရပ်ကွက်၊ ဉာတိလမ်း၊ အမှတ်(၁၅၀)နေ (ဦးချောင်ချိုကွဲ)-ဒေါ်ကျင်မြိုင်တို့၏ သား၊ ဒေါ်သင်းသင်းစိန်၏ ခင်ပွန်း၊ မမီမီသင်း၊ မောင်သန်းထိုက်စိုး၊ မောင်ဝေမင်းအောင်တို့၏မွေးသဖခင်ကျေးဇူးရှင်သည် ၁၄-၁၂-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၄း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၂-၂၀၁၇ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော် နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်တင်ဝင်း
အသက်(၇၈)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ပုဂံညောင်ဦးမြို့နယ်၊ ချောင်းရှည်ကျေးရွာနေ (ဦးမြဖေ)-ဒေါ်သန်းတင်တို့၏သမီး၊ စုတည်ရွာနေ (ဦးထွန်းရင်-ဒေါ်ရုံး)တို့၏ သမီးချွေးမ၊ လှိုင်သာယာမြို့နယ်၊ နဝဒေးဥယျာဉ်အိမ်ရာ(B1-10/5)နေ (ဦးအောင်လွင်)-ဒေါ်နွယ်နီ၊ (ဦးကျော်မင်း)-ဒေါ်ငွေငွေဝေ၊ ဦးမောင်မောင်ဦး-ဒေါ်ဝင်းမေလွင် "Thu Kha Yeik Food Center"၊ (မောင်ဇော်မင်းထွန်း) တို့၏ မွေးသမိခင်၊ မောင်မျိုးနန္ဒ(ခ)ဖိုးခွား၊ မကြယ်စင်လင်းလက်၊ မောင်မင်းခန့်ဦး၊ မောင်ရှင်းသန့်မောင် တို့၏ အဘွား၊ (ဦးမြင့်လွင်)၏ ချစ်လှစွာသော ဇနီးသည် ၁၅-၁၂-၂၀၁၇ (သောကြာနေ့) နံနက် ၄း၄၀ နာရီတွင် ပန်းလှိုင်စီလိုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၂-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇ နာရီတွင် နဝဒေးဥယျာဉ်အိမ်ရာ၊ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ပုလောမြို့နယ်အသင်း (ရန်ကုန်)
ဦးဆန်းမြင့် (ပုလောမြို့)
အသက် (၆၇) နှစ်
အသင်းဝင်အမှတ် (၂၄၆၂)

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၃)ရပ်ကွက်၊ ကံ့ကော်လမ်းနေ ဒေါ်မေသန်း၏ခင်ပွန်းသည် ၁၄-၁၂-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၂-၂၀၁၇ ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

မောင်ရဲထက်ဝင်း
(B.Sc Math)
အသက်(၂၅)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ တိုက်(၃)၊ အခန်း(၅၀၁)နေ ဦးတင်မောင်ဝင်း (အကောက်ခွန်ဦးစီးဌာန-ငြိမ်း)-(ဒေါ်စီစီမြင့်)တို့၏ ဒုတိယသား၊ ဒေါ်အေးအေးကြိုင်၊ ဒေါ်ခင်ခင်စုတို့၏ တူ၊ မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်နေ ဦးအောင်ကျင်၊ ဒေါ်သန်းသန်းဌေး၊ ဒေါ်မြင့်မြင့်စိန်၊ ဦးအောင်စိုးတို့၏တူ၊ မခိုင်လဲ့ဝင်း (အကောက်ခွန်ဦးစီးဌာန)၊ မောင်စည်သူဝင်း (အင်းစိန်-GTI)တို့၏ မောင်/အစ်ကိုသည် ၁၅-၁၂-၂၀၁၇ ရက် နံနက် ၂း၄၀ နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်ဆွေအပေါင်းအသင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်ခင်မာကြည် (၈၃) နှစ်

မန္တလေးမြို့နေ(ဦးမောင်ငယ်-ဒေါ်အုန်းမေ)တို့၏သမီး၊ [ဗိုလ်မှူးခင်မောင်လေး(တပ်မတော်ဗိုလ်ရွေးတပ်ဖွဲ့)]၏ညီမ၊ [ဒုအရာခံဗိုလ်စန်းမြင့် (သူရဲကောင်းမှတ်တမ်းဝင်)]၏အစ်မ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်(၂၂၃)၊ အခန်း(၉)နေ [ဗိုလ်မှူးအောင်မင်း(အထက်တန်းပျံသန်းရေးအရာရှိ မြန်မာ့လေကြောင်း)]၏ ဇနီး၊ ဦးအောင်ကြည် (DSA-18)-ဒေါ်တင်တင်ဦး(မိုးကုတ်မြို့)၊ ဗိုလ်ချုပ်စိုးနိုင် (ငြိမ်း)၊ [ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)]-ဒေါ်တင်တင်လတ်(ဒုဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်)၊ ဦးတင်မောင်အေး(DSA-20, Camp-76)-ဒေါ်စိုးယုဝေ(ဗဟိုကောင်စီဝင်မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မယ်စကြာဝဠာမြန်မာအဖွဲ့အစည်း)၊ ဒုတိယဗိုလ်မှူးကြီး ကျော်ဝင်းနိုင်-ဒေါ်ခင်သစ္စာဝတီ၊ ဦးသန့်ဇင်-ဒေါ်ခင်ပပဝတီ(မြစန္ဒာဆန်စက်၊ မြောင်းမြမြို့)တို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်ခင်မာကြည်သည် ၁၅-၁၂-၂၀၁၇ (သောကြာနေ့) နံနက် ၅း၁၀ နာရီတွင် ဝိတိုရိယအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပင်ရွှေညောင်လမ်း၊ မွန်မြတ်မေတ္တာအိမ်ရာ၊ အမှတ်-G-2နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၁-၁၂-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်ခင်မာကြည် (၈၃) နှစ်

မန္တလေးမြို့နေ(ဦးမောင်ငယ်-ဒေါ်အုန်းမေ)တို့၏သမီး၊ [ဗိုလ်မှူးခင်မောင်လေး(တပ်မတော်ဗိုလ်ရွေးတပ်ဖွဲ့)]၏ညီမ၊ [ဒုအရာခံဗိုလ်စန်းမြင့် (သူရဲကောင်းမှတ်တမ်းဝင်)]၏အစ်မ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်(၂၂၃)၊ အခန်း(၉)နေ [ဗိုလ်မှူးအောင်မင်း(အထက်တန်းပျံသန်းရေးအရာရှိ မြန်မာ့လေကြောင်း)]၏ ဇနီး၊ ဗိုလ်မှူးကြီးခင်မောင်စိုး (စစ်ဆင်ရေးကွပ်ကဲရေးမှူး)-ဒေါ်တင်စန္ဒီအေး၊ ဦးထွန်းဇော်ဝင်း(MD- Royal Ayar Co.,Ltd)၊ ဒေါက်တာဝတ်ရည်စိုး (PEC PRIVATE SCHOOL၊ ပုသိမ်မြို့)၊ ဗိုလ်ကြီးသိန်းဇော်ညို-ဒေါ်ယဉ်သူအေး၊ ဦးရဲဘုန်းပြည့်၊ ဦးတင်ဇာနည်မောင်(Manager,HR-Good To Go Travel and Tour Co.,Ltd)-ဒေါက်တာနော်ဖူးငုံကိုကို၊ မောင်တင်အာကာမောင်(ILBC)၊ မောင်တင်သုတမောင် (ILBC)၊ မခင်သဇင်ကျော် (ILBC) တို့၏အဘွား၊ မဆုရတနာစိုး(1st MB၊ မကွေးဆေးတက္ကသိုလ်)၊ မောင်ရဲရင့်ဘုန်းပြည့်(YIS)၊ မောင်ကောင်းခန့်ဘုန်းပြည့်(YIS)၊ မရွှေနေခြည်ညို(YIS)၊ မရွှေယသော်ညို (YIS)၊ မောင်ဘုန်းပြည့်စိုး(ILBC)၊ မတင်ချယ်ရီကိုတို့၏ ဘွားဘွားကြီး ဒေါ်ခင်မာကြည်သည် ၁၅-၁၂-၂၀၁၇ (သောကြာနေ့) နံနက် ၅း၁၀ နာရီတွင် ဝိတိုရိယအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပင်ရွှေညောင်လမ်း၊ မွန်မြတ်မေတ္တာအိမ်ရာ၊ အမှတ်-G-2နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူ အားရည်စူး၍ ၂၁-၁၂-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးတင်ထွန်း (ရေစကြို)
အသက် (၆၆) နှစ်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ရေစကြိုမြို့နေ (ဦးလှဖေ-ဒေါ်စောမြ) တို့၏သား၊ (ဦးသာခင်-ဒေါ်သန်း) တို့၏ သားသမက်၊ ဒေါ်သန်းလွင်၊ ဒေါ်ကြည်ခင်၊ ဦးသိုက်ညွန့်၊ ဦးအောင်မြိုင်တို့၏ ညီ/မောင်၊ ဒေါ်ခင်မာနီ၏ အစ်ကို၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ဘုရင့်နောင်ပွဲရုံများနယ်မြေနေ ဦးငြိမ်း-အဂ္ဂမဟာသီရိ သုဓမ္မသီဂီဒေါ်အုန်းကြင် (OK ဆန်စက်နှင့်ဆန်ရောင်းဝယ်ရေး) တို့၏ ညီ/မောင်၊ ဒေါ်ခင်ခင်၏ချစ်လှစွာသောခင်ပွန်း၊ မဖြူဖြူသင်း၊ ဗိုလ်ကြီးကျော်ဝင်းထွန်း-မအေးအေးသိန်း၊ ကိုမျိုးမင်းသူ-မသီဂီအေး၊ ဗိုလ်ကြီးထက်မောင်၊ မောင်ထက်နောင်ကျော်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၁၃-၁၂-၂၀၁၇ ရက်နေ့ နံနက် ၁၁း၀၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၇-၁၂-၂၀၁၇ မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (၉/၄၁၊ ကံ့ကော်လမ်းနှင့် အာသောကလမ်းထောင့်၊ OK ဆန်ပွဲရုံ၊ ဘုရင့်နောင်ပွဲရုံများ နယ်မြေရှိ နေအိမ်တို့မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး
ဒေါ်စန်းစန်းမြင့်
အသက် (၅၈) နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ အမှတ် (၁၆/၅-ခ)နေ (ဦးမြင့်-ဒေါ်ခင်ထွေး)တို့၏သမီး၊ ဦးဇေယျ (ရွှေဝါဖူး-သယ်ယူပို့ဆောင်ရေး)၏ ဇနီး၊ မောင်နေလင်းထွန်း-မဝတ်ရည်အေး(ခေတ္တ-စင်ကာပူ)၊ မောင်သန်းပြည့်စိုး-မဇာခြည်ဝင့် (ထ-၂၊ စမ်းချောင်း)၊ မောင်အောင်မြင့်မြတ်-မလဲ့ဇေယျာမြင့်၊ မောင်သန်းကျော်ထွန်း-မအေးဇေယျာမြင့်၊ မထွေးဇေယျာမြင့် တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွား၊ ဦးသန်းမြင့်-ဒေါ်ခင်မြမြတို့၏အစ်မသည် ၁၄-၁၂-၂၀၁၇ (ကြာသပတေးနေ့) ည ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၂-၂၀၁၇ (စနေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၂-၂၀၁၇ ရက် နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်မြတ်မွန်
အသက် (၅၇) နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၇ လမ်း၊ အမှတ် (၁၃၇)၊ ခြောက်လွှာနေ (ဦးတာစိန်-ဒေါ်တင်လှိုင်) တို့၏သမီးလတ်၊ ဦးဟုတ်စိန်-ဒေါ်ရဲမေကြည် တို့၏ သမီးချွေးမ၊ ဦးတင့်-ဒေါ်အုန်းသိန်းတို့၏ တူမ၊ ဦးပု-ဒေါ်မြင့်မြင့်သန်း၊ ဦးမြတ်ကို-ဒေါ်အေးသူဇာတို့၏ ညီမ၊ ဦးခေတ်ကို-ဒေါ်ခင်ခင်ဝင်း၊ ဦးမြင့်ကို-ဒေါ်မီမီစန်း(ခ)ဒေါ်သီတာ၊ ဦးစိုးမင်း-ဒေါ်မြင့်မြင့်ခိုင်တို့၏ အစ်မ၊ တူ/တူမ (၁၅)ယောက်တို့၏ ဒေါ်လေး၊ ဦးယုအောင်၏ ဇနီး၊ မဆွေလင်းနန္ဒာ၏ မွေးသမိခင် ကျေးဇူးရှင်သည် ၁၄-၁၂-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၂-၂၀၁၇ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများ အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
ဦးစိုးနွယ်ဦး
အသက် (၁၀၀)

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၇၈) ရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ အမှတ်(၆၉၅/၆၉၆) နေ ဦးဦးသိန်းမောင်၊ ဒေါ်စောသိန်းဖြူ ဒေါ်စောညွန့်သာ၊ ဒေါ်မသိန်းနု၊ ဦးလှမောင်စော၊ ဒေါ်ညိုညိုအောင်တို့၏ချစ်လှစွာသော ဖခင်၊ မြေး ၂၈ ယောက်တို့၏ အဘိုး၊ မြစ် ၄၃ ယောက်တို့၏ အဖီး၊ တီရှစ်ယောက်တို့၏ အဖူးသည် ၁၄-၁၂-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၂-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ကျိုက်စုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၇၈)ရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ အမှတ်(၆၉၅/၆၉၆)နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးဖေအုန်း
အသက် (၈၀)
P.I.C (မြန်မာ့ရေနံကော်ပိုရေးရှင်း-ငြိမ်း)

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ဟုမ္မလင်းမြို့နေ (ဦးဘိုတင်-ဒေါ်အေး) တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ (၉၄)ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊ (၁၅)လမ်း (အေ)၊ တိုက်(၉)၊ အခန်း(၃၀၁)နေ ဒေါ်ထွန်းထွန်း၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုအောင်မျိုး-ဒေါ်နွယ်နွယ်ထွန်း၊ (မောင်အာကာ)၊ မောင်သူရိန်ထွန်း-မလဲ့လဲ့၊ မောင်ဘိုဘိုလင်း-မသန္တာထွန်းတို့၏မွေးသဖခင် ကျေးဇူးရှင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၄-၁၂-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၄း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၂-၂၀၁၇ (စနေနေ့) နံနက် ၁၁ နာရီတွင် ကျိုစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

မြိတ်မြို့နယ်အသင်း (ရန်ကုန်)
ဦးဂင်ကြူ (မြိတ်)
အသက်(၇၃)နှစ်
အသင်းဝင်အမှတ်(၆၃၆၀)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅) ရပ်ကွက်၊ ရန်ရှင်းလမ်း၊ ရွှေအုန်းပင်အိမ်ရာ(၂)၊ တိုက်(၃၁)၊ အခန်း(၃၁)နေ ဒေါ်မြဝင်း၏ ခင်ပွန်းသည် ၁၄-၁၂-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၂-၂၀၁၇ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (မြိတ်အသင်းမှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဗိုလ်ကြီးကျော်ဝင်း(ငြိမ်း) (ပျော်ဘွယ်)
အသက်(၆၉)နှစ်
A-G-T-I (Mining) (ကလော) ဆလအခွဲ (၉၅၄)၊ စတိုး

ပျော်ဘွယ်မြို့နယ်၊ မြောက်ညောင်ကုန်းရွာနေ (ဆရာကြီးဦးတင်-ဒေါ်ဆိုး) တို့၏ သား၊ (ဦးကျော်လှ-ဒေါ်ရင်)တို့၏ သားသမက်၊ ဦးတင်လှိုင်-ဒေါ်ခင်ရွှေ တို့၏ ညီ/မောင်၊ (အရာခံဗိုလ်ခင်မောင်သန်း)-ဒေါ်အေးအေးမြင့်တို့၏အစ်ကို၊ အမှတ်(၅၉၀/၅၉၂)၊ ဗိုလ်မှူးဗထူးလမ်း၊ (၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်းမြို့နယ်)နေ မဝင်းသင်ဇာ၊ မအေးသင်ဇာ၊ မဖြိုးသင်ဇာ၊ မောင်ပြည့်စုံ-မနှင်းဝေလွင်တို့၏ မွေးသဖခင်၊ (ဒေါ်တင်အုန်း)၏ ခင်ပွန်းသည် ၁၄-၁၂-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၃း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၂-၂၀၁၇(စနေနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ သိမ်၊ ကျောင်း၊ ရေကန်၊ မုခ်ဦး၊ စိန်ဖူးတော် ဒါယကာကြီး
ဦးကျော်သိန်း
အသက် (၉၅) နှစ်

မန္တလေးမြို့၊ မဟာဇေယျာဘုံအရှေ့၊ ရေစစ်ကန်အရှေ့တောင်ထောင့် ၂၄ လမ်း၊ ၅၈လမ်း×၆၀ လမ်းကြား၊ အရှီးတောင်းခြံနေ နိုင်ငံ့ဂုဏ်ရည် ဒုတိယဆင့်၊ လွတ်လပ်ရေးမော်ကွန်းဝင်-ဒုတိယဆင့်နိုင်ငံကျော်အရှီးတောင်း လက်ဖက်နှင့် ပဲကြော်စုံလုပ်ငန်းပိုင်ရှင်၊ (ဒေါ်ကြွယ်ကြွယ်) ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာဦးတင်နု-ဒေါ်မြင့်မြင့်သိန်း၊ ဦးဇော်ဟိန်း-ဒေါ်တူးတူးမာ၊ ဒေါက်တာဦးခင်မောင်တင်-ဒေါ်ဝင်းမာသိန်း၊ (ဦးဉာဏ်သိန်း)-ဒေါ်နီနီသက်တင်၊ ဦးသိန်းမြင့်-ဒေါ်ခင်တိုးဥမ္မာတို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၅ ယောက်၊ မြစ်ခုနစ်ယောက်တို့၏ ဘိုးဘိုးကြီး၊ အင်္ဂလန်-ဘာမင်ဂန်မြို့မှ စေတီထီးတော်၊ မဟာသန္တိသုခကျောင်းမှ ဂန္ဓကုဋီတိုက်၊ အမြင့်မြို့နယ်-တိုက်နယ်ဆေးရုံခွဲစိတ်ခန်း၊ မင်းကွန်း ဓမ္မနာရကျောင်းတိုက်အတွင်း-အင်္ဂုတ္တရနိကယ်ကျောင်း၊ စစ်ကိုင်း သီတဂူမျက်စိခွဲစိတ်ဆောင်၊ စစ်ကိုင်း-မန်းကျည်းချောင်၊ ဂန္ဓာကုဋီတိုက်၊ ဆရာဝန်လေးဦး၊ ဗိသုကာအင်ဂျင်နီယာ ရှစ်ဦးတို့၏ ပညာသင်ကုသိုလ်ရှင်၊ (မိတ္ထီလာ-နမ့်ဆန်) စာသင်ကျောင်းများ ကုသိုလ်ရှင်၊ မန္တလေးပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (ဥက္ကဋ္ဌ-ငြိမ်း) ပြဟ္မစိုရ်လူမှုကူညီရေးအသင်းနာယက၊ ပထမပုဂ္ဂလိကဘဏ်(ဒါရိုက်တာ-ငြိမ်း)၊ မန္တလေးဘဏ်ခွဲကြီးကြပ်ရေးကော်မတီနာယက၊ အိုးဝေသတင်းထောက်ဟောင်း၊ သာသနာ့ဖခင်ကြီး ဦးကျော်သိန်းသည် ၁၅-၁၂-၂၀၁၇ (သောကြာနေ့) ညနေ ၆း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် အေးရိပ်ငြိမ် သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
ဒေါ်စက်ကြည်(ကျောက်ပန်းတောင်းမြို့)
သက်ကြီးကန်တော့ခံအဘွား
အသက် (၈၆) နှစ်

ကျောက်ပန်းတောင်းမြို့နေ (ဦးလှုံစပ်-ဒေါ်အေးညွန့်)တို့၏သမီး၊ (ဦးမြသန်း-ဒေါ်စက်ကွမ်)၊ (ဦးသက်ထွန်း-ဒေါ်မြင့်မြင့် သင်း)တို့၏ညီမ၊ ဦးမြသိန်း-ဒေါ်မြမြသိန်း၊ ဒေါက်တာဦးလှကြည်-ဒေါ်မမကြီးတို့၏အစ်မကြီး၊ တူ/တူမ ၁၆ ယောက်၊ မြေး ၂၀ ယောက်တို့၏အဘွားသည် ၁၅-၁၂-၂၀၁၇ ရက် နံနက် ၀၀း၂၀ နာရီတွင် ကျိုက္ကဆံအိမ်ရာ၊ တိုက်(၆)၊ အခန်း(၂) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၁-၁၂-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွ ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးမျိုးခိုင် (R/O)
ဒါးပိန်
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၃၄)၊ ဝတ်ကျောင်းလမ်းနေ (ဦးစိန်ဆွမ်း-ဒေါ်စိန်ညွန့်)တို့၏ သားထွေး၊ (ဦးဘကြည်)-ဒေါ်လှခင်၊ (ဦးကြင်လှိုင်-ဒေါ်ကြင်ဝှား)၊ (ဦးစိန်ထွေး)-ဒေါ်ကြင်ဘန်၊ (ဦးမျိုးအောင်-ဒေါ်စိန်ရီ) တို့၏ ညီ/မောင်၊ (ဒေါ်သင်းကြည်)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးစိုးမိုးအောင်-ဒေါ်ဖြူဖြူအောင်တို့၏ ဖခင်၊ မောင်အောင်ဘုန်းပြည့်စုံ၏ အဘိုးသည် ၁၄-၁၂-၂၀၁၇ ရက် ညနေ ၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၇ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၂-၂၀၁၇(ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်ခင်မမ
အသက်(၇၀)
ကျောင်းအုပ်(ငြိမ်း)၊ အမက(၁၁)၊ ဒလမြို့နယ်
သုတေသနဌာန၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဌာနချုပ် (ဝန်ထမ်းဟောင်း)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၅)ရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ်(၁၆၇)နေ (သခင်ရွှေ-ဒေါ်မြမြ)တို့၏ သမီး၊ (ဒေါ်ခင်မေကျင်)၏ ညီမ၊ ဒေါ်ဥပ္ပလဝဏ်ထေရီ ၏ အစ်မ၊ ကိုကြည်ရွှင်(SAMHO SHIPPING)-မနှင်းနှင်းအေး(စ-စ-စ)တို့၏ မိခင် ဒေါ်ခင်မမသည် ၁၄-၁၂-၂၀၁၇ (ကြာသပတေးနေ့) ည ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၂-၂၀၁၇ (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများမွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးကျော်ကျော် (အစိုးရအဖွဲ့ရုံး-ငြိမ်း)
အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ ဗဟိုလမ်းမကြီး၊ တိုက်အမှတ် (၇၇၅)၊ မြေညီထပ်နေ (ဦးအေးမောင်)-ဒေါ်ကြင်တို့၏သား၊ ဦးဖိုးချို-ဒေါ်ခင်ဝင်းမာ(ခ)ခင်မမတို့၏ မောင်၊ ဒေါ်ရီရီတင် (အနောက်ပိုင်းခရိုင်ပညာရေးမှူးရုံး)၊ ဦးထွန်းထွန်းအောင်-ဒေါ်သင်းသင်းလှိုင်တို့၏အစ်ကို၊ မတင်တင်ဦး၊ မတင်တင်ဝင်း၊ မဇင်မျိုးနွယ်တို့၏ ဦးလေးသည် ၁၃-၁၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၈း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၉-၁၂-၂၀၁၇ (အင်္ဂါနေ့) နံနက် ၅ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးအောင်ပြည့်
ကြည့်မြင်တိုင်
အသက်(၄၃)နှစ်

သံတွဲမြို့နေ (ဦးဖိုးစံ-ဒေါ်စောတင်)၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးလှဖေ)-ဒေါ်ရွှေရွှေတို့၏ မြေး၊ ပုလဲမြို့သစ်နေ (ဦးသိန်းအောင်-ဒေါ်ခင်ခင်အုံး)(အထက-၂၊ ကြည့်မြင်တိုင်)တို့၏ သားငယ်၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအနောက်ရပ်ကွက်၊ သာစုလမ်း၊ အမှတ်(၃၀)နေ (ဦးအေး)-ဒေါ်ဝင်းလှတို့၏ သားသမက်၊ ဦးဇာနည်စိန်ဝင်း-ဒေါက်တာဇီဇဝါ(ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဦးထိုက်ဝင်း - ဒေါ်ခင်သန်းရွှေ (တပ်မတော်ဆေးတက္ကသိုလ်) တို့၏ ညီ/မောင်၊ ဒေါ်စန်းစန်း၏ ချစ်လှစွာသောခင်ပွန်းသည် ၁၅-၁၂-၂၀၁၇ (သောကြာနေ့) နံနက် ၉း၀၅ နာရီတွင် Sakura ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၂-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

စာပေညီလာခံ (၂၀၁၇) (တတိယနေ့) ရန်ကုန်မြို့၌ ဆက်လက်ကျင်းပ စာပေအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ သက်ဆိုင်ရာခေါင်းစဉ်အလိုက် ပါဝင်ဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၁၅

"လွတ်လပ်သော စာပေ၊ လွတ်လပ်သော အသံ" ဆောင်ပုဒ်နှင့်အညီ ကျင်းပလျက်ရှိသည့် စာပေညီလာခံ(၂၀၁၇)(တတိယနေ့)ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၄)ရပ်ကွက် မင်းဓမ္မလမ်းရှိ မြန်မာ ကွန်ဗင်းရှင်းစင်တာ (MCC)ခန်းမ၌ ဆက်လက်ကျင်းပရာ စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အနှစ်သာရများ ပေါ်ထွက်လာစေရန် စာပေအဖွဲ့ အစည်းအသီးသီးမှ ပုဂ္ဂိုလ်များက သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ပါဝင် ဆွေးနွေးကြသည်။

ယနေ့ ညီလာခံတွင် အဖွဲ့လိုက် စာပေဆွေးနွေးပွဲများကို နေရာခြောက်ခု ခွဲ၍ ကျင်းပရာ နံနက်ပိုင်းတွင် သီးခြားအစုအဖွဲ့က "ခေတ်ပေါ်ကဗျာ ယဉ်ကျေးမှု" ခေါင်းစဉ်ကို ကဗျာဆရာ မောင်ကြူးရင့်က ဦးဆောင်ဆွေးနွေးပြီး ကဗျာဆရာ အိုအောင်၊ လှိုင်းထက်၊ မိုးကျော်အောင်တို့က လည်းကောင်း၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းက "အမျိုးသားယဉ်ကျေးမှု၊ အမျိုးသားစာ၊ အမျိုးသားကဗျာ တည်တံ့ရေး" ခေါင်းစဉ်ကို စာရေးဆရာ မောင်စိန်ဝင်း (ပုတီးကုန်း)က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ မောင်ခင်မင်(ဓနုဖြူ)၊ စမ်းစမ်းနွဲ့(သာယာဝတီ)၊ မြင်းမူမောင်နိုင်မိုး၊ မြေလတ်မောင်မြင့်သူတို့က လည်းကောင်း၊ မြန်မာစာရေးဆရာကလပ်က "စာပေနှင့် ပညာရေးဆက်နွှယ်မှု"ခေါင်းစဉ်ကို စာရေးဆရာ ကောင်းသန့်က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ ဂုဏ်ထူးဦးသိန်းနိုင်၊ ဒေါက်တာခင်မောင်ညို၊ ဦးဘုန်း(ဓာတု-မန္တလေး)၊ မောင်ဒီပ (ပညာရေး)တို့ကလည်းကောင်း၊ မြန်မာနိုင်ငံ ကဗျာဆရာသမဂ္ဂက "ခေတ်ပေါ်ကဗျာနှင့် အမျိုးသားစာပေဆု"ခေါင်းစဉ်ကို ကဗျာဆရာ မင်းထက်မောင်က ဦးဆောင်ဆွေးနွေးပြီး ကဗျာဆရာ မောင်သင်းခိုင်၊ ကိုရွှေ၊ လူပအောင်၊ စံညိမ်းဦး၊ ဝေဇော (မြစ်ဝကျွန်းပေါ်) တို့က လည်းကောင်း၊ မြန်မာနိုင်ငံ စာရေးဆရာသမဂ္ဂက "ယနေ့စာပေလောကတွင် အက်ဆေးခေါ် ရသစာတမ်း၏ အနေအထား" ခေါင်းစဉ်ကို စာရေးဆရာ ကြည်နိုင်က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ မောင်ရင့်မာ(ကျောင်းကုန်း)၊ မောင်ခိုင်လတ်၊ မင်းချမ်းမွန်၊ မြေလတ်မောင်မြင့်သူတို့က လည်းကောင်း၊ Pen Myanmar က "တိုင်းရင်းသားစာပေ၏ အခန်းကဏ္ဍ" ခေါင်းစဉ်ကို စာရေးဆရာမ မိချမ်းဝေက ဦးဆောင် ဆွေးနွေးပြီး စာရေးဆရာမ ခင်မမမျိုး၊ အဖြူရောင်(ရွှေ)၊ မိုးပန်းမွန် (ရာမည) တို့က လည်းကောင်း ခေါင်းစဉ်အလိုက် ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ စာရေးဆရာ သမဂ္ဂက "မျက်မှောက်ခေတ် မြန်မာ့ဝတ္ထုရှည် အခြေအနေ" ခေါင်းစဉ်ကို စာရေးဆရာမ မြနှောင်းညိုက

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖

စာမျက်နှာ ၉ ကော်လံ ၁ သို့

တန်ချိန်ပေါင်း သုံးသောင်းခန့်တင်ဆောင်နိုင်သည့် သင်္ဘောကြီးများ ဆိုက်ကပ်နိုင်မည့် ဆိပ်ကမ်းသစ် သီလဝါဆိပ်ကမ်း၌ တည်ဆောက်နေသည်ကို တွေ့ရစဉ်။

တစ်နှစ်လျှင် သွင်းကုန်၊ ထုတ်ကုန် တန်ချိန်တစ်သန်းခန့် ဆောင်ရွက်နိုင်မည့် ဆိပ်ကမ်းတည်ဆောက်

ရန်ကုန် ဒီဇင်ဘာ ၁၅

ကောက်ပဲသီးနှံအပါအဝင် ကုန်ခြောက်များကို အဓိကထား ဝန်ဆောင်မှုပေးနိုင်မည့် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းနှင့် သိုလှောင်ရုံများကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် သီလဝါဆိပ်ကမ်း မြေကွက် အမှတ်-၃၀၊ ၃၁ တွင် တည်ဆောက်လျက်ရှိရာ အဆိုပါတည်ဆောက်မှု ပြီးစီးပါက တစ်နှစ်လျှင် သွင်းကုန်၊ ထုတ်ကုန် စုစုပေါင်း တန်ချိန်တစ်သန်းခန့် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

"သွင်းကုန်၊ ထုတ်ကုန်စရိတ်တွေ သက်သာပြီး ပိုမိုအားကောင်းလာအောင် ရည်ရွယ်ချက်နဲ့ ဒီအဆောက်အအုံကို တည်ဆောက်တာပါ။ နိုင်ငံခြားကလာတဲ့ သင်္ဘောတွေဆီက ကုန်ပစ္စည်းတွေကို ဒီဆိပ်ကမ်းမှာချပြီး သိုလှောင်ရုံတွေကို ကားတွေနဲ့သယ်ပြီး သိမ်းထားမယ်၊ ပြီးမှ တစ်နိုင်ငံလုံးကို ပြန်ဖြန့်ချိပေးမှာပါ။ မြန်မာနိုင်ငံကထုတ်တဲ့ ကုန်ပစ္စည်းတွေကိုလည်း ဒီမှာလာသိုလှောင်ပြီးတော့ export လုပ်ပေးပါတယ်"ဟု Capital Diamond Star Group မှ Mr.Shuichi Sato က ပြောသည်။

အဆိုပါ အဆောက်အအုံကို ဂျပန်ကုမ္ပဏီတစ်ခုမှ ဆောက်လုပ်ခြင်းဖြစ်ပြီး ကက်ပီတယ်ဒိုင်းမွန်းကုမ္ပဏီနှင့် မီဆူဗစ်ရှီကုမ္ပဏီနှစ်ခုပေါင်း ၇၅ ရာခိုင်နှုန်းနှင့် Kamigumi ဂျပန်ကုမ္ပဏီမှ ၂၅ ရာခိုင်နှုန်း ပါဝင်ထားကာ ရင်းနှီးမြှုပ်နှံမှုအနေဖြင့် အမေရိကန်ဒေါ်လာ သန်း ၇၀ ကျော်ခန့်ရှိကြောင်း၊ အဆောက်အအုံကို ၂၀၁၇ ခုနှစ် ဧပြီလမှ စတင်တည်ဆောက်ပြီး နှစ်နှစ်အတွင်း ပြီးစီးရန်လျာထားကြောင်း သိရသည်။

စာမျက်နှာ ၈ ကော်လံ ၅ သို့ ❂

YBS ယာဉ်လမ်းကြောင်းသစ် သုံးခု တိုးချဲ့ပြေးဆွဲမည်

ရန်ကုန် ဒီဇင်ဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က တရုတ်နိုင်ငံမှ ဝယ်ယူထားသော ဘတ်စ်ကားသစ်များဖြင့် YBS ယာဉ်လမ်းကြောင်းသစ် သုံးခုကို ထပ်မံတိုးချဲ့ပြေးဆွဲမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

အဆိုပါ ယာဉ်လမ်းကြောင်းသစ် သုံးခုကို ယခင် လိုင်းနံပါတ်ရှိပြီးဖြစ်သော YBS ၄၃၊ YBS ၆၂ နှင့် YBS ၇၂ နံပါတ်တို့ဖြင့် ပြေးဆွဲသွားမည်ဖြစ်ပြီး လမ်းကြောင်း ခရီးစဉ်သစ်ဖြစ်ကြောင်း အဆိုပါ သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"YBS လမ်းကြောင်းသစ်ကတော့ သုံးခုပြေးဆွဲပေးမှာပါ၊ ၄၃ ယာဉ်လိုင်းကို အရင်ဆုံး ပြေးဆွဲပေးမယ်၊ လိုင်းနံပါတ်တွေကတော့ အသစ်မဟုတ်ဘူး၊ အရင်ရှိပြီးသား နံပါတ်တွေပါပဲ၊ လမ်းကြောင်းကတော့ အသစ်ပါ၊ ကား အသစ်တွေနဲ့ပဲ ပြေးဆွဲပေးမှာပါ၊ ခရီးသည်အနေအထား အပေါ် ကြည့်ပြီး

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❒

မွန်လူငယ်တို့ ချစ်ကြရာဝယ်

■ မောင်အောင်မွန်

လူငယ်တို့သည် အချိန်တန်အရွယ်ရောက်လျှင် ဘဝကြင်ဖော်ရှာကြစမြဲပင်။ လူပျိုလူရွယ်လေးများနှင့် အပျိုလေးတို့သည် ထင်းခွေရေခပ်ရင်းဆုံမိကြမည်။ ပွဲလမ်းသဘင်များတွင် မြင်မိကြမည်။ အလှူအတန်းများတွင် အတူလုပ်အားပေးမိကြမည်။

တစ်ယောက်ကိုတစ်ယောက် သိခွင့်ကြုံကြသည်။ မိတ်ဆက်ခွင့်ရကြသည်။ ခင်မင်အောင် ကြိုးစားကြသည်။ ထို့နောက် လူပျိုလေးများသည် မိမိနှစ်သက်မြတ်နိုးသူလေး၏ မေတ္တာကိုရယူနိုင်ရန် ရိုးရာဓလေ့ထုံးစံများဖြင့် လည်းကောင်း၊ အပျိုအိမ်သို့ မိသားဖသားပီပီ သွားရောက်စေ့စပ်ကြောင်းလမ်း၍လည်းကောင်း ကြိုးစားကြသည်။

မွန်လူပျိုလေးတို့၏ ချစ်ရေးဆိုရာ တစ်နည်းဆိုရသော် လူပျိုလှည့်ပုံကို လေ့လာကြည့်ကြပါစို့။

ရှေးခေတ်က မွန်လူငယ်တို့ လူပျိုလှည့်ကြပုံမှာ ယခုခေတ်နှင့်ယှဉ်ကြည့်လျှင် မဆိုထားနှင့် ယခုကာလမျက်စိဖြင့်ကြည့်လျှင်ပင် များစွာခြားနားလေစွ။ လူငယ်တို့၏ တိုက်ရိုက်တွေ့ဆုံမှုကို အခြေပြုသော်လည်း မိဘတို့၏ သဘောထားက အဓိကနေရာကပါဝင်သည်ဟု ဆိုရပေမည်။

ပြည်ထောင်စုတွင်း တိုင်းရင်းသားတိုင်းလိုလိုမှာပင် လူမှုဆက်ဆံရေးတွင် တစ်အိုးတစ်အိမ်ထူထောင်ရေးကို အလေးထားကြ၏။ အရွယ်ရောက်လာသူများအား တင့်တယ်လျောက်ပတ်စွာ အိမ်ထောင်ချပေးမှသာ မျိုးရိုးမတိမ်ကောနိုင်မည်မဟုတ်ပါလား။ သားရှင်ကလည်း ချွေးမကောင်းရှာကြမည်။ သမီးရှင်ကလည်း သမက်ကောင်းလိုချင်သည်။

မွန်ယောကျ်ားပျိုများသည် မွန်အချောအလှမလေးများ၏ ဘဝကြင်ဖော်ဖြစ်နိုင်ရန် ကြိုးစားကြရာဝယ် သမီးရှင်မိဘတို့၏ စမ်းသပ်မှုခံယူရမည်ကို သဘောပေါက်နားလည်ပြီးသားဖြစ်သည်။ ပြင်လည်းပြင်ဆင်ထားကြသည်သာပင်။ အထူးကဏ္ဍ [ခ] သို့ »»»

မွန်ရိုးရာဓလေ့မင်္ဂလာအခမ်းအနားပုံစံတူ သရုပ်ပြသစဉ်။
ဓာတ်ပုံ - ThihaSoe (မွန်ပြည်နယ်၏အလှအပများဖော့စ်ဘွတ်)

တောင်ဇလပ်ပွင့်သုပ် (ချင်းပြည်နယ်)

တောင်ဇလပ်ဆိုသည်နှင့် ချင်းပြည်နယ်ကို ရုတ်ခြည်းပင် သတိရမိမည်ဖြစ်သည်။ တောင်ဇလပ် အဖြူနှင့်အနီ နှစ်မျိုးရှိသည်။ ချင်းပြည်နယ် နတ်မတောင်၌မူ တောင်ဇလပ်အဝါရှိသည်ဟူ၍ကြားသော်လည်း မမြင်ဖူးသေးချေ။ တောင်ဇလပ်အဖြူနှင့် အနီပါ အသုပ်လုပ်၍စားနိုင်သော်လည်း အချဉ်ဓာတ်ပါသည့် တောင်ဇလပ်အနီကို လူကြိုက်ပိုများသည်။

တောင်ဇလပ်ကို အသုပ်လုပ်စားရာတွင် လတ်လတ်ဆတ်ဆတ် အပွင့်ရော အခြောက်လှန်းထားသည့် တောင်ဇလပ်ပွင့်ခြောက်ပါ နှစ်မျိုးလုံးအသုံးပြုနိုင်သည့် တောင်ဇလပ်ပွင့်ချပ်များကို သန့်စင်ပြီး ရေနွေးဖျောပါ။ ပွင့်ချပ်များပျော့ပျောင်းလာသည်အထိ အချိန်ယူ၍ ရေနွေးဖျောရသည်။ ပြီးက ရေအေးစိမ်၍ ရေညှစ်ပစ်ပါ။ ပြီးလျှင် အနေတော်လှီးပြီး ကြက်သွန်ဖြူ၊ နီ ဆီချက်လောင်း၍ ပုစွန်ခြောက်မှုန့်၊ ပဲမှုန့်နှင့် ဆားအနေတော်ထည့်၍သုပ်ပါ။ အစပ်ကြိုက်ပါက ငရုတ်စိမ်းတောင့်ညှပ်ထည့်ပြီး ရောသုပ်နိုင်သည်။ အရောင်အဆင်း၊ အနံ့၊ အရသာနှင့် ပြည့်စုံသော တောင်ဇလပ်ပွင့်သုပ်တစ်ခွက်ရပါပြီ။

စံလွင် (ငါးဦးစီး)

မွန်ရိုးရာဓလေ့မင်္ဂလာအခမ်းအနားပုံစံတူ သရုပ်ပြသစဉ်။
ဓာတ်ပုံ - ThihaSoe (မွန်ပြည်နယ်၏အလှအပများဖော့စ်ဘွတ်)

အထူးကဏ္ဍ [က] မှ »»»

သမီးရှင်တို့ကလည်း တစ်နေ့သောအခါ သမက်ရတော့မည်ကိုသိပြီးသားမို့ သမီးလေး စိတ်ချမ်းမြေ့စွာဖြင့် အိမ်တစ်ဆောင် မီးတပြောင် ထူထောင်နိုင်ရန် စေတနာထားပြီး သေချာစွာကြည့်ရှုလေ့လာပြီးမှသာ သဘောတူ လက်ခံတတ်ကြ၏။ တော် မတော်၊ သင့် မသင့်ကို အချိန်ယူချိန်ဆကြသည်။

သမက်လောင်းအား သမီးရှင်မိဘတို့က အဘယ်ပုံ အဘယ်နည်း ပြင်ဆင်အကဲဖြတ်သည်ကို လေ့လာကြည့်လျှင် အလွန်စိတ်ဝင်စားဖွယ်ကောင်းသည်ကို တွေ့မြင်ရပေမည်။

သဘာဝအတိုင်းပင် လူပျိုသည် အပျိုမလေးရှိရာသို့ သွားရောက်ပိုးပန်းရ၏။ မိမိက နှစ်သက်မြတ်နိုးနေသည့် မိန်းမငယ်လေးနှင့် အသိမဖြစ်သေးပါက ဦးစွာ ထိုမိန်းမပျိုလေးနှင့် ခင်မင်ရင်းနှီးသော လူပျိုလေးများကို ဦးစွာရှာရသည်။ သူတို့ကို အားကိုးရသည်။ သူတို့ကို အဖော်ခေါ်ကာ အိမ်အလည်သွားရ၏။ ပထမ မိတ်ပင်ဆက်ချင်မှ ဆက်မိမည်။ မိန်းကလေးကလည်း မှတ်မိချင်မှ မှတ်မိမည်။ သုံးကြိမ်ခန့်ကြာတော့ မျက်မှန်းတန်းမိလာသည်။

အလှူပွဲများ၊ ဇာတ်ပွဲများ၊ သင်္ကြန်ပွဲများတွင် တွေ့ဆုံဖူး၍ မျက်မှန်းတန်းမိသူဖြစ်လျှင်လည်း အရဲစွန့်ကာ တစ်ယောက်တည်း အလည်သွားလို့ရသည်။ အချစ်ရေးကို ရနိုင်မရနိုင်ခြင်းကတခြား ယဉ်ကျေးစွာတော့ လက်ခံလေ့ရှိ၏။ မိတ်ဆွေဖြစ်သဘောဟု ဆိုရလေမလား။

အရွယ်ရောက်သော မိန်းမပျိုရှိလျှင် မိဘတိုင်းက မျှော်လင့်တွေးဆပြီးသားမို့လည်း ပြင်ဆင်ထားရ၏။ လူပျိုလှည့်ရန် လာမည့်ကာလသားအား မိမိတို့၏သမီးက ဧည့်ခံစကားပြောရန် သင့်လျော်မည့်နေရာကို စီစဉ်ထားရသည်။ ဧည့်ခန်းကိုပေးလိုက ပေးနိုင်သည်။ သို့မဟုတ် ကွပ်ပျစ်တစ်ခုလောက် ထားရှိရသည်။

ကွမ်းအစ်ထားပေး၏။ ကွမ်းစားပါလေ။ ဆေးလိပ်တည်ထားပေး၏။ သောက်ပါလေ။

မောင်ကြီး နှမအပါးမှာရှိနေသည်ကို ပီတိဖြစ်ရုံနှင့် ကျေနပ်ပြီလား။ ကွမ်းစားနိုင်ပါသည်။ ဆေးလိပ်လည်း သောက်နိုင်ပါသည်။ ကွမ်းတဝါးဝါး၊ ဆေးလိပ်တဖွားဖွားနှင့် စကားပြောလည်း ရပါသည်။ တစ်ခုတော့ရှိ၏။ နှီးဝါးပိုင်းများ၊ ခါးထက်ထက်တစ်ချောင်း၊ ဖျာပြီးလက်စနှီးများ အသင့်ထားရှိသည်ကိုလည်း သတိမမူဘဲ မနေပါနှင့်။

လူပျိုလေးရောက်လာပါက သမီးရှင်၏ အဖေ မရှိသည်က များ၏။ သို့မဟုတ် ရှိနေပါကလည်း မကြာမီ အပြင်ထွက်သွားတတ်သည်။ အမေကတော့ မလှမ်းမကမ်းတွင် တစ်ခုခုလုပ်ကိုင်ရင်း ရှင်းနေတတ်သည်။ အမေက ဗိုင်းငင်နေ၍ မျက်စိက ချည်ကိုသာ မြင်နေမည်ဟု မထင်လိုက်ပါနှင့်။ မကြည့်ဘဲ အကုန်မြင်နေရသည်။ ဖျာရက်နေပေမယ့် မျက်စိ၊ နား အာရုံအားလုံးက မိမိတို့ဆီ ရောက်နေသည်ကို ရိပ်မိရမည်။

တစေ့တစောင်း အကဲခတ်နေသည်။ တန်ဖိုးဖြတ်နေသည်။ အမှတ်ပေးနေသည်။ အောင်မှတ်ရရန်ကြိုးစားပါတော့ ကိုလူပျို။

ကွမ်းအရင်စားမိပါက မိခင်သည် ဘယ်သူမျှမမြင်အောင် လှောင်ပြုံးပြုံးလိုက်မည်။ ဆေးလိပ်အရင်သောက်ပါက မဲ့လိုက်ပေမည်။ စကားတဖောင်ဖောင် ဆက်ပြောနေပါလျှင် ထိုလူငယ်သည် အလုပ်ထက် အစားကို မက်မောသူ၊ အလုပ်ထက် စကားကိုသာ ပြောနေမည့်သူဟု ယူဆကာ အထင်မကြီးချင်တော့။

ကိုလူပျိုလည်း ပထမအစမ်းမှာပင် စာမေးပွဲရှုံးနိမ့်လေပြီ။ အကယ်၍ လူငယ်ပျိုသည် ခါးကိုကောက်ကိုင်ကာ ဝါးပိုင်းကိုခွဲပြီး နှီးဖျာမည်ဆိုပါက မိခင်က ကျေနပ်ပြုံးပြုံးလိမ့်မည်။ သို့မဟုတ် ဖျာပြီးသားနှီးများဖြင့် တောင်းဖြစ်စေ၊ ပလုံးဖြစ်စေရက်ပါက ပိုမိုကျေနပ်ပေလိမ့်မည်။ သူပြန်သွားတော့မှ သူ့လက်ရာ ဘယ်လောက်ကောင်းသည်ကို အကဲခတ်မည်။ သမီးတို့အဖေကိုပြကာ တိုင်ပင်မည်။ လက်ရာဘယ်လောက်မြောက်သနည်း။ ဘယ်လောက်ကျွမ်းကျင်သနည်း။

သမက်လောင်းကလည်း သူ့အစွမ်းအစ သူ့အရည်အချင်းကို ပြသခြင်းဖြင့် ရင်တွင်းက နေပြီး သူသည် အိမ်ထောင်တစ်ခုကို အဘယ် အတိုင်းအတာအထိ ဦးဆောင်နိုင်ကြောင်း ပြောလျက်ရှိသည်။

တောင်းပလုံးရက်၍ နှီးဖျာတတ်ရုံနှင့် အိမ်ထောင်ဦးစီးကောင်းတစ်ယောက် ဖြစ်ရရောလားဟု မေးချင်ကောင်း မေးချင်ကြပေမည်။ ထိုတစ်ခုလောက်ကို သင်ထားလိုက်လည်း ဖြစ်သည်ဟုလည်း တွေးမိကောင်း တွေးမိကြပေမည်။ ရှေးခေတ်က လူငယ်များကလည်း ရိုးသားကြသည်။ လူကြီးများကလည်း အကွက်မြင်ကြသည်။

ရှေးကတည်းက မွန်အမျိုးသားတို့သည် စိုက်ပျိုးရေးကိုသာ အဓိကစီးပွားရေးအဖြစ်ထားကြ၏။ လက်ယာကိုင်းကျွန်း လုပ်ကိုင်စားသောက်ကြသည်။ နှီးဖျာခြင်း၊ တောင်းထိုးခြင်း၊ ပလုံးရက်ခြင်းတို့ကား ဝါးကိုနိုင်မှသာ ပြုလုပ်နိုင်မည်။ ဝါးကိုနိုင်ခြင်းသည် တောင်ယာလုပ်ငန်းကို တစ်စိတ်တစ်ဒေသအားဖြင့် နိုင်ခြင်းဟု မှတ်ယူကြ၏။

မိမိတို့၏သမီးကို မိဘတိုင်းလိုက ဆင်စီးပြီး မြင်းရံသည်ကိုသာ မြင်လိုကြသည်မဟုတ်ပါလား။ ထို့ကြောင့်လည်း မွန်အမျိုးသားတို့သည် အိမ်ထောင်တစ်ခု၏ အသက်သွေးကြောဖြစ်သည့် စီးပွားရေး၊ တစ်နည်းဆိုရသော် သားမယားအား ဝဝလင်လင်ရှာကျွေးနိုင်စွမ်းရှိမရှိကို ဦးစားပေးစဉ်းစားကြခြင်း ဖြစ်သည်။

လူပျိုသည် စကားပြောရာတွင်လည်း ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုကြရသည်။ အပျိုမလေးနှင့်သာ ပြောနေသည်ကားမှန်၏။ သို့သော် အမေကြားနိုင်သည်။ ကြားလည်းကြားသည်။ ရိုင်းရန်ဝေးစွ မှားလို့ပင်မဖြစ်။ စကားအရာမှာသာ ပါးနပ်လိမ္မာရမည်မဟုတ်။ ဗဟုသုတကြွယ်ဝရန်လည်း အရေးကြီးလေ၏။ အဘယ်ကြောင့်ဆိုသော် လူပျိုလာလှည့်သောကိုလူပျိုအား အပျိုမလေးက စကားထာဝှက်၍ ပညာစမ်းလေ့ရှိသောကြောင့်တည်း။

မွန်တိုင်းရင်းသားတို့သည် စကားထာဝှက်ခြင်းကို အလွန်နှစ်သက်ကြသည်။ အလွန်ရှေးကြသော ခေတ်ကတည်းက အပျိုမလေးနှင့် လူပျိုလေးတို့ စကားထာဝှက်ကြသည်ကို မှတ်တမ်းမှတ်ရာများဖြင့် ထားကြ၏။ မွန်တို့သည် လင်္ကာကိုလည်း အလွန်မြတ်နိုးကြ၏။ ထို့ကြောင့် အပျိုမလေးက စကားထာဝှက်ရာဝယ် ရိုးရိုးစကားပြေဖြင့်မမေးဘဲ လင်္ကာဖြင့်သာ မေးသည်။ လင်္ကာဆိုသည်မှာလည်း စပ်ဆိုခြင်းမဟုတ်ဘဲ နှုတ်မှအလိုလိုထွက်ရုံနှင့် လင်္ကာဖြစ်နေခြင်းတည်း။

စကားထာ၏အဖြေကိုသိသော လူပျိုလေးသည်လည်း လင်္ကာဖြင့်သာ ပြန်ဖြေရသည်။

လူပျိုလှည့်ခွင့်ရကာမျှနှင့် မိန်းမငယ်လေး၏ မေတ္တာကိုရပြီဟု မမှတ်ယူလေနှင့်။ အစမ်းသပ်ခံခွင့် စာမေးပွဲဖြေခွင့်ရခြင်းမျှသာ ရှိသေးသည်။ စကားထာဝှက်ခြင်းကလည်း အဖြေမှုကွဲများ ရှိနိုင်သည်။ မိမိဘက်က မှန်သည်ဟုထင်သော်လည်း မိန်းမပျိုက ဘယ်မှုနှင့် အဖြေပေးနိုင်မည်မသိနိုင်။ ထို့ကြောင့် အပိုင်တွက်၍မဖြစ်။

တစ်ကြိမ် အဖြေမှန်သွားပြီးနောက် လာမည့်အကြိမ်များတွင်လည်း ဆက်မှန်သွားရန် လိုသည်။ မိန်းမပျို စိတ်မပြောင်းဘဲ တစ်ဆင့်ဆင့်ကြီးထွားလာသည့် မေတ္တာကို ဖန်တီးယူနိုင်ရမည်။ လူငယ်တို့ချင်း ချစ်သွားကြသည့်တိုင် မိဘတို့၏ သဘောတူမှုကိုရရန် များစွာလိုပေသေးသည်။

စေ့စပ်ကြောင်းလမ်းခြင်း၊ လက်ထပ်ထိမ်းမြားခြင်းတို့အကြောင်းကို ရေးပါက မဆုံးနိုင်။ သီးခြားထားရပါမည်။ လူငယ်တို့ချင်း ချစ်ရေးဆိုကြခြင်း တစ်နည်းဆိုရသော် အပျိုမလေးထံ လူပျိုလေးက လူပျိုသွားလှည့်ပုံ အကြောင်းကိုသာ ထင်ပြနေခြင်းဖြစ်သည်။

အပျိုမလေးထံသို့ လူပျိုကာလသားက လူပျိုလှည့်သော အလေ့အထကလည်း လူမျိုးတိုင်းမှာရှိကြသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားများကိုလည်း ကြည့်ပါ။ ကချင်တို့မှာလည်း သူ့နည်းနှင့်သူရှိကြသည်။ ကယားလူငယ်မောင်မယ်တို့ တွေ့ဆုံချစ်ခင်စုံမက်ရန် အခွင့်အလမ်းရှိသည်။ ကရင်လူပျိုလေးများ လူပျိုလှည့်ကြမည့် ဓလေ့ထုံးစံရှိသည်။ ချင်းလူငယ်တို့၏ လူပျိုလှည့်နည်းကား ပျော်စရာအကောင်းဆုံးဟု ဆိုကြသည်။ ရခိုင်တို့မှာလည်း နည်းလမ်းရော ထုံးတမ်းစဉ်လာပါရှိကြသည်သာပင်။ ရှမ်းတို့မှာလည်း ဘိုးစဉ်ဘောင်ဆက်ကတည်းက လူပျိုလှည့်နည်းကို မှတ်ယူကျင့်သုံးကြ၏။

မွန်တို့၏ လူပျိုလှည့်နည်း အမျိုးမျိုးရှိကြသည့်အနက် ခြောက်မျိုးခွဲခြား၍ရကြောင်း ပညာရှင်တစ်ဦးက သူ၏ သုတေသနစာတမ်းတွင် ဖော်ပြထားသည်ကို ဖတ်ဖူးပါသည်။ ရှာဖွေဖော်ထုတ်ကြပါက ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ထပ်ပေါ်လာမည်သာတည်း။

လူပျိုလှည့်ရင်း စကားထာဝှက်ခြင်းဘက် ပြန်လှည့်ကြပါစို့။

လူပျိုလေးတစ်ယောက်က အပျိုမလေးအိမ်ကို အလည်သွား၍ လူပျိုလှည့်ခြင်းမှ ပေါ်ထွက်လာမည့်အဖြေကို သက်ဆိုင်ရာ ကာယကံရှင်နှစ်ယောက်သာမက အများတကာကလည်း စိတ်ဝင်စားကြ၏။ အထူးသဖြင့် ဘဝတူ အပျိုလူပျိုများက ပိုသိချင်ကြသည်။ အပျိုမလေးများက နောက်မှသာ တစ်ဆင့်စကားဖြင့် သိနိုင်ကောင်း သိနိုင်ပါလိမ့်မည်။ ကာလသားတို့ကမူ သူတို့၏ဇာတ်လိုက်ကြီး အပြန်ကို စောင့်နေကြသည်။ အောင်နိုင်လာပါက အောင်ပွဲခံကြမည့်သူများလည်း ရှိမည်။ ရှုံးနိမ့်ပါက အစားဝင်ရန် ဟန်ပြင်နေကြသူများလည်း ရှိမည်။

စကားထာအဖြေပေးလိုက်သော ကိုလူပျိုကလည်း ရင်တမမနှင့်။ အပျိုမလေးက ကျေနပ်နှစ်သက်ပါလျှင် ကျောက်ပြင်ကိုယူပြီး အမွှေးနံ့သာသွေးသည်။ ကိုလူပျိုဝမ်းတွင်း ဘုရားပွဲလှည့်နေပြီ။ ပြီးတော့ မိန်းမငယ်က ကျောက်ပြင်ထိုးပေးကာ လိမ်းပါဟု ဆိုသည်။ ကိုလူပျိုက ပါးနှစ်ဖက်တွင် ကွက်လိုက်သည်။ နှုတ်ဆက်ကာ ရင်ကော့ ဆင်းလာခဲ့သည်။ ဝမ်းသာကြပါကုန်။ စိတ်လျှော့ကြပါကုန်။ သွားမပိုးလေနှင့်တော့။ လူပျိုလှည့်ပွဲမှာ အောင်ပွဲခံခဲ့ပြီ။

အပျိုမလေးက လက်ခံချစ်တုံ့ပြန်လိုက်သောကြောင့်တည်း။

ဖိတ်ခေါ်ပါသည်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]

မူဆယ်၌ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု စာတမ်းဖတ်ပွဲ ပြုလုပ်

မူဆယ်   ဒီဇင်ဘာ ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်ဒေသအတွင်း မှီတင်းနေထိုင်ကြသော ဒေသခံ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုစာတမ်းဖတ်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၉ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး Community Center ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလိုင်စိုးသန့်က မိမိတို့ မြန်မာနိုင်ငံတွင် ရှေးပဝေသဏီအချိန်ကစပြီး အေးအတူပူအမျှ အတူနေထိုင်ကြသည့် ဌာနေတိုင်းရင်းသားမျိုးနွယ်စု ၁၃၅ မျိုးရှိပြီး ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းထဲမှ ယခု ရိုးရာယဉ်ကျေးမှုစာတမ်းများ ဖတ်ကြားကြမည်မှာ ကချင်၊ ကရင်၊ ချင်း၊ ဗမာ၊ ရခိုင်၊ ရှမ်း၊ လီဆူ၊ တအာင်း(ပလောင်) မျိုးနွယ်စုများ၏ ချစ်စရာ ရိုးရာယဉ်ကျေးမှုဓလေ့များကို သိရမည် ဖြစ်ကြောင်း ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူးက စာတမ်းဖတ်ပွဲကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် စာတမ်းဖတ်ပွဲသို့ တက်ရောက်လာသော ရှမ်း၊ ကချင်၊ တအာင်း(ပလောင်)၊ ဗမာ၊ ကရင်၊ ရခိုင်၊ ချင်းနှင့် လီဆူ အစရှိသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုတို့က မိမိတို့၏ မျိုးနွယ်စုအလိုက် သမိုင်းကြောင်းဆိုင်ရာ ရိုးရာယဉ်ကျေးမှုစာတမ်းများ ဖတ်ကြားတင်ပြခဲ့ကြသည်။

ဆက်လက်ပြီး ခရိုင်ပြည်သူ့စာကြည့်တိုက်တွင် ခင်းကျင်းပြသထားသော တိုင်းရင်းသား မျိုးနွယ်စုတို့၏ ပြတိုက်ငယ်အား အခမ်းအနားတက်ရောက်လာကြသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဖိုးမြတ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရိန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စာရေးဆရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၁၀ ခန့်တို့ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးသည့်သဘောဖြင့် ပါးစပ်ချင်းတေ့ကပ်ကာ ခွက်တစ်ခွက်တည်းနှင့် ခေါင်ရည်အတူသောက်သော လီဆူတိုင်းရင်းသားတို့၏ဓလေ့ထုံးစံ။ ဓာတ်ပုံ - ယိမ်းနွဲ့ပါး

အထူးကဏ္ဍ [ယ] မှ »»»

လီဆူအမျိုးသားတို့အတွက် အရေးပါဆုံး လက်နက်မှာ ဒူးလေးဖြစ်သည်။ ဒူးလေးကို ကာကွယ်ရေးနှင့် အမဲလိုက်ရေးတွင် သုံးသည်။ သာမန်လူတစ်ယောက်အဖို့ လီဆူ ဒူးလေးကို မောင်းတင်ရန်မှာ မလွယ်ကူလှချေ။ ဒူးလေးအတွက် အဆိပ်လူးမြားကိုသုံးပြီး ကိုက် ၃၀ အကွာတွင် မလွဲအောင်ပစ်ခတ်နိုင်စွမ်းရှိသည်။ ခြေသလုံးတွင် အဝတ်ပတ်ထားပြီး ရှေးက အမျိုးသား၊ အမျိုးသမီးတို့သည် ဖိနပ်စီးလေ့မရှိချေ။ ရှေးက လီဆူတို့သည် နတ်ကိုးကွယ်သည့် အလေ့အထရှိပြီး ဒုတိယကမ္ဘာစစ်မတိုင်မီ ပူတာအိုနယ်သို့ မော့(စ်) သာသနာပြုများ ရောက်လာသောအခါ ခရစ်ယာန်ဘာသာဝင်များ ဖြစ်သွားကြသည်။

လီဆူအမျိုးသား တစ်ယောက်သည် မိန်းကလေးတစ်ယောက်အား သဘောကျခဲ့လျှင် ကြားမှ အောင်သွယ်တစ်ဦးအား မိန်းကလေးမိဘများထံသို့ စေလွှတ်၍ စေ့စပ်ခိုင်းရသည်။ တစ်ဖက်မှ သဘောတူခဲ့လျှင် ယောကျ်ားလေးဘက်မှ နိုင်သမျှပစ္စည်းတင်၍ တောင်းရသည်။ တင်တောင်းရမည့် ပစ္စည်း အရေအတွက်နှင့် တန်ဖိုးကို ကြားမှလူကြီးများက ဆုံးဖြတ်ပေးကြသည်။ လက်မထပ်မီ စေ့စပ်ကြောင်းလမ်းသည့်အချိန်တွင် စရန်အဖြစ် တင်ကြို၍ပေးထားရသည်။ တစ်ခါတစ်ရံ သားချင်း အချင်းချင်းယူလျှင် တစ်ဖက်နှင့်တစ်ဖက် တင်တောင်းရမည့်ပစ္စည်းမှာ ကျေသွားပြီး ဘာမျှမပေးရတော့ချေ။

လက်ထပ်သောအချိန်တွင် သတို့သမီးအား သတို့သားဘက်မှ အမျိုးသမီးဆွေမျိုးများ ခြံရံ၍ သတို့သားအိမ်သို့ ခေါ်ဆောင်လာရသည်။ လက်ထပ်ပွဲပြီးသော နောက်တစ်နေ့တွင် ဆွေမျိုးမိတ်သင်္ဂဟတို့ကို ဖိတ်၍ကျွေးမွေးရသည်။ ရက်အနည်းငယ်ကြာသောအခါ ညားခါစလင်မယားသည် မိန်းကလေး၏ မိဘများအိမ်သို့ အလည်သွားကာ ကျွေးမွေးဧည့်ခံရပြန်သည်။ ထို့ကြောင့် လီဆူတို့၏ မင်္ဂလာပွဲသည် အကုန်အကျများသည်ဟု ဆိုနိုင်သည်။ မိန်းကလေးသည် သူ၏ အမျိုးသားအိမ်တွင် သားဦးမွေးဖွားသည်အထိ နေရသည်။ သားဦးမွေးဖွားပြီးမှ အိမ်သစ်ဆောက်၍ အိုးခွဲရသည်။ ရှေးအခါက မိဘများ သဘောတူမှ လက်ထပ်နိုင်ကြပြီး ယခုအခါ လူငယ်အချင်းချင်း မေတ္တာမျှလျှင် ယူနိုင်ကြသည်။ လင်ကွဲမယားကွဲ ထုံးစံမရှိချေ။

ရှေးက သံလွင်မြစ်ဝှမ်းတွင် နေထိုင်ကြသော လီဆူအချို့မှာ လက်ထပ်ပွဲကျင်းပပြီးသောအခါ သတို့သမီးနှင့် ၎င်း၏ မိဘများမှာ တောင်များပေါ်တွင် သွားရောက်ပုန်းအောင်းရသည်။ သတို့သားက လိုက်ရှာပြီးနောက် တောင်ပေါ်တွင် မနက်မိုးလင်းသည်အထိ နေရသည့် ထုံးစံရှိခဲ့သည်။ ကျိုင်းတုံနယ်ရှိ လီဆူ(လီရှော)တို့တွင် သတို့သမီးကို ၎င်း၏ မိဘများထံမှ ခိုးပြေး၍ တောထဲတွင် တစ်ရက်၊ နှစ်ရက် ပုန်းအောင်းပြီးမှ လက်ထပ်ပွဲကျင်းပသည့် ထုံးစံရှိခဲ့သည်။ အကျင့်စာရိတ္တကောင်းမွန်ကြသော လီဆူလူမျိုးတို့တွင် မိဘသဘောမတူဘဲ ခိုးရာလိုက်ပြေးခြင်း ထုံးစံမရှိချေ။

လီဆူတို့သည် ဆန်နှင့်ချက်သော ခေါင်ရည်ကို သောက်လေ့ရှိသူများဖြစ်သည်။ လီဆူတိုင်းရင်းသားတို့သည် တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးသည့်သဘောဖြင့် ပါးစပ်ချင်း တေ့ကပ်ကာ ခွက်တစ်ခွက်တည်းနှင့် ခေါင်ရည်အတူသောက်သော ထုံးစံရှိသည်။ အမျိုးသမီးအချင်းချင်း၊ အမျိုးသားအချင်းချင်း သာမက အမျိုးသမီးနှင့် အမျိုးသား တစ်ဦးနှင့် တစ်ဦး ရင်းနှီးသောသဘောဖြင့် ပါးစပ်ချင်း တေ့ကပ်၍ တစ်ခွက်တည်း အတူသောက်သည့် ဓလေ့ရှိရာ ဤထုံးစံကို အချစ်သောက်ပွဲဟုပင် ခေါ်ဆိုကြသည်။ နောက်ပိုင်းတွင် သာသနာပြုဆရာများ၏ ကန့်သတ်ချက်အရ ၎င်းထုံးစံ မတွေ့ရတော့ချေ။

လီဆူလူမျိုးတို့၏ ထူးခြားချက်မှာ ကြိုးဖြင့်တပ်၍ တီးမှုတ်ရသော မယ်ဒလင်ကဲ့သို့ တူရိယာကို အသုံးပြုကြသည်။ ယင်းကို လီဆူဘာသာဖြင့် ကြည်ဖွဲ့ဟု ခေါ်ဆိုသည်။ ထို့အပြင် မောင်း ခေါ် ပါးစပ်ဖြင့်ကိုက်၍ တီးမှုတ်ရသော ကြိုးတပ်တူရိယာတစ်မျိုး၊ ကြွေလို့ ခေါ် ပလွေရှည်နှင့် ထူလီထူ ခေါ်သော ပလွေတိုတို့ကို အသုံးပြုကြသည်။ အထက်ပါ တူရိယာများကို တီးမှုတ်ကြရင်း အမျိုးသား၊ အမျိုးသမီး မျက်နှာချင်းဆိုင်၍ တန်းစီကာ တီးကွက်အလိုက် ခြေကပြောင်း၍ ကပြကြသည်။ ထိုအကကို လီဆူဘာသာဖြင့် ချဲ့ပိုချဲ့ အကဟု ခေါ်ကြသည်။ လီဆူလူမျိုးတို့ အများအပြားစုမိသော နေရာတိုင်းတွင် တိုင်းရင်းသားရိုးရာ ကြည်ဖွဲ့အကကို မယ်ဒလင်သံ တဒန့်ဒန့်နှင့် ကကြသည်မှာ ပျော်စရာဖြစ်သည်။ ။

အထူးကဏ္ဍ [ယ] မှ »»»

ကယားအမျိုးသားများ၏ ဝတ်စားဆင်ယင်မှု

ရှေးအခါက ကယားအမျိုးသားများသည် အနီရောင်ဘောင်းဘီတိုနှင့် ရှေ့နောက်ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်၍ ချည်ငင်ပြီး ကိုယ်တိုင်ဂျပ်ခုတ်ရက်လုပ်ကာ ဝတ်ဆင်ခဲ့ကြသည်ဟု သိရသည်။ ရင်ကွဲအင်္ကျီကို ဝတ်ဆင်ကြသည်။ ဆံပင်အရှည်ထား၍ သျှောင်ထုံးကြသည်။ သို့သော် ယနေ့ခေတ်တွင် အနီရောင် သို့မဟုတ် ပန်းရောင်ခေါင်းပေါင်းများ ပေါင်းကြပြီး ခါးတွင် အနီရောင် သို့မဟုတ် ပန်းရောင်ခါးစည်းကို စည်းထားလေ့ရှိကြသည်။ အနက်ရောင်ဘောင်းဘီရှည်အပွနှင့် အဖြူရောင်ရှပ်အင်္ကျီ လက်ရှည်ပေါ်တွင် တိုက်ပုံအင်္ကျီကို ထပ်၍ ဝတ်ဆင်ကြသည်။ လွိုင်ကော်မြို့ပေါ်ရှိ ကယားအမျိုးသားများသည် များသောအားဖြင့် မြန်မာအမျိုးသားများကဲ့သို့ အရောင်မျိုးစုံ လုံချည်နှင့် ရှမ်းအင်္ကျီများကို မိမိတို့ ကြိုက်နှစ်သက်သလို ဝတ်ဆင်လေ့ရှိကြသည်။

ကယားအမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှု

ကယားအမျိုးသမီးများသည် ယခင်က ဆံထုံးထုံး၍ အနီရောင်ပဝါကို ပေါင်းလေ့ရှိကြသည်။ အနီရောင် သို့မဟုတ် အနက်ရောင် ခြုံထည်ကို အနားစွန်းနှစ်ဖက်ကို ပခုံးပေါ်တွင် လွှမ်းခြုံထားကြသည်။ အနက်ရောင် သို့မဟုတ် အနီရောင်ထဘီတိုကိုဝတ်၍ ခြေသလုံးတွင် သစ်စေးသုတ်ထားသော ချည်ကွင်းများ စွပ်ထားလေ့ရှိကြသည်။ နားတွင် ငွေနားဆွဲချွန်များဆွဲကြပြီး ငွေလက်ကောက်နှင့် ငွေလက်စွပ်များ ဝတ်ဆင်ကြသည်။ ကြိုးဖြင့်သီထားသော ငွေဒင်္ဂါးများကို လည်တွင်ဆွဲပြီး ခါးတွင် ပယင်းပုတီးနှင့် သန္တာပုတီးများကိုလည်း ဝတ်ဆင်လေ့ရှိကြသည်။

ယနေ့ခေတ်တွင် ကယားအမျိုးသမီးများသည် ကန့်လန့်စင်းအဆင့်လုံချည်ကို အရောင်အမျိုးမျိုး ရက်လုပ်ဝတ်ဆင်လာကြသည်ကို တွေ့ရသည်။ ထဘီအရောင်နှင့် လိုက်ဖက်မှုရှိသည့် အင်္ကျီ၊ ခါးစည်းနှင့် ခြုံထည်များကို ဘော်ကြယ်များဖြင့် အလှဆင်တီထွင်ချုပ်လုပ်ဝတ်ဆင်ကြသည်။ ။

ရိုးရာဝတ်စုံများ ဆင်မြန်းထားကြသည့် ကယားလူမျိုးများကို တွေ့ရစဉ်။
ဓာတ်ပုံ - အောင်ထွန်းလေး

လီဆူတိုင်းရင်းသားတို့၏ သဘာဝအလှ

■ မောင်မောင်ကျော်

